# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်၊ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

**အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။**

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 9 February 2021 ၁၀၂၈၃


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံတော်၏အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ပြောကြားသည့် မိန့်ခွန်း

**ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူများခင်ဗျာ**

တပ်မတော်ဟာ ခေတ်အဆက်ဆက် ပြည်သူနဲ့ပတ်သက်လာလျှင် **"ပြည်သူသာအမိ၊ ပြည်သူသာအဖ"** ဆိုတဲ့ ဆောင်ပုဒ်ကို ဦးထိပ်ထား ဆောင်ရွက်ခဲ့တဲ့အဖွဲ့အစည်းလည်းဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍကိုလည်း မဖောက်မပြန် ခိုင်ခိုင်မာမာ ရပ်တည်နေတဲ့ အဖွဲ့အစည်းလည်းဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာလျက်ရှိတဲ့ အဖွဲ့အစည်းတစ်ခုလည်းဖြစ်ပါတယ်။ တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက်ကပင် ပြည်သူတို့လိုလားတောင်းဆိုတဲ့ **"ပါတီစုံဒီမိုကရေစီစနစ်"** ကို ဆွေးနွေးညှိနှိုင်းခြင်း နည်းလမ်းများ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်ခြင်းနည်းလမ်း စတဲ့ နိုင်ငံရေးယဉ်ကျေးမှုများဖြင့် တည်ငြိမ်အေးချမ်းစွာ အသွင်ကူးပြောင်းပေးခဲ့ကြောင်း ဦးစွာပြောကြားလိုပါတယ်။

ပါတီစုံဒီမိုကရေစီစနစ်မှာ တရားမျှတပြီး လွတ်လပ်တဲ့ရွေးကောက်ပွဲများဟာ ဒီမိုကရေစီစနစ် ရေရှည်တည်တံ့ခိုင်မာစေရေးအတွက် အဓိကလိုအပ်ချက်ပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ တစ်တိုင်းပြည်လုံးသို့ ပြောကြားခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် နှစ်သစ်ကူးမိန့်ခွန်းမှာ **"၂၀၂၀ ပြည့်နှစ်ဟာ နိုင်ငံအတွက် အရေးကြီးတဲ့နှစ်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြုလုပ်မယ့်နှစ်ဖြစ်လို့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေဖို့ အရေးကြီးကြောင်း"** ထည့်သွင်းပြောကြားခဲ့ပါတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများဖြစ်စေရေး၊ နိုင်ငံရေးဆောင်ရွက်ရာမှာ အမျိုးသားအကျိုးစီးပွားကို အလေးထားပြီး ရိုးသားစွာဆောင်ရွက်ကြစေရေးအတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း ၃ နှစ်ပြည့် အခမ်းအနားမှာ **"တိုင်းရင်းသားအရေး၊ အမျိုးသားအကျိုးစီးပွားအရေးထက် ပိုအရေးကြီးတာမရှိဘူး၊ ရိုးသားတဲ့နိုင်ငံရေး၊ တရားမျှတတဲ့နိုင်ငံရေးကိုသာ လိုချင်ပါတယ်"** လို့ ပြောခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးမှာလည်း ဒီမိုကရေစီစနစ်တည်ဆောက်ရာမှာ **"ဥပဒေရဲ့အထက်မှာ မည်သူမျှမရှိ"** ဆိုတဲ့ စကားရပ်ဟာ ဒီမိုကရေစီအုတ်မြစ် တည်တံ့ခိုင်မြဲစေဖို့ အခြေခံလိုက်နာရမယ့်အချက်ဖြစ်သလို နိုင်ငံတည်ဆောက်ရေး(State Building)၊ တိုင်းပြည်တည်ဆောက်ရေး (Nation Building) ဆောင်ရွက်ရာမှာလည်း **"အမျိုးသားအကျိုးစီးပွား၏ အထက်မှာ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းမျှမရှိ"** ဆိုတာ ခံယူရမှာဖြစ်တယ်လို့ ပြောဆိုခဲ့ပါတယ်။ ဒါတွေပြောဆိုရခြင်းဟာ တပ်မတော်အနေနဲ့ ပြည်သူတို့ လိုလားတောင့်တပြီး အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ပါတီစုံဒီမိုကရေစီစနစ် ပိုမိုခိုင်မာပြီး စနစ်တကျ ရေရှည်တည်တံ့စေဖို့အတွက်ပဲ ဖြစ်ပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်သူလူထုသို့ မိန့်ခွန်းပြောကြားစဉ်။

**ကျွန်တော်တို့ အနေနဲ့ နိုင်ငံတော်ကို ခေတ္တထိန်းသိမ်းပေးထားတဲ့ ကာလအတွင်းမှာ နိုင်ငံခြားရေးမူဝါဒ၊ အုပ်ချုပ်ရေးနဲ့ ပတ်သက်တဲ့မူဝါဒ၊ စီးပွားရေးနဲ့ ပတ်သက်တဲ့မူဝါဒများ လုံးဝပြောင်းလဲသွားမှာ မဟုတ်ပါဘူး။ လက်ရှိသွားနေတဲ့ နိုင်ငံရေးလမ်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အတိုင်း မပြောင်းလဲဘဲ ဆက်လက်တည်ရှိပါမယ်။ ကမ္ဘာ့နိုင်ငံတိုင်းနဲ့ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသွားမှာ ဖြစ်ပါတယ်။**




ကြေးမုံ

# မေတ္တာဖြင့် အိမ်တွင်းငြိမ်းချမ်းမှုဆောင်

အိမ်တွင်းအကြမ်းဖက်မှုဆိုသည်မှာ မိသားစုဝင်များ သို့မဟုတ် မိသားစုနှင့် ဆက်စပ်ပတ်သက်သူများကြား ဖြစ်လေ့ရှိသည့် ကျဉ်းမြောင်းသော အကြမ်းဖက်မှုကို ဆိုလိုသည်။ အိမ်တွင်းအကြမ်းဖက်မှုသည် အသေးအမွှားမှ အစပြုပြီး ကြီးမားသည့် ဒုစရိုက်မှုပုံသဏ္ဌာန်အထိ ဖြစ်နိုင်ပါသည်။ သို့သော် အိမ်တိုင်းအိမ်တိုင်းတော့ မဟုတ်ပေ။ မေတ္တာတရားမပွားနိုင်သော အချို့မိသားစုတွင်း၌ ဖြစ်တတ်ကြသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေဆဲကာလ၌ မိသားစုများသည် နေအိမ်တွင်သာနေထိုင်ရသည့် အခြေအနေတွင် မူလစိတ်အခံကြောင့် သို့မဟုတ် ကိုယ်ကျင့်တရားမကောင်းသောကြောင့် သို့မဟုတ် စိတ်ကျဉ်းကျပ်မှုကြောင့် သို့မဟုတ် မိမိတို့စိတ်ထွက်ပေါက်မရသောကြောင့် စသည့်အကြောင်း တစ်မျိုးမျိုးဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ မိမိတို့၏စိတ်ကို မိမိတို့ကိုယ်တိုင် ထိန်းသိမ်းဆင်ခြင်ပြီး အိမ်တွင်းအကြမ်းဖက်မှု မည်သည့်နည်းနှင့်မျှ မဖြစ်စေရအောင် အထူးဂရုစိုက် ဝိုင်းဝန်းကာကွယ်ရမည်ဖြစ်သည်။

အိမ်တွင်းအကြမ်းဖက်မှုသည် ယခုကာလသာမဟုတ် များသောအားဖြင့် အားနည်းသောအမျိုးသမီးနှင့် ကလေးငယ်အချို့တို့သည် ဘဝဝဋ်ကြွေးသဖွယ် နေအိမ်အတွင်း မတရားအကြမ်းဖက်ခြင်းကို ပုံစံအမျိုးမျိုးဖြင့် ခံကြရသည်။ ထိုသို့သော မတရားနှိပ်စက်မှုကို ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ရမည်ဖြစ်သည်။ လူမှုဝန်ထမ်းဦးစီးဌာန ဥပဒေရေးရာ ကုစားရေးအဖွဲ့က ပြည်သူလူထုအား မည်သည့်အကြောင်းပြချက်နှင့်မျှ အိမ်တွင်းအကြမ်းဖက်မှု မကျူးလွန်ရအောင် အသိပညာပေးနှိုးဆော်တိုက်တွန်းသတိပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါဘေးကာလအတွင်း နေအိမ်တွင်သာနေထိုင်ရသော အစီအစဉ်ကြောင့် အခြေခံလူတန်းစားများအနေဖြင့် အလုပ်အကိုင်များ ခေတ္တရပ်တန့်မှုများနှင့် ကြုံကြရသည်။ အလုပ်အကိုင်များ ရပ်တန့်မှုကြောင့် ငွေကြေးအကျပ်အတည်းဖြစ်ပေါ်လာပြီး မိသားစုအတွင်း စားဝတ်နေရေး အခက်အခဲများ ဖြစ်ပေါ်လာတတ်သည်။ ထိုအခါ အိမ်တွင်းရေးတင်းမာမှုများ၊ ဖောက်ဖျက်မှုများ တိုးတက်ဖြစ်ပေါ်လာသည်။ အိမ်တွင်းရှိ အင်အားနည်းပါးသော အမျိုးသမီးနှင့်ကလေးသူငယ်များကို ဦးတည်ထိုးနှက် အနိုင်ကျင့်မှုများ ရှိတတ်သည်။

ယခုအချိန်ကာလတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားဆဲနှင့်အတူ ပြည်သူလူထုအတွင်း မတည်မငြိမ်ဖြစ်မှု၊ စားဝတ်နေရေး မပြေလည်မှုများကြောင့် စိုးရိမ်ပူပန်မှုများ တိုးလာနေပြီး စိတ်ဖိစီးမှုများ၊ မကျေနပ်မှုများ၊ အနိုင်ကျင့်မှုများ မိသားစုကြားတွင်ဖြစ်လာတတ်သည်။ ထိုအခြေအနေကို တားဆီးလျှော့ချနိုင်ရန် အိမ်တွင်း၌ အန္တရာယ်ကျရောက်နိုင်သည်တို့ကို သတိပြုခြင်း၊ အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းစသည့် မကောင်းသော အပြုအမူများ၊ အခြေအနေများကို သတိထားရမည်ဖြစ်သည်။ မိသားစုဝင်များကို စည်းရုံးခြင်း၊ ထိန်းသိမ်းခြင်း၊ ကြပ်မတ်ခြင်းတို့ပြုလုပ်ကြပြီး စည်းလုံးညီညွတ်စွာ နေထိုင်သင့်ပါသည်။ အကြမ်းဖက်မှုဖြစ်ခဲ့ပါက သက်ဆိုင်ရာသို့ အကြောင်းကြားရမည်ဖြစ်သည်။

မြန်မာ့ဓလေ့အရ အိမ်မှုကိစ္စများသည် အမျိုးသမီးများနှင့် သက်ဆိုင်သည်၊ မိသားစုကို ပြုစုစောင့်ရှောက်ရန်တာဝန်မှာ အမျိုးသမီးများနှင့် သက်ဆိုင်သည် စသည့် အကြောင်းပြချက်များသည် အမျိုးသမီးများအပေါ် ဝန်ပိစေသည်။ ရောဂါဘေးကြောင့် အိမ်တွင်းမှာပင်နေထိုင်ခြင်းနှင့် လှုပ်ရှားသွားလာမှုများကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုများ၊ လူမှုအဆက်အသွယ်ဆက်ဆံမှုများ ပြတ်တောက်ဖြစ်ပေါ်လာပြီး ပိုမိုအထီးကျန်မှုများ၊ စိတ်ထွက်ပေါက်ရှာမှုများမှ အိမ်တွင်းအကြမ်းဖက်မှုများ၊ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် ဖိနှိပ်မှုများ မဖြစ်စေရန် အထူးသတိပြုရမည်ဖြစ်သည်။

ယခုကာလအခြေအနေအရ အိမ်တွင်းအကြမ်းဖက်ခံရသူများအတွက် လူမှုဝန်ထမ်းဦးစီးဌာနက ပုံမှန်ထောက်ပံ့ကူညီပေးနေမှုများ အားနည်းသွားခြင်းနှင့် ဝန်ဆောင်မှုများကို လက်လှမ်းမီရရှိရန် ခက်ခဲသွားခြင်းများ ရှိနိုင်ပါသည်။ ထို့ကြောင့် မိမိတို့ပတ်ဝန်းကျင်တွင် အိမ်တွင်းအကြမ်းဖက်မှုဖြစ်ပွားနေသည်ကို သိရှိတွေ့မြင်နေရပါက မိမိတို့နှင့်မဆိုင်သလို ဆိတ်ဆိတ်မနေဘဲ ပူးပေါင်းကူညီဆောင်ရွက်ပေးရန် မေတ္တာရပ်ခံအပ်ပါသည်။ ဆက်သွယ်ရေးကောင်းမွန်နေသောကာလတွင် အိမ်တွင်းအကြမ်းဖက်မှုကို ကြုံတွေ့ခံစားရပါက မိမိယုံကြည်ရသူတို့ကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူနိုင်ပါသည်။ အိမ်တွင်းအကြမ်းဖက်မှုများအပါအဝင် အမျိုးသမီးနှင့် ကလေးငယ်များအပေါ် အကြမ်းဖက်မှုကိစ္စနှင့်ပတ်သက်၍ ဥပဒေအရဖြစ်စေ၊ အကူအညီအရဖြစ်စေ လူမှုဝန်ထမ်းဦးစီးဌာနကို အကူအညီတောင်းခံနိုင်ပါသည်။

သို့ဖြစ်ရာ မည်သည့်အကြောင်းပြချက်နှင့်မျှ အိမ်တွင်းအကြမ်းဖက်မှုများ မဖြစ်ပွားရန်၊ မကျူးလွန်မိရန် လိုအပ်ပါသည်။ ပုံမှန်အချိန်ကာလများတွင် မဖြစ်ပွားနိုင်အောင်ပြုလုပ်ရမည်ဖြစ်ပြီး ယခုကဲ့သို့ ကာလတွင် အိမ်တွင်းအကြမ်းဖက်မှုများ မဖြစ်ပွားအောင် မိသားစုဝင်များအဖို့ သတိပြုဆင်ခြင်ကြရပြီး ဖြစ်ပွားလာလျှင် အကြမ်းဖက်မှုတိုင်းအတွက် ကျူးလွန်သူတွင်သာ တာဝန်ရှိ၍ ပြစ်မှုကျူးလွန်သူသည် ဥပဒေနှင့်အညီ အရေးယူခံရမည်သာဖြစ်သည်။ ထို့ကြောင့် မည်သည့်အကြောင်းပြချက်နှင့်မျှ အိမ်တွင်းအကြမ်းဖက်မှု မကျူးလွန်ရအောင် အချင်းချင်း မေတ္တာတရားထားကြရမည် ဖြစ်ပါကြောင်း။ ။

## ၂၀၂၁ ခုနှစ်၊ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ “(၂၁) ရာစုပင်လုံ” မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေး။

(၄) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၅) အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များ ပြုစုပျိုးထောင်ရေး။




ညီညွတ်ခြင်းသည် စွမ်းအင် စည်းလုံးခြင်းလျှင် ခွန်အား ပြည်ထောင်စု၏ နှလုံးသား။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၈-၂-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၃၀၀ | ၉,၅၀၀ | ၄,၅၂၄ | ၄၂,၉၅၆,၀၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၅၀ | ၅,၅၇၅ | ၁၅,၅၅၅,၇၅၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၄ | ၃၂, ၀၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၆၀၀ | ၂,၅၀၀ | ၈ | ၂၀,၆၀၀ |
| EFR | ၃,၅၀၀ | ၃,၃၅၀ | ၄ | ၁၃,၈၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၈

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၁၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၉၆.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၈.၄၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၆.၉၃၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၆.၈၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၃၄၄ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၀.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၅၅.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၃၄.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၇၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလွဲသင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဦးဝေမင်းသူနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**✻ ရှေ့ဖုံးမှ**

ကျွန်တော်တို့နိုင်ငံဟာ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းပြီးနောက် ကြားဖြတ်ရွေးကောက်ပွဲများအပါအဝင် ရွေးကောက်ပွဲများကို ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၅ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်တို့မှာ ၄ ကြိမ်ကျင်းပခဲ့ပါတယ်။ ရွေးကောက်ပွဲများမှာ သာမန်အငြင်းပွားမှုတွေရှိခဲ့ပေမယ့်လည်း ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှအပ ကျန်ရွေးကောက်ပွဲများမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC) အနေနဲ့ ပွင့်လင်းမြင်သာစွာနဲ့ တရားမျှတစွာ ဖြေရှင်းပေးနိုင်ခဲ့ပါတယ်။ ဒါ့ကြောင့်လည်း နှစ်ဦးနှစ်ဖက်ကျေနပ်မှုများရှိခဲ့ပြီး ဒီမိုကရေစီခရီးကို ရှေ့ဆက်လျှောက်လှမ်းနိုင်ခဲ့ကြပါတယ်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာတော့ မဲဆွယ်ကာလကတည်းက နိုင်ငံရေးပါတီတွေရဲ့ မူဝါဒများကို မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားကထုတ်လွှင့်ရာမှာ UEC က Censor ဖြတ်တောက်မှုတွေ၊ COVID-19 အကြောင်းပြပြီး ကြိုတင်ဆန္ဒမဲပေးခြင်းများကို ကြေညာချက်အမျိုးမျိုးထုတ်ပြီး ဆောင်ရွက်ခဲ့တာတွေ၊ တရားမျှတတဲ့ မဲဆွယ်စည်းရုံးခွင့် မရရှိခဲ့တာတွေဟာ ရွေးကောက်ပွဲမတိုင်မီကတည်းက အငြင်းပွားစရာတွေ ဖြစ်ခဲ့ပါတယ်။ တပ်မတော်အနေနဲ့ကတော့ ကြိုတင်မဲများနဲ့ ပတ်သက်ပြီး ရက်ပေါင်း ၉၀ ထက်မနည်း မိမိနေရာဌာနရဲ့ ပြင်ပမှာ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေရတဲ့ တပ်မတော်သားတွေ၊ တပ်ပြင်ပ တာဝန်ထမ်းဆောင်နေရသူများကို စာရင်းတိတိကျကျပေး ဆောင်ရွက်ခဲ့ပါတယ်။ UEC က တပ်မတော်သားများနဲ့ မိသားစုဝင်များ မဲပေးတဲ့အခါမှာ မဲရုံတွေကို တပ်ပြင်တွေမှာပဲ ဆောင်ရွက်ရမယ်လို့ ပြောခဲ့ပါတယ်။ ဒါကို ကျွန်တော် ချက်ချင်းလိုက်နာခဲ့ပါတယ်။ ကျွန်တော်တို့အားလုံး ကျွန်တော်အပါအဝင် တပ်ပြင်ပမှာပဲ လွတ်လပ်စွာ ပြည်သူနဲ့တစ်သားတည်း မဲပေးခဲ့ပါတယ်။

ရွေးကောက်ပွဲအပြီးကာလမှာလည်း အငြင်းပွားမှုတွေ ဆက်တိုက်ဖြစ်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ နိုင်ငံရေးပါတီပေါင်း ၈၄ ပါတီဖြစ်ပါတယ်။ ကန့်ကွက်လွှာ တင်သွင်းထားတဲ့ အမှုပေါင်း ၂၁၇ မှုရှိပါတယ်။ နိုင်ငံရေးပါတီများအနေနဲ့ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး တရားမျှတမှုရှိစေဖို့ ဖြေရှင်းပေးဖို့ UEC ကို ရွေးကောက်ပွဲမတိုင်မီကတည်းက တောင်းဆိုမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သော်လည်း ဆောင်ရွက်ပေးခြင်းမရှိခဲ့ပါဘူး။ နိုင်ငံရေးပါတီများအနေနဲ့ နိုင်ငံတော်ရဲ့ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍမှာ ပါဝင်နေတဲ့ တပ်မတော်ကို အကူအညီတောင်းခံခဲ့ပါတယ်။ တပ်မတော်အနေနဲ့ မဲစာရင်းတွေကို စစ်ဆေးခဲ့ပါတယ်။ မြို့နယ်တစ်ခုချင်းအတွင်း ထပ်နေတဲ့မဲစာရင်းတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအတွင်းရှိ မြို့နယ်များအကြား ထပ်နေတဲ့ မဲစာရင်းတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအကြား ထပ်နေတဲ့ မဲစာရင်းတွေ၊ မဲမသမာမှုဖြစ်နိုင်တဲ့ အခြားမဲစာရင်းတွေ စုစုပေါင်း ၁၀,၄၈၂,၁၁၆ **(၁၀ သန်း ၄ သိန်းကျော်)** တွေ့ရှိခဲ့ပါတယ်။ အသက် ၁၈ နှစ် မပြည့်ဘဲ မဲစာရင်းတွင်ပါဝင်နေသူ ၁၁,၉၄၃ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူ ၄,၆၄၈,၂၇၀ ဦး **(၄ သန်း ၆ သိန်းကျော်)**နဲ့ အသက် ၁၀၀ နှစ်နှင့်အထက်မဲစာရင်း ၁၈,၃၅၆ ဦးပါဝင်ပါတယ်။ UEC အနေနဲ့ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းတွေ ထုတ်ပြန်ရာမှာလည်း အမျိုးမျိုးကွဲပြားနေတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၂၅ ရက်နေ့ထုတ်ပြန်ရာမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေဟာ ၃၇,၅၇၂,၅၂၁ ဦး **(၃၇ သန်း ၅ သိန်းကျော်)** ဖြစ်ပါတယ်။ အောက်တိုဘာလ ၂ ရက်နေ့ ထုတ်ပြန်ရာမှာတော့ ၃၈,၅၂၉,၁၉၈**(၃၈ သန်း ၅ သိန်းကျော်)**ဖြစ်ပါတယ်။ ရွေးကောက်ပွဲကျင်းပပြီးနောက်ပိုင်းကာလ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကတစ်ဆင့် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးများကို ပေးပို့တဲ့ စာရင်းများအရ ၃၉,၂၇၇,၂၁၄ **(၃၉ သန်း ၂ သိန်းကျော်)** ဖြစ်ပါတယ်။ ဒီဇင်ဘာလ ၁ ရက်နေ့ ထုတ်ပြန်ချက်မှာတော့ ၃၈,၂၇၁,၄၄၇ **(၃၈ သန်း ၂ သိန်းကျော်)**ဖြစ်ပါတယ်။ ဒီလိုအမျိုးမျိုးဖြစ်နေတာဟာ စဉ်းစားစရာ ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းက ရရှိတဲ့ မွေးနှုန်း၊ သေနှုန်း၊ ပြောင်းရွှေ့နှုန်းများကို အခြေခံပြီး လူဦးရေနည်းပညာနဲ့ ခန့်မှန်းတွက်ချက်ထားတဲ့ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်နေ့တွင်ရှိရမယ့် အသက် ၁၈ နှစ်နှင့်အထက် ခန့်မှန်းလူဦးရေစာရင်းမှာ ၃၆,၉၆၃,၆၅၉ ဦး **(၃၆ သန်း ၉ သိန်းကျော်)**ဖြစ်ပါတယ်။ ရွေးကောက်ပွဲကျင်းပပြီးစီးသည့်ကာလ နောက်ပိုင်း UEC ကထုတ်ပြန်သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ **၃၉ သန်း ၂ သိန်းကျော်**ဟာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှာရှိရမယ့် လူဦးရေစာရင်းထက် **၅ သန်း ၄ သိန်းကျော်**နဲ့ လူဦးရေနည်းပညာဖြင့် ခန့်မှန်းတွက်ချက်ထားတဲ့ စာရင်းထက် **၂ သန်း ၃ သိန်းကျော်** ပိုနေတာကို တွေ့ရှိရပါတယ်။ ဒါတွေဟာ လက်တွေ့ဖြစ်ပျက်နေတဲ့ ပကတိအချက်အလက်တွေပဲဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ စည်းကမ်းပြည့်ဝစစ်မှန်တဲ့ ဒီမိုကရေစီစနစ်နဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ် လိုလားတယ်ဆိုရင် စိတ်ခံစားမှုဆိုတာထက် လက်တွေ့အချက်အလက်တွေကို ဦးတည်ကြဖို့ ပြောကြားလိုပါတယ်။

၂၀၁၅ နဲ့နောက်ပိုင်းမှာ ပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲများအပေါ် တွေ့ရှိချက်အနေနဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ တစ်နိုင်ငံလုံး ပျမ်းမျှမဲပေးမှုရာခိုင်နှုန်းဟာ ၆၉.၆၃ ရာခိုင်နှုန်းဖြစ်ပါတယ်။ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲမှာတော့ မဲပေးမှုရာခိုင်နှုန်းဟာ ၅၀ ရာခိုင်နှုန်းခန့်အထိ လျော့ကျသွားပါတယ်။ ၂၀၁၈ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲမှာတော့ ပျမ်းမျှမဲပေးမှုရာခိုင်နှုန်းဟာ ၁၄ ရာခိုင်နှုန်းကျော်ကျော်သာရှိခဲ့ပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲမှာ မဲပေးခွင့်ရှိသူ ၇၁.၀၆ ရာခိုင်နှုန်း မဲပေးခဲ့ကြတယ်လို့ သတင်းထုတ်ပြန်ချက်များအရ သိရပါတယ်။ ယခင်ရွေးကောက်ပွဲနဲ့မတူတာက COVID-19 ပြန့်ပွားနေတဲ့ကာလမှာဖြစ်ပါတယ်။ ဒါကိုပဲ သုံးသပ်ကြည့်ပါ။

ပြည်သူလူထုအနေနဲ့ တာဝန်ရှိသူများရဲ့ အုပ်ချုပ်မှုနဲ့ စီမံခန့်ခွဲမှုအမှားများအပေါ် မည်သို့သဘောထားကြောင်း တွေ့ရပါတယ်။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲမှာလည်း မဲမပေးရေး (No Vote) လှုပ်ရှားမှုများ ပေါ်ပေါက်လာကြောင်း တွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ရောက်တဲ့နေရာတိုင်းမှာ ပါတီစုံဒီမိုကရေစီစနစ်မှာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဟာ အသက်ဖြစ်လို့ မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးကြဖို့ အမြဲတိုက်တွန်းနှိုးဆော်ပြောကြားခဲ့ပါတယ်။

အဲဒီလိုတွေ့ရှိချက်တွေ၊ မဲမသမာမှုစာရင်းတွေအတွက် သက်ဆိုင်ရာတာဝန်ရှိသူများကို စိစစ်မေးမြန်းလျက်ရှိပါတယ်။ မှားယွင်းနေတဲ့ မဲစာရင်းတွေ၊ မဲမသမာမှုဖြစ်နိုင်တဲ့ စာရင်းတွေကနေ ထွက်ပေါ်လာတဲ့ရလဒ်တွေဟာ ပြည်သူတို့လိုလားတောင့်တခဲ့တဲ့ ဒီမိုကရေစီစနစ် ခိုင်မာဖို့အတွက် အခက်အခဲများစွာရှိပါတယ်။ တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြဋ္ဌာန်းချက်များနှင့်အညီ UEC၊ လွှတ်တော်နဲ့ သမ္မတတို့ထံ မဲစာရင်းများဖြေရှင်းပေးဖို့ တောင်းဆိုခဲ့ပါတယ်။ အဆင့်ဆင့် တာဝန်ပျက်ကွက်ခဲ့ကြပါတယ်။ တပ်မတော်အနေနဲ့ နောက်ဆုံးအချိန်ထိ ဥပဒေနဲ့အညီ ဆွေးနွေးညှိနှိုင်းအဖြေရှာရေးလမ်းစဉ်ကို ကိုင်စွဲဆောင်ရွက်ခဲ့ပါတယ်။ ဖြစ်ပျက်နေတဲ့အခြေအနေတွေကိုလည်း တပ်မတော်သတင်းစာရှင်းလင်းပွဲတွေကနေ တစ်ဆင့် ပြည်သူလူထုကို ကမ္ဘာသိတင်ပြခဲ့ပါတယ်။ တာဝန်ရှိသူများအနေနဲ့ အကြောင်းအမျိုးမျိုးပြပြီး တာဝန်ယူမှု၊ တာဝန်ခံမှုတွေ ပျက်ကွက်ခဲ့တာရှိပါတယ်။ ဒါကြောင့်လည်း စစ်မှန်ပြီးစည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နဲ့အညီ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံ့တာဝန်များ ထမ်းဆောင်နေရခြင်းဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်းပြီး နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေစဉ်ကာလမှာ ကျွန်တော်တို့အနေနဲ့ ရှေ့ဆက်လုပ်ဆောင်မည့်အချက် (Road Map) ၅ ချက်ကို ဖေဖော်ဝါရီလ ၁ ရက်နေ့ကတည်းက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအချက် ၅ ချက်နဲ့ လုပ်ဆောင်နေမှုတွေကိုလည်း ကျွန်တော် တိုင်းရင်းသားမိဘပြည်သူများကို တင်ပြပါမယ်။

**ရွေးကောက်ပွဲအပြီးကာလမှာလည်း အငြင်းပွားမှုတွေ ဆက်တိုက်ဖြစ်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ နိုင်ငံရေးပါတီပေါင်း ၈၄ ပါတီဖြစ်ပါတယ်။ ကန့်ကွက်လွှာတင်သွင်းထားတဲ့ အမှုပေါင်း ၂၁၇ မှုရှိပါတယ်။ နိုင်ငံရေးပါတီများအနေနဲ့ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး တရားမျှတမှုရှိစေဖို့ ဖြေရှင်းပေးဖို့ UEC ကို ရွေးကောက်ပွဲမတိုင်မီကတည်းက တောင်းဆိုမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သော်လည်း ဆောင်ရွက်ပေးခြင်းမရှိခဲ့ပါဘူး**

(တစ်) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်ဖြစ်ပါတယ်။ UEC အသစ်ကို ကျွန်တော်တို့ ဖွဲ့စည်းပြီးပါပြီ။ မဲစာရင်းတွေ စစ်ဆေးလျက်ရှိပါတယ်။ အမြန်ဆုံး ထုတ်ပြန်ပေးသွားပါမယ်။ ဒီနေရာမှာ ထူးခြားနေတာက ယခင် UEC က တတိယအကြိမ် မဲစာရင်း ထုတ်ပြန်ခဲ့တယ်ပြောပါတယ်။ လက်တွေ့ စစ်ဆေးကြည့်ရာမှာ တတိယအကြိမ် မဲစာရင်းဆိုတာ ယခုထိမတွေ့ပါဘူး။ တွေ့ရရင်လည်း အတည်ပြုလုပ်ဆောင်ပါမယ်။ ဒုတိယအကြိမ် မဲစာရင်းကိုပဲ ပြန်လည်လုပ်ဆောင်ထားတာဖြစ်ကြောင်း တွေ့ရပါတယ်။

(နှစ်) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်ပါတယ်။ ကျွန်တော်တို့ လက်တွေ့လုပ်ဆောင်လျက်ရှိပါတယ်။ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံမှုကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ ဒီအခက်အခဲကို ပြည်သူလူထုနဲ့အတူ လက်တွဲကျော်လွှားပါမယ်။ ပြည်သူများ လှူဒါန်းထားတဲ့ COVID-19 အလှူငွေတွေကို ကျွန်တော်တို့ ယခင်အတိုင်း စနစ်တကျ ထိန်းသိမ်းထားပါတယ်။ ထပ်မံလှူဒါန်းလိုသူတွေကိုလည်း ဖိတ်ခေါ်အပ်ပါတယ်။ အကျိုးရှိရှိ၊ ထိထိရောက်ရောက်၊ ပွင့်လင်းမြင်သာစွာ အသုံးပြုသွားမှာ ဖြစ်ပါတယ်။ ကာကွယ်ကုသခြင်းအပိုင်းတွေကိုလည်း အရှိန်အဟုန်နဲ့ ဆောင်ရွက်သွားပါမယ်။ ထပ်မံရရှိရေး ဆောင်ရွက်ပါမယ်။ ကျေးလက်နေပြည်သူများ၊ ရဟန်းသံဃာများပါမကျန် မြန်မာနိုင်ငံအနှံ့ ကာကွယ်ဆေးထိုးနိုင်ရေး အလေးထား ဆောင်ရွက်သွားပါမယ်။ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းကူညီဆောင်ရွက်ကြဖို့ မေတ္တာရပ်ခံလိုပါတယ်။


(သုံး) COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားရေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီးနောက် ကျွန်တော်နဲ့ ကျွန်တော့်ကောင်စီဝင်တွေဟာ ၄၈ နာရီအတွင်းမှာ မြန်မာနိုင်ငံ ကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နဲ့ တွေ့ဆုံခြင်း၊ ဘဏ်ဥက္ကဋ္ဌများနှင့် တွေ့ဆုံခြင်းတို့ပြုလုပ်ပြီး နိုင်ငံ့စီးပွားရေး အမြန်ဦးမော့လာစေရေးဆွေးနွေးညှိနှိုင်းလက်တွေ့ဆောင်ရွက်ခဲ့ပါတယ်။ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုမှန်သမျှကို ကျွန်တော်တို့ ကြိုဆိုပါတယ်။ ဖိတ်ခေါ်ပါတယ်။ မြန်မာ့မိတ်ဖက်နိုင်ငံများ၊ စိတ်ဝင်စားမှုရှိတဲ့နိုင်ငံများရဲ့ ပူးပေါင်းဆောင်ရွက်မှုတို့ကို ကြိုဆိုကြောင်း အသိပေးလိုပါတယ်။ ယခင်သဘောတူညီချက်တွေကို ကျွန်တော်တို့ ဥပဒေနဲ့အညီ လိုက်နာဆောင်ရွက်သွားပါမယ်။ ယခင်အစိုးရက မူအားဖြင့် သဘောတူပြီးဖြစ်တဲ့၊ ခွင့်ပြုချက်စောင့်ဆိုင်းနေဆဲ လုပ်ငန်းများကို အမြန်ခွင့်ပြုချက်ရရှိစေရေး ကျွန်တော်တို့ ဆောင်ရွက်သွားပါမယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးမွေးမြူရေးကို အဓိကအားထားရတဲ့ နိုင်ငံဖြစ်လို့ ၎င်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ပို့ကုန်များ အမြန်တင်ပို့နိုင်ရေး အလေးထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(လေး) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်ခြင်းဖြစ်ပါတယ်။ တစ်နိုင်ငံလုံး ရေရှည်တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေးရရှိရေးဟာ ကျွန်တော်တို့ရဲ့ အပြင်းပြဆုံး ဆန္ဒဖြစ်ပါတယ်။ မဖြစ်မနေ ဆက်လက်ဆောင်ရွက်ပါမယ်။ ဒါကြောင့်လည်း ကျွန်တော်တို့တာဝန်ယူခဲ့တဲ့ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာပဲ တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီကို တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။ ကျွန်တော်တို့ တာဝန်ယူရတဲ့ကာလအတွင်းမှာ ဖြစ်နိုင်သမျှနည်းလမ်းအားလုံးနဲ့ ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်သွားပါမယ်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့ EAO များကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ခြင်းဖြင့် လက်တွေ့အကောင်အထည်ဖော်ဖို့ ဖိတ်ခေါ်လိုက်ရပါတယ်။

(ငါး) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံချိန်စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်ပါတယ်။ ဒီနေ့နိုင်ငံတော်ကို ဦးဆောင်နေတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဖွဲ့စည်းပုံကိုကြည့်ပါ။ ကျွန်တော်အပါအဝင် စစ်ဘက်ဆိုင်ရာ အရာရှိကြီး ၈ ဦး၊ တိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးပါတီခေါင်းဆောင်များပါဝင်တဲ့ အရပ်သား ၈ ဦး၊ ပေါင်း ၁၆ ဦးနဲ့ ဖွဲ့စည်းထားပါတယ်။ အစိုးရအဖွဲ့ဝင် ဝန်ကြီးများကိုလည်း သက်ဆိုင်ရာနယ်ပယ်ကျွမ်းကျင်သူများနဲ့ ဖွဲ့စည်းထားပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နဲ့မြို့နယ်စီမံခန့်ခွဲရေးနဲ့ အုပ်ချုပ်ရေးကောင်စီများကိုလည်း ဒေသခံများ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးဝန်ထမ်းများနဲ့ ဖွဲ့စည်းထားပါတယ်။ တပ်မတော်က ၁၉၆၂ ခုနှစ်နဲ့ ၁၉၈၈ ခုနှစ် တာဝန်ယူစဉ်ကာလ ဖွဲ့စည်းပုံများနဲ့ များစွာကွာခြားပါတယ်။ ကျွန်တော်တို့ မလွှဲမရှောင်သာသော အကြောင်းများကြောင့်သာ အရေးပေါ်ကာလမှာ တာဝန်ယူထားရခြင်းဖြစ်ပါတယ်။ အခြေခံဥပဒေရဲ့ အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များအရသာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်အရ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နဲ့ အုပ်ချုပ်မှုပုံစံ ပေါ်ထွန်းလာစေရမယ်လို့ ပြောကြားလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်ကို ခေတ္တထိန်းသိမ်းပေးထားတဲ့ကာလအတွင်းမှာ နိုင်ငံခြားရေးမူဝါဒ၊ အုပ်ချုပ်ရေးနဲ့ပတ်သက်တဲ့မူဝါဒ၊ စီးပွားရေးနဲ့ပတ်သက်တဲ့မူဝါဒများ လုံးဝပြောင်းလဲသွားမှာ မဟုတ်ပါဘူး။ လက်ရှိသွားနေတဲ့ နိုင်ငံရေးလမ်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံခြားရေးမူဝါဒနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အတိုင်း မပြောင်းလဲဘဲ ဆက်လက်တည်ရှိပါမယ်။ ကမ္ဘာ့နိုင်ငံတိုင်းနဲ့ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသွားမှာဖြစ်ပါတယ်။ ထပ်ပြောပါမယ်။ နိုင်ငံအားလုံးနဲ့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်ပြီး တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမှာဖြစ်လို့ မည်သည့်ထိခိုက်မှုမှရှိမှာ မဟုတ်ကြောင်း ပြောကြားလိုပါတယ်။ လုပ်ငန်းရှင်များအနေနဲ့ အခွင့်အရေးရရှိရေးအတွက် မတော်မတရားမလုပ်ကြဖို့ဘဲ တိုက်တွန်းလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ဟာ တိုင်းရင်းသားပြည်သူလူထု လူတန်းစားအလွှာ ၈ လွှာက ကိုယ်စားလှယ်ပေါင်း ၇၀၀ ကျော်နဲ့ နှစ်ပေါင်းများစွာ ဆွေးနွေးညှိနှိုင်းပြီးမှ ပေါ်ထွန်းလာခဲ့တဲ့ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေတဲ့ အခြေခံဥပဒေ ဖြစ်ပါတယ်။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ **စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စီမံခန့်ခွဲရေးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စီမံခန့်ခွဲရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**တပ်မတော်အနေဖြင့် ပြည်သူကရွေးချယ်ထားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မည်သို့မျှ သွေဖည်မည်မဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် မှန်မှန်ကန်ကန်သွားနိုင်ရန် ထိန်းကျောင်းပေးခြင်းသာဖြစ်ကြောင်း၊ သို့ဖြစ်၍ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအနေဖြင့် နိုင်ငံနှင့် နိုင်ငံသားများ တိုးတက်အောင် စေတနာထားဆောင်ရွက်ပေးကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်။**

နေပြည်တော် ဖေဖော်ဝါရီ ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် စီမံခန့်ခွဲရေးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးချစ်နိုင်၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဦးမောင်မောင်အုန်း၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့ တက်ရောက်ကြသည်။

## တာဝန်ပေးအပ်

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ယခုကာလတွင် ပုံမှန်အခြေအနေရောက်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အရေးပေါ်ကာလ ကြေညာထားသည့်အချိန်အတွင်း လုပ်ငန်းများရပ်တန့်မနေဘဲ နိုင်ငံတော်အတွက် အကျိုးရှိသည့်လုပ်ငန်းများကို အရှိန်အဟုန်မပျက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အတွက် ဝန်ကြီးဌာနများ၌ ပြည်ထောင်စုဝန်ကြီးများ တာဝန်ပေးအပ်ရာတွင် အတွေ့အကြုံရှိသူများ၊ အရည်အချင်းရှိသူများ၊ လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်မည့် ပုဂ္ဂိုလ်များအား တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အစိုးရ၏တာဝန်မှာ ပြည်သူပြည်သားများ၏ အကျိုးကိုဖော်ဆောင်ပေးရန် ဖြစ်ကြောင်း၊ မိမိတို့သည် မူဝါဒချမှတ်ခြင်းနှင့် လုပ်ငန်းများလုပ်ဆောင်သည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ဌာနအလိုက် လုပ်ငန်းများကို မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ဆောင်ရွက်ရန် လိုအပ်ကြောင်း။

၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း တာဝန်ယူခဲ့သည့် အစိုးရလက်ထက်တွင် အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာခဲ့သည့် လုပ်ငန်းများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည့် လုပ်ငန်းများရှိကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများလည်းရှိကြောင်း၊ ယင်းလုပ်ငန်းများကို မိမိတို့အနေဖြင့် တိုင်းပြည်နှင့် ပြည်သူအတွက် အကျိုးရှိမည်ဆိုပါက မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များရှိပြီးဖြစ်ကြောင်း၊ ယင်းမူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ဆောင်သွားရန်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင်လည်း ရဲရဲတင်းတင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တချို့ကိစ္စများတွင် ရံဖန်ရံခါ ချင့်ချိန်ဆောင်ရွက်ရမှုများကြောင့် နှောင့်နှေးကြန့်ကြာမှုများဖြစ်ရကြောင်း၊ များစွာချင့်ချိန်မှုများ မပြုလုပ်ဘဲ တိုင်ပင်ပူးပေါင်း လုပ်ဆောင်သွားရန်လိုကြောင်း၊ သက်ဆိုင်ရာကော်မတီများကိုလည်း ဖွဲ့စည်းထားကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် လုပ်ဆောင်ရန်ရှိသည်များကို မြန်မြန်ဆန်ဆန် လုပ်ဆောင်သွားရန် လိုအပ်ကြောင်း။

**ဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တုံ့ဆိုင်းခြင်းမပြုဘဲ၊ လုပ်သင့်လုပ်ထိုက်သည်များကို မြန်မြန်ဆန်ဆန် ဆောင်ရွက်ရန်၊ တိုင်းပြည်အပေါ် စေတနာထားဆောင်ရွက်ရန်နှင့် ဝန်ကြီးဌာနအချင်းချင်း တိုင်ပင်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြား**

လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေသည် ရွေးကောက်ပွဲအဆင်မပြေမှုကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ပါကြောင်း၊ အဆင်မပြေရသည့် အကြောင်းအရင်းများမှာ မဲစာရင်းမှားယွင်းခြင်း၊ ရွေးကောက်ပွဲမတိုင်မီကာလ၊ ရွေးကောက်ပွဲအတွင်းကာလနှင့် ရွေးကောက်ပွဲအလွန်ကာလတို့တွင် အားနည်းချက်များစွာရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ယင်းအချက်များကြောင့် လက်ရှိအခြေအနေအထိ ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့သည့် ပြည်သူများ လက်ခံယုံကြည်မှုရှိလာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့သည် ကြားကာလတာဝန်ယူသည့် အဖွဲ့ဖြစ်ကြောင်း၊ ယင်းကာလတွင် ယိုင်နေသည့်စီးပွားရေးကို ပြန်လည်တည့်မတ်ရန်အတွက် လတ်တလော ဖြေရှင်းဆောင်ရွက်ပေးရမည့် ကိစ္စများကို ချက်ချင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရေရှည်ဆောင်ရွက်ရမည့်ကိစ္စများကို လမ်းကြောင်းမှန်ပေါ်ရောက်အောင် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

## များစွာအကျိုးရှိမည်

မိမိတို့သည် နောင်တက်လာမည့် အစိုးရကို လမ်းခင်းပေးသည့် အဆင့်အထိသာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်းတာဝန်ကို အကျိုးရှိရှိ ဆောင်ရွက်သွားမည်ဆိုပါက တိုင်းပြည်အတွက် များစွာအကျိုးရှိမည်ဖြစ်ပြီး တာဝန်ယူရသည့် ပုဂ္ဂိုလ်များအတွက်လည်း ဂုဏ်ယူရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ အခြေခံစားဝတ်နေရေး အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပြည်သူများက ကြိုက်နှစ်သက်မည်ဖြစ်ကြောင်း၊ မိမိတို့၏ပြည်သူကို အခြေခံပြီး သွားရမည်ဖြစ်သည့်အတွက် ပြည်သူများအတွက် ပကတိအခြေအနေနှင့် ကိုက်ညီသည့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ စားဝတ်နေရေး အဆင်ပြေချောမွေ့ပါက နိုင်ငံတော်တည်ငြိမ်ရေးနှင့် လုံခြုံရေးကိုပါ အထောက်အကူပြုကြောင်း၊ ယင်းကို အကောင်အထည်ဖော်ရမည်မှာ ယခုအစိုးရဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူလူထု၏ စားဝတ်နေရေးအဆင်ပြေစေရန် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူတစ်ဦးချင်း၏အင်အားကို ခိုင်မာအောင် ဆောင်ရွက်ပေးခြင်းဖြင့် တိုင်းပြည်၏ အင်အားလည်း ခိုင်မာတောင့်တင်းလာမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တုံ့ဆိုင်းခြင်း မပြုဘဲ၊ လုပ်သင့်လုပ်ထိုက်သည်များကို မြန်မြန်ဆန်ဆန် ဆောင်ရွက်ရန်၊ တိုင်းပြည်အပေါ် စေတနာထားဆောင်ရွက်ရန်နှင့် ဝန်ကြီးဌာနအချင်းချင်း တိုင်ပင်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးချစ်နိုင်၊ ဦးတင်ထွဋ်ဦး၊ ဦးမြင့်ကြိုင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာပွင့်ဆန်း၊ ဦးရွှေလေး၊ ဦးမောင်မောင်အုန်း၊ ဒေါက်တာသက်သက်ခိုင်၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့က နိုင်ငံတကာရေးရာအခြေအနေ၊ ဘဏ္ဍာရေးအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုအခြေအနေ၊ နိုင်ငံရေးနှင့်လုံခြုံရေး အခြေအနေ၊ သတင်းထုတ်ပြန်ရေးအခြေအနေ၊ စိုက်ပျိုး၊ မွေးမြူရေးအခြေအနေ၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စရပ်များ၊ သတ္တုနှင့် သယံဇာတဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံမှု အခြေအနေများ၊ ကုန်သွယ်ရေးအခြေအနေ၊ တိုင်းရင်းသားရေးရာဆိုင်ရာကိစ္စရပ်များနှင့် ဥပဒေဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

## တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန်လိုအပ်

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့အနေဖြင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးရန်နှင့် ကာကွယ်ပေးရန် ဦးတည်ကြောင်း၊ ဆင်းရဲချမ်းသာကွာဟမှု၊ ကျေးလက်မြို့ပြကွာဟမှုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကွာဟမှုတို့ကို အတတ်နိုင်ဆုံးလျှော့ချနိုင်ရန် ဝန်ကြီးဌာနများက သက်ဆိုင်ရာကဏ္ဍအလိုက် ဦးစားပေးဆောင်ရွက်စေလိုကြောင်း၊ ဝန်ကြီးဌာနအလိုက်ရေးဆွဲပြီးသော်လည်း အတည်ပြုပြဋ္ဌာန်းရန် ကြန့်ကြာနေသည့်ဥပဒေများကို အမြန်ဆုံး အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရန်လိုအပ်ကြောင်း၊ အခြားအချိန်တွင် မိမိနှစ်သက်ရာကို မဲပေးနိုင်သော်လည်း တာဝန်ထမ်းဆောင်ချိန်တွင် ပါတီနိုင်ငံရေး၊ အရောင်အသွေးကင်းရှင်းရန်လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိနှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများက အရောင်အသွေးကင်းသည့် ဝန်ထမ်းများဖြစ်လာအောင် စိတ်ရှည်လက်ရှည်ဖြင့် နားလည်အောင် ရှင်းလင်းပြောကြားပေးစေလိုကြောင်း။

တပ်မတော်အနေဖြင့် ပြည်သူကရွေးချယ်ထားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မည်သို့မျှသွေဖည်မည်မဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် မှန်မှန်ကန်ကန်သွားနိုင်ရန် ထိန်းကျောင်းပေးခြင်းသာဖြစ်ကြောင်း၊ သို့ဖြစ်၍ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများအနေဖြင့် နိုင်ငံနှင့် နိုင်ငံသားများ တိုးတက်အောင် စေတနာထားဆောင်ရွက်ပေးကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပြည်သူက အားကိုးရသည့်၊ တိုင်းပြည်က အားထားရသည့် အစိုးရတစ်ရပ်ဖြစ်အောင် တာဝန်ရှိသူအားလုံးက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များအားတွေ့ဆုံပြီး

## နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များအားတွေ့ဆုံပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များအားတွေ့ဆုံပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်နှင့် စောဒန်နီယယ်တို့ တက်ရောက်ကြသည်။

### ဖြေရှင်းဆောင်ရွက်၍မရနိုင်ဖြစ်ခဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အပေါ် ရွေးကောက်ပွဲမတိုင်မီကာလ၊ မဲပေးရွေးချယ်သည့်ကာလနှင့် ရွေးကောက်ပွဲပြီးသည့်ကာလများတွင် ဖြစ်ပေါ်လာသည့် အခြေအနေအရပ်ရပ်ကို မည်သို့မျှမိမိတို့အနေဖြင့် ဖြေရှင်းဆောင်ရွက်၍မရနိုင်ဖြစ်ခဲ့ကြောင်း၊ ထို့ကြောင့် အရေးပေါ်အခြေအနေကြေညာ၍ ဆောင်ရွက်ခဲ့ရသည့် အနေအထားဖြစ်ကြောင်း၊ အကယ်၍သာ ဆောင်ရွက်ဖွယ်ရာရှိသည့် ကိစ္စရပ်များကို စည်းကမ်းနှင့်အညီ ဆောင်ရွက်မည်ဆိုပါက ယခုအခြေအနေမျိုးသို့ ရောက်ရှိမည်မဟုတ်ပါကြောင်း၊ တပ်မတော်အနေဖြင့်လည်း ဥပဒေအတိုင်း ဆောင်ရွက်မည်ဟု အတိအလင်းပြောခဲ့ပြီးဖြစ်ကြောင်း၊ တပ်မတော်သည် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးခဲ့သည့်အတိုင်း ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်ကို သွားမည်ဆိုပါက နိုင်ငံရေးနှင့် လုံခြုံရေးသည် တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်ကြောင်း၊ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုဟု ပြောသည့်အခါ နိုင်ငံရေးရင့်ကျက်မှုရှိရန်လည်း လိုအပ်ကြောင်း၊ ရင့်ကျက်မှုရှိမှ တည်ငြိမ်အေးချမ်းမည်ဖြစ်ကြောင်း၊ ရင့်ကျက်မှုမရှိပါက မည်သို့မျှ တည်ငြိမ်အေးချမ်းမှုမရှိနိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံရေးတည်ငြိမ်ရင့်ကျက်မှုရှိရန် ထိန်းကျောင်းရမည်၊ လေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးယဉ်ကျေးမှုများ စနစ်တကျဖြစ်ရန်လိုကြောင်း၊ နိုင်ငံရေးဆိုရာတွင် လူတိုင်း အမြင်ချင်းတစ်ထပ်တည်း မည်သို့မျှမကျနိုင်ကြောင်း၊ ကွဲလွဲမှုရှိကြမည်ဖြစ်ကြောင်း၊ ကွဲလွဲမှုရှိသည့်အခါတွင် ယင်းအပေါ်တွင် မိမိတို့လုပ်ချင်တိုင်း လုပ်လို့ရသည်ဆိုသည့် အမြင်မျိုး (အစား) နိုင်ငံရေးကို တည်ငြိမ်အေးချမ်းသည့် နိုင်ငံရေးစနစ်နှင့် စည်းကမ်းတကျရှိသည့် နိုင်ငံရေးစနစ်ဆိုသည့် နိုင်ငံရေးယဉ်ကျေးမှုကို တည်ဆောက်ပြီး လုပ်မည်ဆိုပါက ယင်းအပြောကျယ်လှသည့် နိုင်ငံရေးသည် အင်မတန်သာယာသည့် နိုင်ငံရေးဖြစ်လိမ့်မည်ဖြစ်ကြောင်း၊ "တိမ်တောင်သဖွယ် မင်းရေးကျယ်"ဟု ပြောကြပါကြောင်း၊ အင်မတန်ကျယ်ပြောလှသည့် နိုင်ငံရေးလောကကြီးထဲတွင် မိမိတို့သည် နိုင်ငံရေးယဉ်ကျေးမှုနှင့် သွားကြရန်လိုကြောင်း။

ဒီမိုကရေစီဆိုသည်မှာ အများ၏ဆန္ဒနှင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အများ၏ဆန္ဒနှင့် ဆောင်ရွက်သည်ဆိုသော်လည်း အများ၏ဆန္ဒသည် စစ်မှန်ပြီး ရိုးသားသည့်နိုင်ငံရေးဖြစ်ရန်လိုကြောင်း၊ အများဆန္ဒသည် ရိုးသားမှုမရှိပါက ယင်းနိုင်ငံရေးသည် ဒီမိုကရေစီဟု ပြောနိုင်ရန်ခဲယဉ်းကြောင်း၊ မိမိတို့ ဖြတ်သန်းလာခဲ့သည့် တစ်လျှောက်တွင် ပါလီမန်စနစ်သွားခဲ့ကြကြောင်း၊ ထို့နောက် တော်လှန်ရေးကောင်စီတက်လာပြီး မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အတိုင်း သွားခဲ့ကြပါကြောင်း၊ ထို့နောက် တပ်မတော်အစိုးရအုပ်ချုပ်မှုကို သွားခဲ့ပါကြောင်း၊ တပ်မတော်အစိုးရမှ ပြည်သူလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ခဲ့ကြောင်း၊ အခြေခံဥပဒေရေးဆွဲပြီး ၂၀၁၁ ခုနှစ်တွင် တက်လာသည့် ရွေးကောက်ခံပါတီကို မိမိတို့ကတာဝန်လွှဲ၍ ယခု ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို သွားပါကြောင်း၊ ပါလီမန်စနစ်၊ တော်လှန်ရေးကောင်စီ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီစနစ်၊ တပ်မတော်အစိုးရစနစ် ကျင့်သုံးခဲ့သည့် နိုင်ငံရေးဆောင်ရွက်ချက်များသည် ရိုးသားမှု မည်မျှရှိသည်၊ အားပြိုင်မှု မည်မျှရှိသည်၊ အာဃာတများ မည်မျှရှိသည် စသည်တို့ကို သမိုင်းပြန်လှန်ကြည့်ပါက တွေ့နိုင်ကြောင်း။

### တည်ငြိမ်မှုရမည်ဖြစ်

ယခုဖွဲ့စည်းသည့်ကောင်စီတွင် မိမိထက် အသက်များစွာကြီး၍ အတွေ့အကြုံရှိသည့်ပုဂ္ဂိုလ်များ ပါဝင်ပါကြောင်း၊ မိမိအနေဖြင့် ယခုကိစ္စအပေါ် များစွာစဉ်းစားခဲ့ကြောင်း၊ ရိုးသားသည့်၊ စစ်မှန်သည့် နိုင်ငံရေးယဉ်ကျေးမှုများရှိရန် လိုအပ်ကြောင်း၊ ပါလီမန်စနစ်ကို ကြည့်ကြည့်၊ တော်လှန်ရေးကောင်စီခေတ်ကို ကြည့်ကြည့်၊ လမ်းစဉ်ပါတီအစိုးရခေတ်ကို ကြည့်ကြည့် မိမိတို့တွေ့နိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့တိုင်းပြည်၏ ပကတိအခြေအနေနှင့် ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မိမိတို့ မှန်မှန်ကန်ကန်သွားနိုင်မှသာ နိုင်ငံရေးသည် တည်ငြိမ်မှုရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှုရမှသာလျှင်၊ လုံခြုံရေးနှင့် တည်ငြိမ်မှုဆိုသည်မှာလည်း နောက်ဆက်တွဲပါလာမည်ဖြစ်ကြောင်း၊ တစ်ဖက်က လုံခြုံရေးနှင့်တည်ငြိမ်ရေးရှိမှသာ နိုင်ငံရေးနှင့်တည်ငြိမ်မှုတို့သည် ဟန်ချက်ညီညီဖြင့် သွားမည်ဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲဆိုသည်မှာ အသက်ဖြစ်ကြောင်း၊ အများဆန္ဒဟု ပြောသည့်အတွက် ရွေးကောက်ပွဲကို ဆန္ဒပြုခြင်းနှင့်သွားကြကြောင်း၊ ဆန္ဒပြုခြင်းဖြင့်သွားသည့်အတွက် ယင်းဆန္ဒပြုခြင်းသည် မှန်မှန်ကန်ကန်ဖြစ်ရန်လိုအပ်ကြောင်း၊ လွတ်လပ်စွာ၊ မှန်ကန်စွာဆန္ဒပြုခြင်းဖြင့် ဒီမိုကရေစီ၏အနှစ်သာရကို လွတ်လွတ်လပ်လပ် မှန်မှန်ကန်ကန်ပေး၍ရကြောင်း၊ သမာသမတ်မကျလျှင် ပြည်သူ့ဆန္ဒအမှန်တိုင်းဖြစ်ရန် ခဲယဉ်းပါကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်မှစတင်၍ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကြီးများ ပြုလုပ်ခဲ့ပြီး ရွေးကောက်ပွဲကြီးများကြားတွင် ကြားဖြတ်ရွေးကောက်ပွဲများလည်း ရှိခဲ့ကြောင်း၊ အဆိုပါရွေးကောက်ပွဲများ၌လည်း ပြဿနာအနည်းငယ်နှင့် တိုင်ကြားတရားစွဲမှုများရှိခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် ပြဿနာကြီးကြီးမားမားမရှိဘဲ သမာသမတ်ရှိသည့် ဆုံးဖြတ်ချက်ဟူ၍ လက်ခံသွားကြကြောင်း။

ပြီးခဲ့သည့် တတိယအကြိမ် အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲမဲပေးနေသည့်ကာလနှင့် ရွေးကောက်ပွဲပြီးသည့်ကာလများတွင် ပြဿနာများရှိလာပြီး ကြီးမားသည့်ပြဿနာများ ဖြစ်လာသည်ကို တွေ့ရကြောင်း၊ ရွေးကောက်ပွဲမတိုင်မီဆောင်ရွက်သည့် ပါတီမဲဆွယ်စည်းရုံးရေးမှစတင်ကာ ပါတီများ၏ ပြောဆိုလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ တရားမျှတမှု သံသယဖြစ်စရာများ တွေ့လာကြောင်း၊ မိမိဆီသို့လည်း နိုင်ငံရေးပါတီများက စာရေးကြသည်များလည်းရှိကြောင်း၊ မိမိအနေဖြင့် ဖိတ်ကြားပြီး ၎င်းတို့၏ ဆန္ဒများနှင့် အခြေအနေများကို မေးမြန်းကြောင်း၊ တစ်ဖက်တွင်လည်း ပါတီများနှင့် လူထု၏ စာများကိုဖတ်ကြည့်သည့်အခါ ရွေးကောက်ပွဲအကြိုကာလ ဆောင်ရွက်ချက်များအပေါ် သံသယကြီးကြီးမားမား ဖြစ်နေသည်ကို တွေ့ရှိရကြောင်း၊ ထိုအချိန်မှစ၍ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေး ဆောင်ရွက်ပေးရန် ကြုံသည့်နေရာတိုင်းတွင် ပြောကြားခဲ့ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး လုပ်ဆောင်ပေးရန် အဓိကဦးတည်၍ ပြောခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတို့တွင် မဲပေးခဲ့ကြသည့်သူများနှင့် ပါတီများက အဆိုပါရွေးကောက်ပွဲများတွင် သံသယမရှိသည့်အတွက် တက်တက်ကြွကြွဖြင့် မဲပေးခဲ့ကြသည်ကို တွေ့ရကြောင်း။

### အားမလိုအားမရဖြစ်လာ

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ၇၀ ရာခိုင်နှုန်းနီးပါး မဲပေးခဲ့ကြသည်ကို တွေ့ရကြောင်း၊ ၂၀၁၆ ခုနှစ်တွင်တက်လာသည့် အစိုးရလုပ်ဆောင်ချက်များအပေါ် ပြည်သူများအနေဖြင့် အားမလိုအားမရ ဖြစ်လာကြသည်ကိုတွေ့ရကြောင်း၊ ပြည်သူများက ၎င်းတို့၏ဆန္ဒအလျောက် အလွှာအသီးသီး၏ခံစားချက်များကို မူတည်၍ အစိုးရလုပ်ဆောင်ချက်များအပေါ်မှာ အားမလိုအားမရဖြစ်လာသည့်အတွက် ရွေးကောက်ပွဲလုပ်ရန်ရှိလာသည့်အခါ ရွေးကောက်ပွဲအပေါ်စိတ်ပျက်ပြီး မဲမပေးချင်သောစိတ်များ ဖြစ်လာကြသည်ကို တွေ့ရပြီး No Vote လှုပ်ရှားမှုများ ဖြစ်လာကြောင်း။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲလုပ်သည့်အခါ ရန်ကုန်တစ်မြို့နယ်လုံး မဲပေးသူ ၁၄ ရာခိုင်နှုန်းလောက်သာရှိသည်ကို သိရကြောင်း၊ လူ ၁၀၀ တွင် ၁၄ ယောက်သာမဲပေးပြီး အဆိုပါ ၁၄ ယောက်ထဲမှ မဲများသူကို တာဝန်ပေးသည်ဆိုသည်မှာ တာဝန်ပေးအပ်ခြင်းခံရသောသူသည် သက်ဆိုင်ရာ မဲဆန္ဒရှင်အားလုံး၏ ကိုယ်စားပြုမှုအပေါ် အားပျော့ကြောင်း၊ ရာနှုန်းပြည့်လက်ခံနိုင်ရန်ခဲယဉ်းကြောင်း၊ ယင်းမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲအတွေ့အကြုံတစ်ခုဖြစ်ကြောင်း။

စာမျက်နှာ ၇ သို့ »»

○ စာမျက်နှာ ၃ မှ

ပါတီစုံဒီမိုကရေစီစနစ်ကို ကျွန်တော်တို့ မမိုတ်မသုန် ကာကွယ်သွားပါမယ်။ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားပါမယ်။ ပြည်သူလူထု စိတ်ချမ်းမြေ့စွာ မိမိတို့ယုံကြည်ရာ ဘာသာရေးကိစ္စများကို ဆောင်ရွက်နိုင်ရေး ဘုရား၊ စေတီများ၊ ဘာသာရေးအဆောက်အဦ များကိုလည်း ဒီနေ့ကစပြီး နိုင်ငံတစ်ဝန်းလုံး ဖွင့်လှစ်ပေးလိုက်ပါပြီ။ COVID–19 စည်းမျဉ်းစည်းကမ်းများနဲ့အညီ နိုင်ငံသားပီသစွာ ဆောင်ရွက်သွားကြပါလို့ ကြည်နူးဝမ်းမြောက်စွာ သတင်းစကားပါးလိုက်ရပါတယ်။ နိုင်ငံသူ၊ နိုင်ငံသားများရဲ့ ပညာရေး နောက်မကျစေဖို့အတွက်လည်း စာသင်ကျောင်းများကို COVID–19 စည်းမျဉ်းစည်းကမ်းများနဲ့အညီ ဖွင့်လှစ်နိုင်ရေး အမြန်ဆုံး ဆက်လက်ဆောင်ရွက်သွားပါမယ်။ နိုင်ငံ့အနာဂတ်ကို ဆက်လက်ထမ်းဆောင်ရမယ့် ကျောင်းသား ကျောင်းသူများအားလုံး ကျောင်းတက်ဖို့ စတင်ပြင်ဆင်နိုင်ကြပါပြီ။ တရားဥပဒေစိုးမိုးရေးကို မထိခိုက်ဘူးဆိုရင် ဆက်သွယ်ရေးလမ်းကြောင်းများကိုလည်း ကျွန်တော်တို့ အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတွင်း အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုပွင့်လန်းလာစေဖို့ ဆက်လက်ဆောင်ရွက်ပါမယ်။ ပိတ်ထားရတဲ့ စက်ရုံ၊ အလုပ်ရုံတွေကို COVID–19 စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ပြန်ဖွင့်ပေးသွားပါမယ်။ COVID–19 ကပ်ရောဂါကြောင့် ပြည်ပမှာ ဒုက္ခရောက်နေတဲ့ ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားတွေ ပြန်လာနိုင်ဖို့ ကျွန်တော်တို့ စတင်ဆောင်ရွက်နေပါပြီ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ရောက်နေတဲ့ နေရပ်စွန့်ခွာသွားသူများကိုလည်း နှစ်နိုင်ငံ သဘောတူညီချက်များနဲ့အညီ ကျွန်တော်တို့နိုင်ငံရဲ့ ရပ်တည်ချက်နဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်တွင်းနေရပ်စွန့်ခွာသူများ (IDP Camp) များကိုလည်း အဖြစ်နိုင်ဆုံးနေရပ်ပြန်စေရေး ဆွေးနွေး ဆောင်ရွက်သွားပါမယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ တပ်မတော်အနေနဲ့ မြန်မာနိုင်ငံရဲ့ ၁၀ နှစ်တာ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းမှာ အမျိုးသားနိုင်ငံရေးကို ဦးထိပ်ထားပြီး ပြည်သူနဲ့လက်တွဲ အကောင်းဆုံးဆောင်ရွက်ခဲ့ပါတယ်။ ယခုလည်း စစ်မှန်ပြီးစည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားလာရေး ဆောင်ရွက်လျက်ရှိနေပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ စုပေါင်းဖွဲ့စည်းမှု၊ ဆွေးနွေးညှိနှိုင်းအဖြေရှာမှုနည်းလမ်းတွေကိုသာ အသုံးပြုပြီး မြန်မာနိုင်ငံ၊ နိုင်ငံရေးယဉ်ကျေးမှုနဲ့ သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပါတယ်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေနဲ့ စိတ်ခံစားမှုထက်ပကတိအချက်အလက်များ၊ အမှန်တရားများကိုရှေးရှုပြီး လက်တွဲညီဆောင်ရွက်သွားပါစို့လို့ မေတ္တာရပ်ခံတိုက်တွန်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ■

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ( ၃၇ / ၂၀၂၁)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးအောင်သန်းဦးအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ)အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ( ၃၉ / ၂၀၂၁)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်–

(၁) ဦးစစ်အေး
(၂) ဦးတင်ဦး
(၃) ဦးဆန်းမြင့်
(၄) ဒေါ်ခင်မျိုးမြင့်
(၅) ဦးရဲနိုင်

အမိန့်အရ

(ပုံ)အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ( ၃၈ / ၂၀၂၁)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် –

| | | |
|---|---|---|
| (၁) | ဦးသန်းကျော် | ဥက္ကဋ္ဌ |
| (၂) | ဦးဉာဏ်ထွန်း | အဖွဲ့ဝင် |
| (၃) | ဦးခင်မောင်ဦး | အဖွဲ့ဝင် |
| (၄) | ဦးစောစံလင်း | အဖွဲ့ဝင် |
| (၅) | ဦးမျိုးချစ် | အဖွဲ့ဝင် |
| (၆) | ဦးကျော်ဆန်း | အဖွဲ့ဝင် |
| (၇) | ဦးကျော်မင်း | အဖွဲ့ဝင် |
| (၈) | ဒေါက်တာမာလာအောင် | အဖွဲ့ဝင် |
| (၉) | ဒေါ်နန်းစန္ဒာစမ်း | အဖွဲ့ဝင် |

အမိန့်အရ

(ပုံ)အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ( ၄၀ / ၂၀၂၁)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်

**တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် –

| | | |
|---|---|---|
| (၁) | ဦးလှစိုး | ရန်ကုန်တိုင်းဒေသကြီး |
| (၂) | ဦးရဲမြင့် | ဧရာဝတီတိုင်းဒေသကြီး |

အမိန့်အရ

(ပုံ)အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

»»» စာမျက်နှာ ၅ မှ

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ ရောက်သည့်နေရာတိုင်းတွင် နှစ်သက်ရာကို မဲပေးရန်တိုက်တွန်းပါကြောင်း၊ ဒီမိုကရေစီ၏အနှစ်သာရသည် မဲပေးရန်ဖြစ်ကြောင်း၊ ဖြစ်သင့်သည်ကိုသာ ပြောပြကြောင်း၊ ဆုံးဖြတ်သည်မှာ ပြည်သူများပင်ဖြစ်ကြောင်း၊ တပ်မတော်ကို တပ်တွင်းမဲရုံများတွင် မဲပေးခြင်းမှ အပြင်တွင် မဲပေးရမည်၊ ပြည်သူနှင့်အတူ မဲပေးရမည်ဟု ပြောလာသည့်အခါ မိမိအနေဖြင့် ချက်ချင်းပင် သဘောတူခဲ့ကြောင်း၊ ပြည်သူနှင့်အတူ မဲပေးသည်မှာ ပို၍ကောင်းကြောင်း၊ လွတ်လွတ်လပ်လပ်မဲပေးရန် ဆောင်ရွက်ခဲ့ကြောင်း၊ မဲပေးသည့်ကာလ၊ မဲပေးသည့်အချိန်တွင် မဲရုံများနှင့်ပတ်သက်၍ ကြိုတင်မဲပြဿနာများရှိကြောင်း၊ ကြိုတင်မဲများနှင့်စပ်လျဉ်း၍ အမိန့်၊ ညွှန်ကြားချက်များနှင့် ပြင်ဆင်ချက်များပေး၍ မဲပေးခိုင်းသည်ကို တွေ့ရကြောင်း၊ ဥပဒေကိုကျော်လွန်၍ မဖြစ်ကြောင်း၊ ရွေးကောက်ပွဲဥပဒေကို ကျော်လွန်သည့်အမိန့်များကို ထုတ်ပြန်မှု မပြုသင့်ကြောင်း၊ သို့သော် အဆိုပါအချက်များကို မျက်ကွယ်ပြု၍ ကိုဗစ်ဖြစ်သည်ကို အကြောင်းပြ ထုတ်ပြန်ထားသည့်အမိန့်များကို တွေ့ရကြောင်း။

ဆိုလိုသည်မှာ မဲစာရင်းထုတ်ပြန်သည့်အခါနှင့် ကြိုတင်မဲပေးသည့်အခါ မှားယွင်းမှုများ စတင်တွေ့လာကြောင်း၊ ထို့ကြောင့် မိမိတို့က စနစ်တကျ စိစစ်ဆောင်ရွက်ပေးရန် ပြောကြောင်း၊ တပ်မတော်အတွင်း၌ ကြိုတင်မဲပေးရာတွင် ကြိုတင်မဲပေးသည့်အချိန် ရက် ၉၀ မတိုင်မီ ရှိနေသူဖြစ်ရမည်ဟု ပြောပါကြောင်း။

မိမိတို့စည်းကမ်းနှင့်အညီ မဲပေးရန် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယင်းမှာ ကြိုတင်မဲပေးသည့်ကာလဖြစ်ကြောင်း၊ မဲရုံ၌ မဲပေးသည့်အချိန်တွင်လည်း တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံးတွင်ရှိသည့် မဲပေးသည့်နေရာများတွင် မည်သည့်မြို့နယ်၊ မည်သည့်မဲရုံ၌ မည်သို့မဲပေးသည်စသည်ဖြင့် လူဦးရေစာရင်း အကုန်ရှိကြောင်း၊ ဆက်သွယ်ရေးစနစ်အလွန်ကောင်းသည့် ခေတ်ကာလတွင် မိမိတို့အနေဖြင့် မသိစရာအကြောင်းမရှိပါကြောင်း၊ မဲစာရင်းထဲတွင် မှတ်ပုံတင်မပါသူ စာရင်းများတွေ့ရကြောင်း၊ ကိုယ်စားလှယ်လောင်းများက ပြော၍သိရကြောင်း၊ ယင်းမှာ မဲပေးသည့်နေ့ကဖြစ်စဉ် ဖြစ်ကြောင်း၊ မိမိကိုလည်း တိုင်ကြကြောင်း၊ တချို့ပါတီများက စာနဲ့ရေးပြီး ပြောကြကြောင်း၊ မဲဆန္ဒရှင်တစ်ဦးက ယင်း၏တွေ့ရှိချက်ကို မိမိထံ စာရေးပြီးတင်ပြကြောင်း၊ မိမိအနေဖြင့် ကျွမ်းကျင်သူများခေါ်၍ ဆွေးနွေးကြောင်း၊ နောက်ဆုံး ကွန်ပျူတာနှင့် တိုက်ဆိုင်စစ်ဆေးသည့်အခါတွင် ရလဒ်များထွက်လာကြောင်း၊ စထွက်သည့်အချိန်ကစ၍ UEC ကို ရှင်းပြရန် မိမိတောင်းဆိုကြောင်း၊ UEC က ရေငုံနှုတ်ပိတ်နေပြီး ထုတ်ပြန်ချက်များ ထုတ်ကြောင်း၊ ယင်းပြဿနာမှာ မည်သို့မျှ လက်ခံ၍မရကြောင်း၊ မိမိအနေဖြင့် လွှတ်တော်သို့စာရေး၍ အသိပေးကြောင်း။

## လွှတ်တော်ကငြင်းပယ်ခဲ့

ယင်းနောက် လွှတ်တော်အထူးအစည်းအဝေးခေါ်ရန်အတွက် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ နိုင်ငံရေးပါတီတချို့နှင့်ပေါင်းပြီး စာရေးတင်ပြကြောင်း၊ လွှတ်တော်က ငြင်းပယ်ခဲ့ကြောင်း၊ အမှန်အားဖြင့် လွှတ်တော်က ငြင်းပိုင်ခွင့်မရှိကြောင်း၊ အထူးအစည်းအဝေးကို ဥပဒေအရ ခေါ်ပေးပါဟု ပြောပါက ဥပဒေနှင့်ကိုက်ညီလျှင် ခေါ်ပေးရမည့်တာဝန်ရှိပြီး ငြင်းပယ်ခွင့်မရှိကြောင်း၊ နိုင်ငံတော်သမ္မတထံ ထပ်ပြီးတင်ပြကြောင်း၊ တရားဝင် ကာလုံခေါ်ပေးရန် တင်ပြသော်လည်း အသိအမှတ်မပြုကြောင်း၊ ထို့ကြောင့် အဆုံးအဖြတ်ပေးနိုင်သည့်သူကို စာရေးပါကြောင်း၊ အစိုးရအဖွဲ့ကိုယ်စားလှယ် မိမိထံလာတွေ့ပြီး ဆွေးနွေးခဲ့ရာ အကျိုးအကြောင်းများဖြင့် ရှင်းပြခဲ့ကြောင်း၊ ကိုယ်စားလှယ်များကလည်း လက်ခံကြောင်း၊ သို့သော် အဖြေမရခဲ့ကြောင်း၊ ထို့ကြောင့် တရားဝင်ဖြစ်အောင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာအစည်းအဝေး ခေါ်ပေးစေလိုကြောင်း နိုင်ငံတော်သမ္မတထံသို့ စာထပ်ရေးခဲ့ကြောင်း၊ ယင်းတို့ အကြောင်းပြန်ချက်မှာ သမ္မတနှင့် လွှတ်တော်တွင် ဆုံးဖြတ်ပိုင်ခွင့်မရှိကြောင်း၊ UEC နှင့်သာ သက်ဆိုင်ကြောင်း၊ UEC နှင့်သာ ရှင်းရန်လိုကြောင်းစသည်ဖြင့် တုံ့ပြန်ခဲ့ကြောင်း။

ဒီမိုကရေစီနည်းလမ်းအရ ဆောင်ရွက်ထားသည့် ရွေးကောက်ပွဲဖြစ်သည့်အတွက် မိမိအနေဖြင့် ယင်းကို မပျက်စီးစေလိုကြောင်း၊ အကြိမ်ကြိမ်အခါခါ သတင်းအချက်အလက်ပေးကြောင်း၊ သို့သော် မည်သို့မျှ မရသည့်အတွက် ယခုအနေအထားကိုရောက်ခဲ့ကြောင်း၊ ရွေးကောက်ပွဲကြောင့် ဖြစ်လာသည့် ပြဿနာအခြေခံကို ရှင်းပြခြင်းဖြစ်ကြောင်း။

ပုဒ်မ ၄၀ (ဂ) နှင့် ပုဒ်မ ၄၁၇ အရ နိုင်ငံတော်၏အာဏာကို အမွေရယူလိုခြင်းနှင့်အကျုံးဝင်နေသည်ကို တွေ့မြင်ရကြောင်း၊ ကျမ်းသစ္စာကျိန်ဆိုပြီး လွှတ်တော်ဥက္ကဋ္ဌများ၊ တာဝန်ရှိသည့်အဖွဲ့အစည်းများကို ဖွဲ့စည်းရန် လုပ်ဆောင်ခြင်းသည် အာဏာကို မတရားသဖြင့်ရယူရန် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ယင်းတို့မှာ ရွေးကောက်ပွဲမတိုင်မီကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲအပြီးကာလများတွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများဖြစ်ကြောင်း။

မိမိတို့တာဝန်ယူပြီးနောက် ရွေးကောက်ပွဲမဲစာရင်းနဲ့ပတ်သက်ပြီး ပြန်ပြီးစိစစ်မည်ဖြစ်ကြောင်း၊ ပြန်လည်စိစစ်ပြီး လုပ်သင့်လုပ်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲစာရင်းစစ်ရန်အတွက် ရွေးကောက်ပွဲကော်မရှင်က အရေးကြီးကြောင်း၊ အရေးပေါ်အခြေအနေကြေညာလိုက်သည့် အချိန်မှစပြီး ဥပဒေအရ ပျက်ပြယ်သွားပြီဖြစ်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်က အသစ်တက်လာမည်ဖြစ်ကြောင်း၊ ထူးခြားသည်မှာ ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သည့်မဲစာရင်းတွင် တတိယအကြိမ်မဲစာရင်းထုတ်ပြန်သည်ဟု ပြောဆိုခဲ့ကြောင်း၊ ပဏာမစစ်သည့်အချိန်တွင် တတိယမဲစာရင်းကို ရှာမရပါကြောင်း၊ ရှိကောင်းရှိနိုင်မည်ဖြစ်သော်လည်း အကုန်ရှိချင်မှ ရှိနိုင်မည်ဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအများစုသည် တတိယအကြိမ်မဲစာရင်းမရရှိကြဟု ပြောကြောင်း၊ မိမိအနေဖြင့် ယခုတာဝန်ရှိသူများနှင့် ပဏာမစစ်သည့်အချိန်တွင် တတိယအကြိမ် မဲစာရင်း ယခုအထိ မရသေးကြောင်း၊ သို့သော် တွေ့ရှိပါက တတိယအကြိမ်မဲစာရင်းကို ပြန်လည်စစ်ဆေးမည်ဖြစ်ကြောင်း၊ တပ်မတော်ကစစ်သည့်အခါ ပထမအကြိမ်မဲစာရင်းကို စစ်ကြောင်း၊ ဒုတိယအကြိမ်မဲစာရင်းရသည့်အချိန်တွင် ပထမအကြိမ်ရသည့် မဲစာရင်းနှင့် ဒုတိယအကြိမ်မဲစာရင်း သိပ်မကွာပါကြောင်း၊ အနည်းအကျဉ်းသာ ကွာကြောင်း၊ ထို့ကြောင့် မိမိတို့က မဲစာရင်းရလဒ်နှင့် ပတ်သက်ပြီး အတည်ပြုနိုင်ရန်အတွက် နံပါတ်တစ် လုပ်ဆောင်မည်ဖြစ်ကြောင်း၊ လုပ်ဆောင်ပြီးပါက ကြေညာမည်ဖြစ်ကြောင်း၊ မကြာခင် ကြေညာမည်ဖြစ်ကြောင်း၊ အကြမ်းဖျင်းမဟုတ်ဘဲ အကုန်လက်မှတ်ထိုးပြီး ကော်မတီတွင်လည်းတင်ပြ၍ ကော်မတီအကုန်လုံးကို အသိပေးပြီး ကြေညာမည်ဖြစ်ကြောင်း။

## အားသွန်ခွန်စိုက်လုပ်ရန်လိုအပ်

ဒုတိယအချက်အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါသည် တားဆီး၍ရသည့်ရောဂါမဟုတ်ပါကြောင်း၊ ကောင်စီဝင်များ မစုံလင်ချိန်တွင် သက်ဆိုင်ရာဝန်ကြီးများ ခန့်အပ်ပြီး ခေါ်တွေ့ပါကြောင်း၊ ကိုဗစ်-၁၉ အတွက် အားသွန်ခွန်စိုက်လုပ်ရန်လိုအပ်ပါကြောင်း၊ ကိုဗစ်က ကမ္ဘာတွင် ဒုက္ခအပေးဆုံးပြဿနာ ဖြစ်နေကြောင်း၊ ကမ္ဘာ့လူဦးရေသန်း ၁၀၀ ကျော်ခန့် ကိုဗစ်ရောဂါဖြစ်နေကြောင်း၊ သေဆုံးမှုလည်း အထိုက်အလျောက်ရှိကြောင်း၊ သို့သော်လည်း တားဆီး၍မရသည့် ကိစ္စမဟုတ်ပါကြောင်း၊ အားသွန်ခွန်စိုက်လုပ်ရန်အတွက် စည်းမျဉ်းစည်းကမ်းနှင့် တားဆီးရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ပြည်သူလူထုနှင့်လက်တွဲပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ နှင့်ပတ်သက်ပြီး လှူထားသည့် ပြည်တွင်း၊ ပြည်ပ ပုဂ္ဂိုလ်များရှိကြောင်း၊ စနစ်ဇယားဖြင့် စနစ်တကျရှိနေသည်ကို စိစစ်တွေ့ရှိရကြောင်း၊ သို့သော်လည်း မည်သို့သုံးစွဲထားသည်ကို ပြန်လည်ကြည့်ရမည်ဖြစ်ကြောင်း၊ တချို့နေရာများတွင် နိုင်ငံတော်ဘတ်ဂျက်မှ ကိုဗစ်ကယ်ဆယ်ရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများကို ရန်ပုံငွေပေးသည်များရှိပါကြောင်း၊ ဘီလီယံနှင့်ချီ၍ ပေးသည်များရှိကြောင်း၊ ပြည်သူလူထုက ပူးပေါင်းဆောင်ရွက်ရန်အတွက်လည်း ဖိတ်ခေါ်မည်ဖြစ်ကြောင်း၊ အကျိုးရှိရှိဖြင့် ထိထိရောက်ရောက် ပွင့်လင်းမြင်သာစွာ လုပ်ဆောင်သွားမည်ဟု ပြောလိုကြောင်း၊ ကာကွယ်ကုသရေးအပိုင်းတွင်လည်း အရှိန်အဟုန်ဖြင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့နောက် ကျေးလက်နေပြည်သူများနှင့် ရဟန်းသံဃာများ မကျန်စေရေးအတွက် လုပ်ဆောင်မည်ဖြစ်ကြောင်း၊ ထိတွေ့မှုများသည့် အလွှာနှင့်မဖြစ်မနေထမ်းဆောင်နေရသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များကိုလည်း ကာကွယ်ဆေးထိုးရမည်ဖြစ်ကြောင်း၊ အဓိက အခြေခံလူတန်းစားများ၊ တောင်သူလယ်သမားများ၊ ကျေးလက်များတွင်ရှိသည့် လူများ၊ အများစု ၇၀ ရာခိုင်နှုန်းကို အမြန်ဆုံး ထိရောက်အောင် ဆောင်ရွက်ပေးမှုရမည်ဟု တွေးမိပါကြောင်း။

တတိယသည် ကိုဗစ်ရောဂါနှင့်ပတ်သက်ပြီး ထိခိုက်ခဲ့သည့် စီးပွားရေးများ နာလန်ထူရန် မိမိတို့ကောင်စီက ကူညီပေးမည်ဖြစ်ကြောင်း၊ ငွေကြေးလိုအပ်ပါကလည်း ငွေချေးရန်အတွက် နည်းလမ်းရှာလုပ်ပေးမည်ဖြစ်ကြောင်း၊ ဘဏ္ဍာအခွန်ဝန်ကြီးနှင့် ဗဟိုဘဏ်ကိုလည်း ယခင်အတွေ့အကြုံရှိသည့်သူကိုသာ ပြန်လည်တာဝန်ပေးပါကြောင်း၊ ထို့ကြောင့် စီးပွားရေးကို ပြန်လည်တည့်မတ်အောင် လုပ်ရန်လိုပါကြောင်း၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုကိုလည်း ဖိတ်ခေါ်ပါကြောင်း၊ ဆောင်ရွက်ဆဲစီမံကိန်းများ၊ ခွင့်ပြုပြီး စီမံကိန်းများနှင့် ပတ်သက်ပြီး မိမိအနေဖြင့် အာမခံချက်ပေးပါကြောင်း၊ အစိုးရက မူအားဖြင့် သဘောတူပြီး ခွင့်ပြုချက်မရသေးသည်များ ရှိပါကြောင်း၊ ဥပမာအားဖြင့် ဘဏ္ဍာအခွန်ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှု၊ သစ်တောရေးရာဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနစသည့် ဌာနဆိုင်ရာအသီးသီး၏ အကြောင်းပြချက်များကို တစ်ဖွဲ့ချင်း ခေါ်ယူဆွေးနွေးပြီး အမြန်ဆုံး ခွင့်ပြုချက်ချပေးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကော်မတီများကို ပြန်ဖွဲ့ထားပြီး ကောင်စီဝင်များသည်လည်း အချို့နေရာများတွင် ကော်မတီဝင်များအဖြစ် ပါဝင်မည်ဖြစ်ကြောင်း၊ ဝိုင်းဝန်းစဉ်းစားပေးကြရန်ဖြစ်ကြောင်း၊ ယခင်အစိုးရက သဘောတူညီပြီးဖြစ်သည့် ခွင့်ပြုချက်စောင့်ဆိုင်းနေသည့် လုပ်ငန်းများကို အမြန်ဖွင့်ပေးစေရန် လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း၊ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်သည့် လုပ်ငန်းများကို အရှိန်အဟုန်မပျက်အောင် ဆက်ပြီးလုပ်နိုင်စေရေးအတွက် လုပ်ပေးမည်ဖြစ်ကြောင်း၊ ပြည်ပပို့ကုန်များများ ရရှိရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် မိမိတို့အပေါ် သံသယဖြစ်မှုများရှိပြီး တချို့နေရာတွင် ပိတ်ပင်တားဆီးမှုများရှိကြောင်း။

ထို့ကြောင့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ပို၍မြှင့်တင်ဆောင်ရွက်သွားရန် ကြိုးစားပေးမည်ဖြစ်ကြောင်း၊ နောက်ထပ်အရေးကြီးသည်မှာ ထာဝရငြိမ်းချမ်းရေးဖြစ်ကြောင်း၊ နိုင်ငံတစ်ခု၏ လိုအပ်ချက်တစ်ခုမှာ နိုင်ငံရေးတည်ငြိမ်မှုနှင့် လုံခြုံရေးတည်ငြိမ်မှုဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် NCA လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်၍ ပြောင်းလဲမှုရှိမည် မဟုတ်ကြောင်း၊ NCA လမ်းကြောင်းအတိုင်း သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်အခြေခံသည့် ပြည်ထောင်စုကိုသွားမည်ဖြစ်ကြောင်း၊ NCA နှင့်ပတ်သက်ပြီးရအောင် ဆွေးနွေးမည်ဖြစ်ကြောင်း၊ NCA နှင့်ပတ်သက်၍ အရေးပေါ်ကာလ တစ်နှစ်အတွင်း ဖြစ်နိုင်သမျှ ခိုင်ခိုင်မာမာဖြစ်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လက်မှတ်မထိုးရသေးသည့် အဖွဲ့များကိုလည်း လက်မှတ်ရေးထိုးနိုင်ရန် ကော်မတီကို ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ၎င်းတို့က ဦးဆောင်ပြီး ဆွေးနွေးမည်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင်လည်း လက်ခံတွေ့ဆုံ၍ ပြောဆိုမည်ဖြစ်ကြောင်း၊ မိမိတို့သွားနေသည့် ဒီမိုကရေစီဆိုသည်မှာ အားလုံးတူညီသည့် လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရန်၊ စိတ်တူသဘောတူသွားရန် လိုအပ်ကြောင်း၊ ယင်းကိုလည်း ကောင်စီဝင်များက ဆက်လက်ကူညီဆောင်ရွက်ပေးရန် ပြောလိုကြောင်း။

မဲစာရင်းများ စစ်သည့်အခါတွင် ၁၈ နှစ် မပြည့်သေးသူ များစွာတွေ့ရကြောင်း၊ မှတ်ပုံတင်မပါသည့်သူများ စာရင်းအတွင်းတွေ့ရကြောင်း၊ သန်းနှင့်ချီတွေ့ရကြောင်း၊ ထို့ကြောင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးကို ခေါ်တွေ့မေးမြန်းရာ ရန်ကုန်တွင်ရှိသည့် သူတော်တော်များများသည် နာဂစ်၌ အကြောင်းအမျိုးမျိုးဖြင့် ရောက်လာသည့်သူများဖြစ်ကြောင်း၊ ၎င်းတို့တွင် မှတ်ပုံတင်မရှိဟု ပြောကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားမှန်သမျှ မှတ်ပုံတင်ရရှိစေရန် အင်တိုက်အားတိုက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်နယ်များတွင် မှတ်ပုံတင်မရှိသည့် တိုင်းရင်းသားများရှိပါကြောင်း၊ ယင်းတို့ကိုလည်း အထူးစီမံချက်ထားပြီး ဝန်ကြီးဌာနက ဆောင်ရွက်ပေးရန် ပြောကြားထားကြောင်း၊ မိမိဖြည့်စွက်ပြောလိုသည်မှာ နိုင်ငံသားမှတ်ပုံတင်နှင့် သန်းခေါင်စာရင်းအားလုံး နိုင်ငံသားအားလုံးကို ခိုင်ခိုင်မာမာဖြစ်အောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ နောက်ထပ်ရပ်ထား၍ မရသည့်ကိစ္စတစ်ခုမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများ ကိစ္စဖြစ်ကြောင်း၊ နိုင်ငံတော်၏ အကျိုးစီးပွားကို မထိခိုက်ပါက သဘောတူညီချက်များကို ဆက်လက်ဆွေးနွေး၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆွေးနွေး၍ လက်ခံသင့်သည့်ကိစ္စရပ်များကို လက်ခံမည်ဖြစ်ပါကြောင်း၊ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အရေးပေါ်ကာလအတွင်း လုပ်ငန်းရပ်များကို မြန်မြန်ထက်ထက်ဖြင့် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ယင်းတို့ပြီးသည်နှင့် အထွေထွေရွေးကောက်ပွဲ ကျင်းပပေးမည်ဖြစ်ကြောင်း၊ ထို့ပြင် ဆောင်ရွက်ဆဲဖြစ်သည့် ကိုဗစ်ရောဂါတိုက်ဖျက်ရေးနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အရေးကြီးသည်မှာ ပို့ဆောင်ဆက်သွယ်ရေးဖြစ်ပြီး ရပ်ထား၍ မရပါကြောင်း၊ ထို့ကြောင့် တပ်မတော်က ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်သည့်ဌာနများကိုလည်း ကျွမ်းကျင်သည့်သူများနှင့် ဖွဲ့စည်းတာဝန်ပေးကြောင်း၊ အရေးအကြီးဆုံး နေရာအားလုံးတွင်လည်း ကျွမ်းကျင်သည့်သူများက တာဝန်ယူလုပ်ဆောင်နေကြောင်း၊ ယင်းကို ကြည့်ခြင်းအားဖြင့် မိမိတို့သည် စုပေါင်းဦးဆောင်မှုဖြင့် ဒီမိုကရေစီကို စနစ်တကျသွားရန်အတွက် ဦးတည်နေကြောင်း အကြမ်းဖျင်းအားဖြင့် မှန်း၍ရပါကြောင်း။ နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍လည်း မူဝါဒများပြောင်းလဲခြင်းမရှိကြောင်း၊ အခြေခံဥပဒေတွင် ပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ လွတ်လပ်၍ တက်ကြွသည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိကြောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူအပေါ်တွင် အခြေခံပြီးသွားမည်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံ အဖွဲ့ဝင်ဖြစ်သည်နှင့်အညီ အာဆီယံတွင်ပေးထားသည့် ကတိကဝတ်များအားလုံးကို လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အတူ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီသည့် ကုလသမဂ္ဂ၏ ပြဋ္ဌာန်းချက်များကိုလည်း လိုက်နာသွားမည်ဖြစ်ကြောင်း၊ မိမိတို့သည် မိမိတို့နိုင်ငံနှင့်ကိုက်ညီ၍ လက်ခံထားသည့် စည်းမျဉ်းစည်းကမ်းများ၊ ကုလသမဂ္ဂနှင့်ဆိုင်သည့် စည်းမျဉ်းစည်းကမ်းများအားလုံး လိုက်နာဆောင်ရွက်သွားမည်ဟု ကောင်စီဝင်များကို အသိပေးလိုကြောင်း၊ အဓိကအားဖြင့် မိမိတို့သည် တိုတောင်းလှသည့် ကာလအတွင်း အခြေအနေကို ပုံမှန်လမ်းကြောင်းအပေါ် ဖြောင့်အောင်သွားနိုင်ရန် လိုအပ်ကြောင်း၊ ယင်းကို ကောင်စီဝင်များကလည်း ပူးပေါင်းဆောင်ရွက်ပေးရန်၊ အကြံဉာဏ်ပေးရန်နှင့် လိုအပ်သည့်နေရာတွင် ဦးဆောင်ပေးရန် တင်ပြလိုကြောင်း ပြောကြားသည်။

## ဆွေးနွေးတင်ပြ

ယင်းနောက် ကောင်စီဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ Jeng Phang နော်တောင်၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ ဦးခင်မောင်ဆွေတို့က ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်တွင် ပါရှိသည့် နိုင်ငံရေးပါတီပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် အခြေခံကျသည့် ရပ်ကွက်၊ ကျေးရွာစီမံအုပ်ချုပ်ရေးကောင်စီများ အမြန်ဖွဲ့စည်းပြီး သမာသမတ်ကျသူများအား တာဝန်ပေးအပ်ရေး၊ နိုင်ငံတော်လုံခြုံရေးအတွက် လိုအပ်သောဥပဒေများအား ပြန်လည်ပြဋ္ဌာန်းပေးရေး၊ နိုင်ငံရေးအကျဉ်းသားများ လွတ်ငြိမ်းချမ်းသာခွင့်ပေးရေး၊ ငြိမ်းချမ်းရေးပိုမိုအောင်မြင်စွာဆောင်ရွက်နိုင်ရေး၊ ပြည်နယ်အုပ်ချုပ်ရေးကောင်စီများတွင် အဖွဲ့ဝင်များတိုးမြှင့်ခန့်ထားပေးရေး၊ ပြီးခဲ့သည့် ရွေးကောက်ပွဲ၌ ရခိုင်ပြည်နယ် မြို့နယ်အချို့တွင် ရွေးကောက်ပွဲကျင်းပနိုင်သည့် အခြေအနေရှိသော်လည်း မကျင်းပပေးခဲ့သည့်အတွက် အခွင့်အရေးများဆုံးရှုံးခဲ့မှု၊ တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများ၏ စားဝတ်နေရေးနှင့် အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုင်းရင်းသားရေးရာဝန်ကြီးဌာနများ ဖွဲ့စည်းပေးရေး၊ လွှတ်တော်ဥပဒေများ၊ နိုင်ငံရေးပါတီ ဖွဲ့စည်းခွင့်ဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေတို့တွင် ဖြည့်စွက်ချက်များ ထည့်သွင်းရေးနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံရေးအကျဉ်းသား လွတ်ငြိမ်းချမ်းသာခွင့်ပြုရေးကိစ္စကို စဉ်းစားပေးမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးကို မထိခိုက်စေရန်လိုကြောင်း၊ ယခုတင်ပြသည့်ဆွေးနွေးတင်ပြချက်များကို အကောင်းဆုံးဖြစ်အောင် စဉ်းစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြည့်စွက်ရှင်းလင်းမှာကြားခဲ့သည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ပွဲ စေတီတော်မြတ်ကြီး ပြန်လည်ဖူးမြော်ကြည်ညိုပွဲနှင့် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား တက်ရောက်ကြည်ညို



**ရန်ကုန် ဖေဖော်ဝါရီ ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့နံနက် ၅ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော် အထက်ပစ္စယံတနင်္ဂနွေထောင့်၌ကျင်းပသည့် ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ပွဲ၊ ချမ်းသာကြီးတန်ဆောင်း၌ ကျင်းပသည့် စေတီတော်မြတ်ကြီး ပြန်လည်ဖူးမြော်ကြည်ညိုပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲအခမ်းအနားတို့သို့ တက်ရောက်ဖူးမြော်ကြည်ညိုသည်။

အခမ်းအနားများသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ဩဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသ ဆရာတော်ကြီးထံမှ ဩ့ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်၍ နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ဩဝါဒါစရိယဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသထံမှ အနုမောဒနာတရား နာယူကာလှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဝရာ ဘိဝံသက ပဋ္ဌာန်းတရားရွတ်ဖတ်ပူဇော်ခြင်း အကျိုးတရားများ ဟောကြားချီးမြှင့်တော်မူသည်။

ယင်းနောက် မဟာပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်ကို သံပြိုင်ရွတ်ဆိုပူဇော်ကြပြီး တာဝန်ကျ ပဋ္ဌာဏဘာဏက ဆရာတော်က မဟာပဋ္ဌာန်းပါဠိတော်ကို ဆက်လက်ရွတ်ဖတ်ပူဇော်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန(ရန်ကုန်ရုံးခွဲ) အစည်းအဝေးခန်းမ၌ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူဘာသာရေးအသင်းအဖွဲ့ ၁၄ ဖွဲ့မှ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ လက်ရှိအခြေအနေနှင့် ဆောင်ရွက်ချက်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာသာသနာများကို တတ်နိုင်သမျှကူညီဆောင်ရွက်ပေးမည့် အခြေအနေကို ရှင်းလင်းပြောကြားပြီး ဘာသာရေးအသင်းအဖွဲ့အသီးသီးမှ ဘာသာရေးခေါင်းဆောင်များအနေဖြင့် လိုအပ်ချက်များ အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း ဆွေးနွေးစေလိုပြီး ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ခရစ်ယာန်ဘာသာရေးအသင်းအဖွဲ့ ခုနစ်ဖွဲ့၊ အစ္စလာမ်ဘာသာရေးအသင်းအဖွဲ့ ငါးဖွဲ့နှင့် ဟိန္ဒူဘာသာရေးအသင်းအဖွဲ့ နှစ်ဖွဲ့တို့မှ ဘာသာရေးခေါင်းဆောင် အသီးသီးက တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၈**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲနှင့် မန္တလေးဘဏ်ခွဲတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဒါရိုက်တာအစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

**အဓိကကျ**

အစည်းအဝေး၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေရေးကြေးရေးစနစ်ကို ဦးဆောင်ရသည့် အဖွဲ့အစည်းဖြစ်၍ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါသက်ရောက်မှုကြောင့် နိုင်ငံ၏ စီးပွားရေးအကျပ်အတည်းများ ဖြစ်ပေါ်နေချိန်တွင် ငွေရေးကြေးရေးပိုင်း၌ ချေးငွေများ ရရှိနိုင်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရေးအတွက် ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး ထိရောက်မြန်ဆန်စွာ ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ လုပ်ငန်းများအောင်အောင်မြင်မြင်ဖြစ်စေရေး နည်းလမ်းများကို ရှာဖွေပြီး လစ်ဟာမှုများမရှိစေရေး ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခေါင်းဆောင်ပိုင်းများအနေဖြင့် လုပ်ငန်းများအားလုံးကို ခြုံငုံနားလည်ပြီး ခေါင်းဆောင်မှုစွမ်းရည်တိုးတက်ပြည့်ဝရေး အမြဲလေ့လာဆောင်ရွက်ထားရန်ဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေး၊ ဝန်ထမ်းများ၏ ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များရရှိရေး၊ သုတေသနလုပ်ငန်းများကို အားကောင်းခိုင်မာလာစေရန် ဆောင်ရွက်ရေး၊ ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်များ ပိုမိုတိုးတက်ရေး၊ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် လုပ်ငန်းဆောင်ရွက်ရာ၌ သွက်လက်မြန်ဆန်ပြီး အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ငွေရေးကြေးရေးစနစ်တည်ငြိမ်ခိုင်မာမှုနှင့် ဈေးနှုန်းတည်ငြိမ်မှုများကို အောင်မြင်မှုရရှိစေရန် ကြိုးပမ်းဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တာဝန်ရှိသူများက မိမိတို့၏ လုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သောက်သုံးရေအခက်ကြုံနေသည့် ဘုန်းတော်ကြီးကျောင်းအား သောက်သုံးရေဂါလန် ၃၂၀၀ သွားရောက်လှူဒါန်း

**ညောင်ဦး ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ စက်စက်ယိုကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များ၊ ကျောင်းသား ကျောင်းသူများ သောက်သုံးရေအခက်ကြုံတွေ့နေရကြောင်းသိရ၍ ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက ညောင်ဦးမြို့ ဥပဒေမိသားစု ပရဟိတရေလှူအဖွဲ့က သောက်သုံးရေဖူလုံစေရန်အတွက် ရေဂါလန် ၃၂၀၀ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စက်စက်ယိုကျေးရွာတွင် အိမ်ခြေ ၁၈၂ အိမ်၊ လူဦးရေ ၉၀၀ ခန့်ရှိပြီး ဒေသခံပြည်သူများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြကာ ယခုလို ပွင့်လင်းရာသီချိန်များတွင် သောက်သုံးရေရှားပါးမှု အခက်အခဲများ ကြုံတွေ့နေရလေ့ရှိကြောင်း သိရသည်။ ယမန်နေ့ နံနက်ပိုင်းက ဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်၊ သံဃာတော်များနှင့် ကျောင်းသား ကျောင်းသူများ သောက်သုံးရေ အခက်ကြုံနေသည့်အတွက် ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာရှိ ပရဟိတရေလှူအဖွဲ့မှ ဦးဝင်းမင်းထွန်းနှင့်ချိတ်ဆက်၍ သောက်သုံးရေလာရောက်လှူဒါန်းပေးရေး အကူအညီတောင်းခံခဲ့သဖြင့် ညောင်ဦးမြို့ ဥပဒေမိသားစု ပရဟိတရေလှူအဖွဲ့က ညောင်ဦးခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ သောက်သုံးရေ ဂါလန် ၃၂၀၀ အား ဘုန်းတော်ကြီးကျောင်းရှိ ရေလှောင်အုတ်ရေကန်အတွင်း စနစ်တကျဖြည့်တင်းလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

စာပေမြင့်မှ လူမျိုးတင့်မည်

# ရခိုင်ပြည်နယ် မောင်တောမြို့၌ အသက် နှစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံ / တိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိ

**မောင်တော ဖေဖော်ဝါရီ ၈**

ရခိုင်ပြည်နယ် မောင်တောမြို့၌ အသက်နှစ်နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်းကို ဖေဖော်ဝါရီ ၅ ရက်မှ စတင်ကာ ရပ်ကွက်/ကျေးရွာအုပ်စုရှိ စုရပ်အသီးသီး၌ ကွင်းဆင်းကာ ထိုးနှံပေးလျက်ရှိကြောင်း မိခင်ကလေးကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်နီနီလွင်၏ ပြောကြားချက်အရ သိရသည်။



အဆိုပါ ပုံမှန်ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရန်အတွက် လာရောက်ထိုးနှံသည့် မိခင်နှင့် အသက်နှစ်နှစ်အောက် ကလေးများအား နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်စေခြင်း၊ စနစ်တကျ လက်ဆေးကြောစေခြင်းများကို ဆောင်ရွက်စေပြီး ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက် ကျေးရွာအုပ်စု စုရပ်အသီးသီးရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက် ကလေးများအား အဆုတ်ရောဂါ ကာကွယ်ဆေး၊ ငါးမျိုးစပ်၊ ဆံ့ဆို့ကြက်ညှာ၊ အသည်းရောင်အသားဝါ၊ ဦးနှောက်အမြေးရောင်၊ နမိုးနီးယားကာကွယ်ဆေး၊ ပိုလီယိုသောက်ဆေးနှင့် ထိုးဆေး၊ မေးခိုင်ရောဂါကာကွယ်ဆေး၊ ဝမ်းရောဂါ ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းနှင့် အသက်ငါးနှစ်အောက် ကလေးများအား ပုံမှန်ကာကွယ်ဆေးအပြင် ဗီတာမင်အေနှင့် သန်ချဆေးများ တိုက်ကျွေးခဲ့ကြသည်။ အဆိုပါ ဆေးထိုးနှံပေးခြင်းများကို အလှည့်ကျစနစ်ဖြင့် ကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ မြို့နယ်အတွင်းရှိ အသက်နှစ်နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင် မိခင်များအား ဖေဖော်ဝါရီ ၅ ရက်မှစ၍ ဖေဖော်ဝါရီ ၁၁ ရက်အထိ ထိုးနှံ တိုက်ကျွေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# ကျေးလက်ဒေသနေပြည်သူများ ဝင်ငွေတိုးတက်ရရှိရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် ဖေဖော်ဝါရီ ၇ ရက်တွင် အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ပျဉ်းမနားမြို့နယ်ရှိ GAP စံပြစိုက်ကွင်းကို လည်းကောင်း၊ တပ်ကုန်းမြို့နယ် အေးချမ်းသာကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးစံပြစီမံကိန်းလုပ်ငန်းများနှင့် ပေတောဥစားကြက် မွေးမြူရေးခြံကိုလည်းကောင်း၊ လိုက်ရေလှောင်တမံနှင့် ဆည်ရေသောက်စနစ်များကိုလည်းကောင်း လေ့လာကြည့်ရှုပြီး စီမံကိန်းတွင် ပါဝင်ဆောင်ရွက်နေကြသူများနှင့် လုပ်ငန်းအကောင်အထည်ဖော်မှုနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးသည်။



### ဆောင်ရွက်ပေးလျက်ရှိ

ပြည်ထောင်စုဝန်ကြီးက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် စိုက်ပျိုးမွေးမြူထုတ်လုပ်သူ တောင်သူလယ်သမားများနှင့် ကျေးလက်နေပြည်သူများ လယ်ယာလုပ်ငန်းမှ ဝင်ငွေများ တိုးတက်ရရှိရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဒေသနေပြည်သူများ မိမိရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကိုယ်တိုင်စီမံအုပ်ချုပ်နိုင်စွမ်းရှိစေရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် နည်းလမ်းမျိုးစုံဖြင့် ဖြည့်ဆည်းပေးနိုင်ရေး၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ကောင်းမွန်လာစေရန် ကျေးလက်နေလူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ အသက်မွေးဝမ်းကျောင်းပညာများ ကျွမ်းကျင်စွာ တတ်မြောက်ရေး၊ ဒေသအလိုက် အရည်အသွေးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးကို သက်ဆိုင်ရာဦးစီးဌာနများအနေဖြင့် ပူးပေါင်း အထူးအလေးထား စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အလားတူ လယ်ယာကဏ္ဍတွင်လည်း GAP , GAqP, GAHP စသည့် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရန်၊ အစားအစာဘေးကင်းလုံခြုံရေးနှင့် အာဟာရပြည့်ဝစွာ ထုတ်လုပ်နိုင်ရန်၊ ဝင်ငွေနှင့် အကျိုးအမြတ် ပိုမိုရရှိမည့် သီးနှံအမယ်သစ်များ ပြောင်းလဲစိုက်ပျိုးထုတ်လုပ်နိုင်ရန်၊ အစိုးရဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဘဏ်များနှင့် ငွေကြေးအဖွဲ့အစည်းများ၊ တောင်သူများပူးပေါင်း၍ ခေတ်မီ စိုက်ပျိုးမွေးမြူရေးစနစ် ထူထောင်ဆောင်ရွက်ပြီး ပြည်တွင်း ပြည်ပ ဈေးကွက်ရရှိရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### တိုးတက်လာလျက်ရှိ

စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း GAP ကျင့်စဉ်နှင့် အော်ဂဲနစ်စိုက်ပျိုးနည်း စနစ်များကို စိုက်ပျိုးထုတ်လုပ်သူများက စိတ်ဝင်တစား လုပ်ကိုင်လာမှုများရှိနေသကဲ့သို့ ယင်းထွက်ကုန်များအပေါ် စားသုံးသူများနှင့် ဈေးကွက်၏ တောင်းဆိုမှုများလည်း တိုးတက်လာလျက်ရှိကြောင်း၊ ပြည်တွင်း ပြည်ပ ဈေးကွက်ဖော်ဆောင်ရန် မဖြစ်မနေလိုအပ်သည့် အရည်အသွေးမြင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးကို တွန်းအားပေးဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း GAP စံနမူနာပြ ဟင်းသီးဟင်းရွက်စိုက်ခင်းများကို ပျဉ်းမနားမြို့နယ်ရှိ GAP စံပြစိုက်ကွင်း၌ စိုက်ပျိုးဆောင်ရွက်ပြသထားလျက်ရှိကြောင်း။

### ဆောင်ရွက်သွားမည်

အဆိုပါ စံပြစိုက်ကွင်းများအနေဖြင့် နည်းပညာပေးလုပ်ငန်းများအပြင် ရင်းနှီးမြှုပ်နှံမှု၊ အကျိုးအမြတ်၊ သီးနှံအရည်အသွေး၊ ဈေးကွက်အခြေအနေ စသည့် စိုက်ပျိုးလုပ်ကိုင်သူများ သိရှိလိုသည့် သတင်းအချက်အလက်များကို စနစ်တကျ လေ့လာပြုစုပြီး အတွေ့အကြုံကောင်းများကို စိုက်ပျိုးထုတ်လုပ်သူများနှင့် လယ်ယာစီးပွားလုပ်ငန်းများသို့ ရောက်ရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြောင်းလဲသက်ရောက်လျက်ရှိသည့် ရာသီဥတုကြောင့် ယခုနှစ်တွင် ဆည်များ ရေဝင်ရောက်မှု လျော့နည်းကျဆင်းလာသဖြင့် ရေအလေအလွင့်မရှိ အသုံးချနိုင်ရန်၊ ရေသောက်စနစ်များ အဆင့်မြှင့်တင်ရန်၊ တောင်သူများကိုယ်တိုင်ပါဝင်သည့် ရေသုံးစွဲသူများအဖွဲ့(WUG)များ၊ ရေသုံးစွဲသူများအသင်း (WUA)များ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ရန်၊ သက်တမ်းရင့် ဆည်တမံကြီးများ၏ လုံခြုံစိတ်ချရမှု မြှင့်တင်ရန်၊ ပင်မရေပေးမြောင်းကြီးများနှင့် လက်တံမြောင်းများ ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ဒေသခံကျေးလက်နေပြည်သူများ ပါဝင်ဆောင်ရွက်နိုင်ခြင်းဖြင့် ဝင်ငွေပိုမိုရရှိစေနိုင်မည့် နည်းလမ်းများကို ဖော်ဆောင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ကုန်သွယ်ရေးဦးစီးဌာန၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည့် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ကုန်သွယ်ရေးဦးစီးဌာန၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည့် အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ခန်းမ (၁) ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏ စီးပွားရေး၊ ကုန်သွယ်မှုကဏ္ဍများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်ပနိုင်ငံရှိ စီးပွားရေးသံမှူးများအနေဖြင့်လည်း မြန်မာ့ပို့ကုန်များ နိုင်ငံတကာသို့ ပိုမိုတင်ပို့နိုင်ရေးအတွက် ပြပွဲများ၊ ဈေးကွက်ရှာဖွေချိတ်ဆက်ခြင်းများကို ပိုမိုတွန်းအားပေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ကြုံတွေ့ခဲ့သည့် အခက်အခဲများကြောင့် e-Commerce လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးကိုလည်း အားပေးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တစ်ဖက်တွင် နိုင်ငံ၏စီးပွားရေးကဏ္ဍတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ မိမိတို့ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများကို ပံ့ပိုးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းတင်ပြပြီး အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းက ထပ်မံဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားသည်။



အဆိုပါ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

● **မော်လိုက်မှ**


ရေစိမ့်မြောင်းပြုပြင်ခြင်းလုပ်ငန်း၊ ရေသန့်ခြင်းလုပ်ငန်းနှင့် မြက်စိုက်ခြင်းလုပ်ငန်းများကို ရန်ပုံငွေကျပ် ၈၉ ဒသမ ၇ သန်းဖြင့် တင်ဒါအောင် TDA Construction ကုမ္ပဏီက လည်းကောင်း၊ မြက်ခင်းအား စပန်ကလာတပ်ဆင်ခြင်း၊ ဂါလန် ၅၀၀၀၀ဆံ့ ရေကန်၊ ဂါလန် ၂၀၀၀ ဆံ့ ရေကန်နှင့် အဝီစိတွင်းတူးခြင်းလုပ်ငန်းများကို ရန်ပုံငွေကျပ် ၇၃ ဒသမ ၈ သန်းဖြင့် တင်ဒါအောင် ခိုင်ခန့်မွန်ကုမ္ပဏီက လည်းကောင်း၊ အလျား ပေ ၄၀၊ အနံ ၃၄ ပေရှိ အားကစားနှင့်ကာယပညာဦးစီးဌာန ခရိုင်ရုံး RC တစ်ထပ် တည်ဆောက်ရေးလုပ်ငန်းကို ရန်ပုံငွေကျပ် ၄၂ ဒသမ ၉ သန်းဖြင့် တင်ဒါအောင် စောဝင်းမြိုင်ကုမ္ပဏီတို့က တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း ၎င်းထံမှ သိရသည်။

ယခုပြည်သူ့အားကစားကွင်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ပြီးစီးသွားပါက ကျွန်တော်တို့အနေဖြင့် ဘောလုံးကွင်းကို အမြဲတမ်းလိုလိုကောင်းမွန်နေအောင် ပြုပြင်ပေးနေရမည် ဖြစ်ကြောင်း၊ ကွင်းမပျက်စီးအောင် ဘောလုံးပြိုင်ပွဲများအားလုံးကို ဘောလုံးကွင်းအတွင်း ကစားခွင့်မပြုတော့ကြောင်း၊ ကွင်းဘေးရှိ အရန်ကွင်းတွင်သာ ကစားခွင့်ပြုသွားမည်ဖြစ်ပြီး ရှုံးထွက်ပွဲစဉ်များ၊ ဗိုလ်လုပွဲပွဲစဉ်များနှင့် ခရိုင်အဆင့်ပွဲများကိုသာ ကွင်းအတွင်း ကစားခွင့်ပြုသွားမည်ဖြစ်ကြောင်း ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးထံမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ယနေ့အချိန်အထိ ထူးချွန်သည့်အားကစားသမား မွေးထုတ်ပေးနိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားအနေဖြင့် မြန်မာနိုင်ငံမြားပစ်လက်ရွေးစင် အမျိုးသမီး တစ်ဦး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လက်ရွေးစင် ဘောလုံးကစားသမား ခုနစ်ဦး၊ ဘိလိယက်စနူကာအားကစားသမား တစ်ဦး၊ စားပွဲတင်တင်းနစ်ကစားသမား တစ်ဦး၊ ရေကူးကစားသမား တစ်ဦး၊ စက်ဘီးစီးကစားသမား တစ်ဦးနှင့် သေနတ်ပစ်ကစားသမား တစ်ဦး စုစုပေါင်း တိုင်းဒေသကြီး/ပြည်နယ်လက်ရွေးစင် ကစားသမား ၁၃ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

**မော်လိုက်သားလေး**

■



# ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြုဝန်ထမ်းအသီးသီးတို့သည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှစွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၈)ရက်

# ပြည်သူလူထုထံ ပန်ကြားချက်

**ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်**

ပြည်သူများ၏ နေ့စဉ်စားဝတ်နေရေးနှင့် စီးပွားရေးလုပ်ငန်းဆောင်တာများ အဆင်ပြေစေရန် ဘဏ်များက နေ့စဉ်ဝန်ဆောင်မှုပေးလျက်ရှိကြပါသည်။ ဘဏ်လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ခြင်းသည် နိုင်ငံစီးပွားရေး၏ အဓိကအခြေခံလိုအပ်ချက်တစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံအတွင်း ဘဏ်လုပ်ငန်းများစနစ်တကျဖြင့် အခြေခံခိုင်မာစွာ ပုံမှန်လည်ပတ်နိုင်စေရန် ကြီးကြပ်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူလူထုကလည်း နိုင်ငံ၏စီးပွားရေးတည်ငြိမ်မှုကိုရှေးရှုပြီး ဘဏ်များပုံမှန်လုပ်ကိုင်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးဌာနရှိ အရာထမ်းများ၊ အမှုထမ်းများ၊ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများ၊ ဌာနများ၊ ဂေဟာများ၊ မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်းများနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်းတို့ရှိ အရာထမ်းများ၊ အမှုထမ်းများအား Zoom Meeting ဖြင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များအား ချမှတ်ထားသည့် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်သူကိုအခြေခံသည့်ပုံစံဖြင့် လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် အလုပ်အပေါ်စေတနာထားပြီး မြန်မြန်ဆန်ဆန် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ပြဿနာတစ်ခုကို အရှိအတိုင်းသိမှ မှန်မှန်ကန်ကန် ဖြေရှင်းနိုင်မည်ဖြစ်သည့်အတွက် လုပ်ငန်းများဆောင်ရွက်သည့်အခါတွင် ကြုံတွေ့နိုင်သည့် အခက်အခဲများနှင့်ပြဿနာများကိုပွင့်ပွင့်လင်းလင်း တင်ပြစေလိုပါကြောင်း။

လုပ်ငန်းများတွင် တွေ့ကြုံရသည့် အခက်အခဲပြဿနာများကို ဖြေရှင်းနိုင်ရန် အရေးကြီးပါကြောင်း၊ ဝန်ကြီးဌာနအချင်းချင်း အပြန်အလှန် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် စေတနာဖြင့် လုပ်ဆောင်ပေးကြရန် လိုအပ်ပါကြောင်း၊ အရပ်ဘက်၊ စစ်ဘက်ဆက်ဆံရေးတည်ဆောက်ပြီး လုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အရပ်ဘက်၊ စစ်ဘက်ဆက်ဆံရေး မတည်ဆောက်နိုင်ဘဲ ရှေ့ဆက်လုပ်ငန်းများဆောင်ရွက်လျှင် အဆင်ပြေနိုင်မည်မဟုတ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရုံးချုပ်နှင့်တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများ၊ ဌာနများ၊ ဂေဟာများ၊ မူးယစ်ဆေးဖြတ်ပြီးသူများ၊ ပြန်လည်ထူထောင်ရေးစခန်းများနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းကျောင်းရှိ ဝန်ထမ်းများက မိတ်ဆက်ကြသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့က ဝန်ကြီးရုံးနှင့် ဦးစီးဌာနများအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၏ အခြေအနေ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများရှိ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းနှင့်အမှုထမ်းများ တက်ရောက်ကြသည်။



တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက မိမိသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခန့်အပ်တာဝန်ပေးချက်အရ ယခုကဲ့သို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခြင်းဖြစ်ပါကြောင်း၊ ယခင်အချိန်များကလည်း တိုင်းပြည်၏တာဝန်များကို ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပြီး အထူးသဖြင့် တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဆောင်ရွက်ခဲ့ရကြောင်း၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)တွင်လည်း အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလိုက်ပါဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် အထူးပြောကြားလိုသည်မှာ နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် အလျောက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေတွင် ပါရှိသည့်အတိုင်း ဥပဒေဘောင်အတွင်းနေထိုင်ရန်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့် အမိန့်ညွှန်ကြားချက်များ လိုက်နာရန်နှင့် ပါတီနိုင်ငံရေးကင်းရှင်းရန် မှာကြားလိုကြောင်း၊ ဝန်ထမ်းများ စည်းလုံးညီညွတ်မှ လုပ်ငန်းခွင်အတွင်း ပျော်ရွှင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် မိသားစုသဖွယ် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အချုပ်အားဖြင့်ဆိုပါက ဝန်ထမ်းများအနေဖြင့် မိမိ၏ Identity ကို ယုံကြည်ရန်၊ မိမိအနေဖြင့်လည်း တိုင်းရင်းသားများအတွက် ဆောင်ရွက်သွားမည်ဟု ကတိပြုပါကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် မိမိတို့၏လိုအပ်ချက်နှင့် အခက်အခဲများကို ပွင့်လင်းစွာ တင်ပြဆွေးနွေးနိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဝန်ထမ်းများက လိုအပ်သည်များတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေနံချောင်းမြို့နယ်အတွင်း မိုးရာသီ၌ သစ်ပင်ပေါင်း ၅၀၀၀၀ ကျော် စိုက်ပျိုးမည်

**ရေနံချောင်း ဖေဖော်ဝါရီ ၈**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မိုးရာသီတွင် ရေနံချောင်းမြို့နယ်အတွင်း သစ်ပင်မျိုးစုံပေါင်း ၅၀၀၀၀ ကျော်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ရေနံချောင်းမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ရေနံချောင်းမြို့နယ်အတွင်း မိုးရာသီစိမ်းလန်းစိုပြည်ရေးအတွက် အထူးစိမ်းပင်ကြီး ၂၅၀၀၀ နှင့် ကျေးရွာဒေသခံများ ထင်းလောင်စာနှင့် အခြေခံသစ်တောထွက်ပစ္စည်းများဖူလုံစွာရရှိနိုင်စေရန် ကျေးရွာသုံး ထင်းစိုက်ခင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစိုက်ခင်းများတည်ထောင်ရန်အတွက် သစ်ပင်ပေါင်း ၃၂၀၀၀ အားထည့်သွင်းစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

**ကိုဗစ်-၁၉ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

# ဂျပန်နိုင်ငံရှိ နိုင်ငံသားတိုင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးရရှိမည်ဟု ဝန်ကြီးချုပ်ဆူဂါ ပြောကြား



**တိုကျို ဖေဖော်ဝါရီ ၈**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်ရာတွင် အဓိကအရေးကြီးသည့်အတွက် ဂျပန်နိုင်ငံရှိ နိုင်ငံသားတိုင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးရရှိမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်ဆူဂါက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အတည်ပြုရာတွင် အနောက်နိုင်ငံများထက် နောက်ကျကျန်နေသည်ကို မိမိအနေဖြင့် သတိပြုမိပါကြောင်းလည်း ဂျပန်ဝန်ကြီးချုပ် ဆူဂါက ယနေ့တွင် အောက်လွှတ်တော်ကော်မတီတစ်ရပ်သို့ ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်သူအရေအတွက်သည် လက်ရှိတွင် အနောက်နိုင်ငံများထက် လျော့ကျမှုရှိခဲ့ကြောင်းလည်း ဝန်ကြီးချုပ်ဆူဂါက ပြောကြားခဲ့သည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ၏ ထိရောက်မှုရှိခြင်းနှင့် ဘေးကင်းလုံခြုံမှုရှိခြင်းတို့ကို သေချာစေရန် ကျန်းမာရေးအာဏာပိုင်များက စစ်ဆေးနေရခြင်းကြောင့် ကာကွယ်ဆေးများအသုံးပြုခြင်းဆိုင်ရာ အတည်ပြုခြင်းလုပ်ငန်းစဉ်များမှာ အချိန်ကြာမြင့်နေရခြင်းဖြစ်ကြောင်းလည်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ဂျပန်နိုင်ငံအစိုးရအနေဖြင့် ဖေဖော်ဝါရီလလယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ဂျပန်နိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လေးသိန်းကျော်၊ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၄၀၀ ကျော်နှင့် ပြန်လည်ကျန်းမာလာသူ ၃၆၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**



# ဟီရိုရှီးမားငြိမ်းချမ်းရေးအထိမ်းအမှတ်ပြတိုက် ပြန်လည်ဖွင့်လှစ်

**တိုကျို ဖေဖော်ဝါရီ ၈**

ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့အား ၁၉၄၅ ခုနှစ်က အမေရိကန်နိုင်ငံ၏ အဏုမြူဗုံးကြဲချခံခဲ့ရသည့် အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ခဲ့သည့် ဟီရိုရှီးမားငြိမ်းချမ်းရေးအထိမ်းအမှတ်ပြတိုက်ကို ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဟီရိုရှီးမားငြိမ်းချမ်းရေးအထိမ်းအမှတ်ပြတိုက်ကို နံနက် ၈ နာရီခွဲတွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီးနောက် ပြတိုက်အတွင်းသို့ ဝင်ရောက်လာသည့် ပြည်သူများသည် ဗုံးကြဲခံရမှု၏ ကြောက်မက်ဖွယ်ရာများကို ပြသထားသည့် ဓာတ်ပုံများအပါအဝင် အခြားသော ပြကွက်များစွာကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ယင်းပြတိုက်၏ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များ၏ တစ်စိတ်တစ်ဒေသအဖြစ် လာရောက်ကြည့်ရှုသူအရေအတွက်ကို မိနစ် ၃၀ လျှင် လူဦးရေ ၂၀၀ နှုန်း သတ်မှတ်ထားပြီး လာရောက်ကြည့်ရှုသူများအား ပြတိုက်အဝင်၌ အပူချိန်တိုင်းတာမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါပြတိုက်တွင် အဏုမြူဗုံးကြဲချစဉ် အသက်ရှင်လွတ်မြောက်လာသူများက ၎င်းတို့၏အတွေ့အကြုံများအား ပြန်လည်ဝေမျှသည့်အစီအစဉ်ကို ဆောင်ရွက်နိုင်ရန် ပြတိုက်တာဝန်ရှိသူများက စီစဉ်လျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**

# အာဖဂန်နစ္စတန်နိုင်ငံက ပထမအသုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၅၀၀၀၀၀ လက်ခံရရှိ

**ကဘူးလ် ဖေဖော်ဝါရီ ၈**

အာဖဂန်နစ္စတန်နိုင်ငံသည် ယမန်နေ့က အိန္ဒိယနိုင်ငံမှ ပထမအသုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ လက်ခံရရှိခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပြောကြားသည်။

သမ္မတ အက်ရှ်ရက်ဖ်ဂါနီက အာဖဂန်နစ္စတန်နိုင်ငံသို့ အကူအညီများ အချိန်မီပေးပို့သည့်အတွက် အိန္ဒိယအစိုးရနှင့် ပြည်သူများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးလုပ်သားများနှင့် ရောဂါအခံရှိသူများကို ကာကွယ်ဆေး ဦးစားပေးထိုးနှံပေးရန် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနသို့ ညွှန်ကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံသည် အိန္ဒိယနိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံးရေ ၅၀၀၀၀၀ လက်ခံရရှိခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများကို ဦးစားပေး၍ ကာကွယ်ဆေးထိုးနှံပေးမည်ဟု ခေတ္တပြည်သူ့ကျန်းမာရေးဝန်ကြီး ဝါဟစ်မာဂျိုက ပြောသည်။ “သက်ကြီးပြည်သူတွေနဲ့ နှလုံးရောဂါ၊ သွေးတိုးနဲ့ ဆီးချိုရောဂါအခံရှိတဲ့ လူနာတွေက ဒုတိယအဆင့်မှာ ကာကွယ်ဆေးထိုးနှံခံရမှာပါ” ဟု ၎င်းက ပြောသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၄ ဦး တွေ့ရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၅၅၃၅၉ ဦး ရှိလာခဲ့ကြောင်း သိရသည်။

**ကိုးကား-ပီတီအိုင်၊ ဘာသာပြန်-ကျော်ထိုက်စိုး**



# အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁ ဒသမ ၉၈ သန်းအထိရှိလာ

**ဗျူနိုအေးရိစ် ဖေဖော်ဝါရီ ၈**

အာဂျင်တီးနားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၆၅၈ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၉၈၀၃၄၇ ဦး အထိ ရှိလာခဲ့ကြောင်း အာဂျင်တီးနားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထို့ပြင် ယနေ့တွင် အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရခြင်းကြောင့် သေဆုံးသူ ၆၁ ဦးရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၉၁၇၁ ဦးရှိလာခဲ့ကြောင်း အဆိုပါကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

လက်ရှိတွင် အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၇၇၈၉၆၅ ဦး အထိ ရှိလာခဲ့ခြင်းကြောင့် ပိုးတွေ့ဆဲလူနာ ၁၅၂၂၁၁ ဦးသာ ကျန်ရှိတော့ကြောင်း သိရသည်။



အာဂျင်တီးနားနိုင်ငံ၌ ဗျူနိုအေးရိစ်ပြည်နယ်သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အများဆုံးဖြစ်ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၂၆၄၈၂ ဦး ရှိခဲ့ကာ အဆိုပါအရေအတွက်သည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း၏ ၄၁ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# တရုတ်နိုင်ငံနှင့် ဥရောပနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အွန်လိုင်းပြပွဲ ကျင်းပ

**ပေကျင်း ဖေဖော်ဝါရီ ၈**

တရုတ်နိုင်ငံနှင့် ဥရောပအလယ်ပိုင်းနှင့် အရှေ့ပိုင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အွန်လိုင်းပြပွဲကို ယနေ့ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် တရုတ်နှင့် ဥရောပနိုင်ငံများအကြားရရှိခဲ့သော ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အောင်မြင်မှုများနှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံ ၁၄၅ ပုံကို ပြသခဲ့သည်။ တရုတ်နိုင်ငံနှင့် ဥရောပနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စင်္ကြံကို ၂၀၁၂ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး အခြေခံအဆောက်အအုံ၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေးနှင့်ရင်းနှီးမြှုပ်နှံမှု၊ ဇီဝဆိုင်ရာဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး၊ ယဉ်ကျေးမှုနှင့် ပညာရေး၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် သိပ္ပံနှင့် နည်းပညာနယ်ပယ်တို့တွင်လည်း ပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

တရုတ်နှင့် ဥရောပနိုင်ငံများအကြား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပြုလုပ်နေကြောင်း သိရသည်။ တရုတ်နိုင်ငံနှင့် ဥရောပနိုင်ငံများ အကြားရရှိခဲ့သော သဘောတူညီချက်များသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာကောင်းများကို ယူဆောင်လာခဲ့သည်ဟု အဆိုပါပြပွဲကို ကြီးမှူးကျင်းပသည့် China Intercontinental Press က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# အင်ဒိုနီးရှားနိုင်ငံ၌ ကျန်းမာရေးဝန်ထမ်း ရှစ်သိန်းကျော် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူ

**ဂျကာတာ ဖေဖော်ဝါရီ ၈**

လက်ရှိအချိန်အထိ အင်ဒိုနီးရှားနိုင်ငံတွင် ကျန်းမာရေးဝန်ထမ်း ၈၁၁၀၀၀ ခန့်သည် တရုတ်နိုင်ငံ Sinovac ကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူ ခဲ့ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီး ဘူဒီဂူနာဒီဆာဒီကင်က ယနေ့ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ထို့အပြင် အင်ဒိုနီးရှားနိုင်ငံတွင် ကျန်းမာရေးဝန်ထမ်း ၁၆၇၀၀၀ ခန့်သည်လည်း တရုတ်နိုင်ငံ Sinovac ကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံမှုခံယူခဲ့ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

သို့သော် အင်ဒိုနီးရှားကျန်းမာရေးဝန်ထမ်း ၁၉၃၀၀၀ ခန့်သည် သွေးတိုးရောဂါနှင့် ဆီးချိုရောဂါကဲ့သို့သော ရောဂါများ သို့မဟုတ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့်အတွက် ၎င်းတို့အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးရမည့်နေ့ကို ရွှေ့ဆိုင်းထားကြောင်း ဝန်ကြီးက ပြောသည်။



အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနသည် ယခုလကုန်မှစ၍ အခြားဦးစားပေးအုပ်စုမှ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ထားပြီး ယင်းအစီအစဉ်မတိုင်မီ နိုင်ငံအတွင်းရှိ ကျန်းမာရေးဝန်ထမ်း ၁ ဒသမ ၅ သန်းခန့်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ထားသည်။

အင်ဒိုနီးရှားအစိုးရသည် ဇန်နဝါရီ ၁၄ ရက်မှစ၍ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများကို ပထမဦးစားပေးအုပ်စုအနေဖြင့် ထိုးနှံပေးလျက်ရှိသည်။ ထို့အပြင် အင်ဒိုနီးရှားအစိုးရသည် နိုင်ငံတစ်ဝန်းရှိ ပြည်သူ ၁၈၁ ဒသမ ၅ သန်းကိုလည်း ၁၅ လအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပြီးသတ်ထိုးနှံပေးရန် စီစဉ်ထားကြောင်း သိရသည်။

အင်ဒိုနီးရှားအစားအသောက်နှင့် ဆေးဝါးထိန်းချုပ်ရေးအေဂျင်စီသည် တရုတ်နိုင်ငံ Sinovac ကုမ္ပဏီထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အသက် ၆၀ နှင့်အထက်ရှိပြည်သူများအတွက် အရေးပေါ်အသုံးပြုရန် ယမန်နေ့က အတည်ပြုလိုက်သည်။

အင်ဒိုနီးရှားအစိုးရသည် ယခင်က Sinovac ကုမ္ပဏီ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသက် ၁၈ နှစ်နှင့် ၅၉ နှစ်အရွယ်အကြား ပြည်သူများအတွက်သာ အတည်ပြုခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၂၄၂ ဦး ထပ်မံတွေ့ရှိခဲ့ပြီး လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၁၁၆၆၀၇၉ ဦး ရှိလာခဲ့သည်။

ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၂၀၇ ဦး ထပ်မံသေဆုံးခဲ့သဖြင့် အင်ဒိုနီးရှားနိုင်ငံ၌ ထိုရောဂါကြောင့် သေဆုံးသူပေါင်း ၃၁၇၆၃ ဦး ရှိလာကြောင်း အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – ဂျေတီ

❖

# တောင်အာဖရိကနိုင်ငံက AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို ယာယီရပ်ဆိုင်းထားမည်

**အဒစ်အဘာဘာ ဖေဖော်ဝါရီ ၈**

တောင်အာဖရိကနိုင်ငံသည် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ယာယီရပ်ဆိုင်းထားမည်ဖြစ်ကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံသို့ ဖေဖော်ဝါရီ ၁ ရက်တွင် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ စုစုပေါင်းတစ်သန်း ရောက်ရှိခဲ့ပြီး တောင်အာဖရိကအစိုးရအနေဖြင့် ကျန်းမာရေးဝန်ထမ်းများအား ယခုသီတင်းပတ်အတွင်း အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်း စတင်ဖြစ်ပွားပြီးနောက်ပိုင်း နိုင်ငံအတွင်း၌ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု တွေ့ရှိခဲ့ပြီး AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် အဆိုပါ ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကို တိုက်ဖျက်ရန်အတွက်မူ ထိရောက်မှုအနည်းငယ်သာရှိခဲ့ကြောင်း လေ့လာမှုတစ်ရပ်က ဖော်ပြထားသည်။ Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် တောင်အာဖရိက၌ တွေ့ရှိခဲ့သည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကို တိုက်ဖျက်ရာတွင် ထိရောက်မှုရှိကြောင်း ဆေးသိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။

လက်ရှိတွင် တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁ ဒသမ ၄၈ သန်းကျော်ရှိပြီး ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၆၂၉၀ ရှိခဲ့ကာ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသူ စုစုပေါင်း ၁ ဒသမ ၃၆ သန်းကျော်ရှိလာခဲ့ကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံသည် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုနှင့် သေဆုံးမှုတွင် အများဆုံးနိုင်ငံဖြစ်ပြီး အာဖရိကတိုက်တစ်ဝန်းလုံးတွင်မူ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃ ဒသမ ၆၆ သန်းရှိသွားပြီဖြစ်ကြောင်းလည်း သိရသည်။

ကိုးကား–ဂလိုဘယ်တိုင်းမ်
ဘာသာပြန်–အလင်းသစ်






# အိန္ဒိယနိုင်ငံ၌ ရေခဲတောင်ပြိုကျမှုကြောင့် သေဆုံးသူ ၁၄ ဦးအထိ ရှိလာပြီး ၂၀၀ ကျော် ပျောက်ဆုံးနေ

**နယူးဒေလီ ဖေဖော်ဝါရီ ၈**

အိန္ဒိယနိုင်ငံမြောက်ပိုင်း တောင်ထူထပ်သော ဥတ္တရာခန်းပြည်နယ်တွင် ယမန်နေ့က ရေခဲတောင်ပြိုကျမှု ဖြစ်ပွားခဲ့ရာ လက်ရှိအချိန်အထိ သေဆုံးသူ ၁၄ ဦးအထိ ရှိလာခဲ့ပြီး ၂၀၀ ကျော် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း တရားဝင်သတင်းရင်းမြစ်က ယနေ့ အတည်ပြုဖော်ပြထားသည်။

ဖေဖော်ဝါရီ ၇ ရက် ဒေသစံတော်ချိန်နံနက်ပိုင်းက ဖြစ်ပွားခဲ့သည့် အဆိုပါရေခဲတောင်ပြိုကျမှုကြောင့် ဒေသတွင်းရှိ ရေအားလျှပ်စစ်စီမံကိန်းနှစ်ခုကို ဆိုးရွားစွာထိခိုက်သွားသည့်အပြင် ၁၄ ဦး သေဆုံးပြီး ရေအားလျှပ်စစ်စီမံကိန်း၌ အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သမား ၂၀၀ ကျော် ပျောက်ဆုံးသွားခဲ့သည်။ အဆိုပါပျောက်ဆုံးသူများတွင် ဒေသခံရွာသား ၁၁ ဦးနှင့် ရေအားလျှပ်စစ်စီမံကိန်းနှစ်ခုမှ အလုပ်သမား ၁၉၀ တို့ပါဝင်ကြောင်း သိရသည်။

"ရေခဲတောင်ပြိုကျမှုမှာ ပျောက်ဆုံးနေတဲ့ လူအများစုဟာ နိုင်ငံရဲ့အရှေ့ဘက် ဘီဟာပြည်နယ်နဲ့ မြောက်ဘက် ဥတ္တာပရာဒေ့ရှ်ပြည်နယ်တွေမှလာပြီး ရေအားလျှပ်စစ်စီမံကိန်းမှာ အလုပ်လုပ်ကိုင်နေတဲ့သူတွေဖြစ်ပါတယ်"ဟု ဥတ္တာရာခန်းပြည်နယ်ရဲတပ်ဖွဲ့မှ အကြီးအကဲ အာရှော့ခ်ကူမာက ပြောသည်။

ရေအားလျှပ်စစ်စီမံကိန်းရှိ မီတာ ၁၈၀၀ ခန့်ရှည်လျားသော လိုဏ်ဂူတစ်ခုထဲတွင် အလုပ်သမားများ အလုပ်လုပ်နေကြစဉ် ရေခဲတောင်ပြိုကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အလုပ်သမား ၄၀ ခန့်မှာ ရေခဲအပိုင်းအစများဖြင့် ပိတ်မိသွားသည်။ ကယ်ဆယ်ရေးလုပ်သားများသည် ရေခဲတောင်ပြိုကျမှု ဖြစ်ပွားခဲ့ပြီးနောက် ကူညီကယ်ဆယ်ရေးလုပ်ငန်းကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိပြီး လက်ရှိအချိန်အထိ ၁၂ ဦးကို လိုဏ်ဂူထဲမှ ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ရေခဲတောင်ပြိုကျမှုတွင် အနည်းဆုံး ဒေသခံငါးဦးနှင့်အတူ အိမ်မွေးသိုးနှင့် ဆိတ်အကောင်ရေ ၁၈၀ ခန့်လည်း ပျောက်ဆုံးသွားကြောင်း ဥတ္တာရာခန်းပြည်နယ်ဝန်ကြီးချုပ် ထရီဗင်ဒရာဆင်းရာဝတ်၏ ပြောကြားချက်အရ သိရသည်။

ရေခဲတောင်ပြိုကျမှုကြောင့် ပြည်နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာသို့ ဆက်သွယ်သည့်လမ်းများ ပိတ်ဆို့သွားပြီး တာဝန်ရှိသူများသည် အဆိုပါကျေးရွာများရှိ ဒေသခံပြည်သူများအား အစားအစာနှင့် ဆေးဝါးပစ္စည်းများ ပို့ဆောင်ပေးနိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း ဒေသဆိုင်ရာသဘာဝဘေးစီမံခန့်ခွဲရေး အေဂျင်စီရုံးက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ

# ဖိလစ်ပိုင်နိုင်ငံ၌ ဖေဖော်ဝါရီ ၁၅ ရက်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ် စတင်မည်

**မနီလာ ဖေဖော်ဝါရီ ၈**

ဖိလစ်ပိုင်နိုင်ငံက ဖေဖော်ဝါရီ ၁၅ ရက်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ် စတင်မည်ဟု သမ္မတရုံးက ယနေ့ ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၌ အတည်ပြု ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ၅၃၇၀၀၀ ကျော်ရှိရာ အာရှတိုက်တွင် ဗိုင်းရပ်စ်ကူးစက်မှု အမြင့်ဆုံးနိုင်ငံများတွင် ပါဝင်သည်။ ဖိလစ်ပိုင်အစိုးရက ယခုနှစ်အတွင်း ပြည်သူ သန်း ၇၀ ခန့် သို့မဟုတ် လူဦးရေ၏ သုံးပုံနှစ်ပုံကို ဗိုင်းရပ်စ်ကာကွယ်ဆေး ထိုးနှံပေးရန် မျှော်လင့်ရသည်။

ဖိလစ်ပိုင်နိုင်ငံက ယခုနှစ် ပထမသုံးလအတွင်း COVAX အစီအစဉ်မှ တစ်ဆင့် ကိုဗစ်ကာကွယ်ဆေး အလုံးရေ ၁၀ သန်းရရှိမည်ဖြစ်ပြီး ယခုလ တတိယပတ်တွင် Pfizer ကာကွယ်ဆေး အလုံးရေ ၁၁၇၀၀၀ ရရှိမည်ဟု မျှော်မှန်းရကြောင်း ကာကွယ်ဆေးအစီအစဉ်အကြီးအကဲ ကာလစ်တိုဂါဗက်ဇ်က ပြောသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဗိုင်းရပ်စ်ကာကွယ်ဆေး ထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ထမ်းများကို ဦးစားပေးစာရင်းတွင် ထည့်သွင်းထားကြောင်း သိရသည်။

ကိုးကား–အေဘီအက်စ်
ဘာသာပြန်–ကျော်ထိုက်စိုး



## ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉ ဒသမ ၅ သန်းကျော်ရှိလာ

**ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၈**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၆၈၄၅ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၉၅၂၄၆၄၀ အထိ ရှိလာခဲ့ကြောင်း ဘရာဇီးကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထို့ပြင် ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာ ကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကြောင့် သေဆုံးသူ ၅၂၂ ဦးရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၃၁၅၃၄ ဦးအထိ ရှိလာခဲ့ကြောင်း အဆိုပါကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဆော်ပေါ်လိုပြည်နယ်သည် ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်သေဆုံးမှု အများဆုံးပြည်နယ်ဖြစ်ပြီး လက်ရှိတွင် အဆိုပါပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၈၄၉၃၃၄ ဦးနှင့် သေဆုံးသူ ၅၆၉၁၄ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်မှာ အမေရိကန်နိုင်ငံပြီးပါက သေဆုံးမှုဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှုတွင်မူ အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ပြီးပါက ကူးစက်မှုတတိယအများဆုံးနိုင်ငံဖြစ်ကြောင်းလည်း သိရသည်။

ဘရာဇီးနိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီလလယ်ပိုင်းတွင် စတင်ခဲ့ပြီး လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ ပြည်သူ ၃ ဒသမ ၅ သန်းခန့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်းလည်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၉၀ ထပ်မံတွေ့ရှိ



**မနီလာ ဖေဖော်ဝါရီ ၈**

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၉၀ ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၅၃၈၉၉၅ ဦးရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူဦးရေမှာ ၁၁၂၃၁ ဦးရှိလာခဲ့ပြီး ရောဂါဖြစ်ပွားခြင်းမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၉၉၇၇၂ဦးရှိကြောင်း သိရသည်။ နိုင်ငံအတွင်းနေ့စဉ် ပျမ်းမျှ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူဦးရေမှာ ၁၇၀၀ ခန့်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် မာရီယာ ရိုဆာရီယို ဗာဂျီရီက ပြောကြားသည်။ နိုင်ငံအတွင်း အားလပ်ရက်များ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ မြင့်တက်လာခြင်းကို တားဆီးနိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

သို့ရာတွင် နိုင်ငံ၏အချို့ဒေသများ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် များပြားလာကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံသားများအနေဖြင့် နှာခေါင်းစည်းများ တပ်ဆင်ကြရန်နှင့် ကျန်းမာရေးဆိုင်ရာစည်းမျဉ်းများကို လိုက်နာကြရန် မာရီယာ ရိုဆာရီယို ဗာဂျီရီက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ




## တရုတ်နိုင်ငံက အီဂျစ်နိုင်ငံနှင့် အာရပ်အဖွဲ့ချုပ်တို့သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထောက်ပံ့မည်

**ကိုင်ရို ဖေဖော်ဝါရီ ၈**

တရုတ်နိုင်ငံသည် အီဂျစ်နိုင်ငံနှင့် အာရပ်အဖွဲ့ချုပ်တို့သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး လီကီယန်က ဖေဖော်ဝါရီ ၇ ရက်တွင် ကြေညာခဲ့သည်။

တရုတ်နိုင်ငံသည် တရုတ်နိုင်ငံ၏ဆေးဝါးကုမ္ပဏီများကထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအား အီဂျစ်နိုင်ငံ၏ ဝယ်ယူမှုနှင့်စပ်လျဉ်း၍လည်း အကူအညီပေးသွားမည်ဖြစ်ကြောင်းလည်း ၎င်းက အွန်လိုင်းမှတစ်ဆင့်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဆိုင်ရာ အထောက်အပံ့ပေးမှုသည် တရုတ်နိုင်ငံနှင့် အီဂျစ်နိုင်ငံတို့၏ ခေါင်းဆောင်များအကြား ချစ်ကြည်ရင်းနှီးမှုကို ထင်ဟပ်စေခဲ့ခြင်းဖြစ်ကြောင်းနှင့် အီဂျစ်နိုင်ငံအား ကိုဗစ်-၁၉ ရောဂါကို စောစီးစွာကျော်လွှားနိုင်ရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အကူအညီပေးသွားမည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံ ၁၄ နိုင်ငံအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထောက်ပံ့ပေးလျက်ရှိပြီး ကာကွယ်ဆေးလိုအပ်ချက်ရှိနေသည့် အခြားသောနိုင်ငံပေါင်း ၃၄ နိုင်ငံကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာကာကွယ်ဆေးအစီအစဉ်ဖြစ်သည့် COVAX သို့လည်း ကာကွယ်ဆေးနှင့်စပ်လျဉ်း၍ တရားဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး COVAX အစီအစဉ်သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၁၀ သန်းထောက်ပံ့ပေးရန်လည်း ဆုံးဖြတ်ထားကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

## တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုင်းနိုင်ငံသို့ ယခုလအတွင်း ရောက်ရှိမည်

**ဗန်ကောက် ဖေဖော်ဝါရီ ၈**

တရုတ်နိုင်ငံမှ တင်သွင်းမည့် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများသည် ယခုနှစ် ဖေဖော်ဝါရီလ နှင့် ဧပြီလအကြား ထိုင်းနိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီးဖြစ်သူ အာနူတင်ချန်ဗီရာကူလ်က ယနေ့ ပြောကြားသည်။

တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအသုတ်သည် ယခုလကုန်ပိုင်းတွင် ထိုင်းနိုင်ငံသို့ ရောက်ရှိလာမည်ဖြစ်ပြီး ဒုတိယနှင့် တတိယအသုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများသည် မတ်လနှင့် ဧပြီလတို့တွင် ထိုင်းနိုင်ငံသို့ ရောက်ရှိလာကြမည်ဖြစ်ကြောင်း အာနူတင်ချန်ဗီရာကူလ်က ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနရုံးချုပ်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားသည်။

ထိုင်းအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု စတင်ဆောင်ရွက်ရာတွင် ထိုင်းပြည်သူများသာမက နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်နိုင်ဖွယ်အန္တရာယ်များသော ရွှေ့ပြောင်းအလုပ်သမားများကိုလည်း ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူရမည့်ပြည်သူများတွင် ဆမုသ်ဆာခေါင်ပြည်နယ် ဗန်ကောက်မြို့နှင့် ဗန်ကောက်မြို့အနီးအနားတွင် တည်ရှိသည့် ပြည်နယ်များမှ ကိုဗစ်-၁၉ ရောဂါကူးစက်နိုင်ဖွယ် အန္တရာယ်များသော ပြည်သူများလည်း ပါဝင်မည်ဖြစ်ကြောင်း ကူးစက်ရောဂါ ထိန်းချုပ်ရေးဌာနညွှန်ကြားရေးမှူးချုပ် အိုပါးစ်ကန်ကာဝင်ဖောင်းက ပြောကြားသည်။

ထိုင်းအစိုးရသည် အဆိုပါ ပြည်နယ်နှင့် ဒေသများကို နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအများဆုံး ထိန်းချုပ်နိုင်ခဲ့သည့် ဒေသများအဖြစ် ကြေညာထားသည်။

ထို့အပြင် ဆေးဘက်ဝန်ထမ်းများ၊ နာတာရှည်ရောဂါဝေဒနာခံစားရသည့် သက်ကြီးရွယ်အိုများနှင့် ရွှေ့ပြောင်းအလုပ်သမားများကို ပထမဦးစားပေးအုပ်စုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း အိုပါးစ်ကန်ကာဝင်ဖောင်းက ရှင်းလင်းပြောကြားသည်။

ထိုင်းအစိုးရသည် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများအပြင် ဗြိတိန်-ဆွီဒင်ဆေးဝါးကုမ္ပဏီထုတ် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကိုလည်း ယခုနှစ်ကုန်ပိုင်းတွင် ဥရောပမှ တင်သွင်းမည်ဖြစ်ကြောင်း ရောဂါထိန်းချုပ်ရေးညွှန်ကြားရေးမှူးချုပ် အိုပါးစ်၏ ပြောကြားချက်အရ သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – ဂျေတီ




| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၀၆၇၆၀၃၀၈ | ဦး |
| သေဆုံးသူ | ၂၃၂၈၈၅၀ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၇၈၄၅၄၄၆၄ | ဦး |

# တာချီလိတ်မြို့နယ်၌ ငွေကျပ် ၂၁ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ အိုက်စ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

တာချီလိတ်မြို့၌ ငွေကျပ် ၂၁ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက် တမင်း)များ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းထုတ်ပြန်ချက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၆ ရက် ည ၈ နာရီခန့်တွင် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ယန်းကျောက်ကျေးရွာအနီးတွင် မသင်္ကာဖွယ်ယာဉ် တစ်စီး ရပ်တန့်ထားကြောင်း သတင်းရရှိသဖြင့် သွားရောက်စစ်ဆေးရာ DUMP TRUCK အမျိုးအစား SKAT ယာဉ်ပေါ်မှ ငွေကျပ် ၂၁ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁၀၇၅ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး တရားခံများ ဖော်ထုတ်ဖမ်းဆီး ရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များကို တွေ့ရစဉ်။




# မန္တလေးမြို့နှင့် မူဆယ်မြို့နယ်တို့၌ ငွေကျပ် သိန်း ၂၉၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း Sodium Cyanide များနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

မန္တလေးမြို့နှင့် မူဆယ်မြို့နယ်တို့တွင် ငွေကျပ်သိန်း ၂၉၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း Sodium Cyanide များနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်း အဖွဲ့သည် သတင်းအရ ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၃ နာရီခွဲ တွင် မန္တလေးမြို့ သီရိမင်္ဂလာ ကုန်တင်ယာဉ်ရပ်နားစခန်း အတွင်းရှိ မော်တော်ယာဉ်ကို ရှာဖွေရာ အောင်ကို၊ ချမ်းမင်း (ခ)ဖိုးချမ်း၊ ဇော်မျိုးလွင်တို့အား တွေ့ရှိပြီး ယာဉ်ပေါ်မှ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ထိန်းချုပ် ဓာတုပစ္စည်း Sodium Cyanide ၂၅၀၀ ကီလို သိမ်းဆည်းရမိ ခဲ့သည်။

အဆိုပါကားဝင်းရှိ အောင်ကို နေထိုင်သော အဆောင် (D) အခန်း(၆)ရှိ သံပုံးများအတွင်းမှ Sodium Cyanide ၂၀၀၀ ကီလိုကို လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ် (ချ)ရပ်ကွက် ဖိုးရာဇာလမ်းနှင့် ယောမင်းကြီးလမ်းကြား၊ (၆၇)ဘီလမ်းရှိ ဂိုဒေါင်အတွင်းမှ Sodium Cyanide ၁၉၀၀၀ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

၎င်းတို့အား စစ်ဆေးပေါ်ပေါက်ချက်အရ Sodium Cyanide များကို မူဆယ်မှ မန္တလေးသို့ သယ်ပို့ပေးသူများ ဖြစ်သည့် ဖုန်းနိုင်ဦး(ခ)နိုင်ဦးအား မူဆယ်မြို့ မိုင်းယုကျေးရွာ တွင် လည်းကောင်း၊ စိုင်းထွန်းနိုင်(ခ)အားပုအား လဲချားမြို့ နယ် မြို့မကျေးရွာအုပ်စု ဖွေးဟိုင်ကျေးရွာတွင် လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး မူဆယ်မြို့ တောင်ရပ်ကွက်ရှိ နေအိမ် တွင် စိုးမင်းဖြိုး(ခ)စိုးကြီး၊ ဇော်ငြေး၊ စိုင်းစွမ်မိန်းဖ၊ ဘုန်းအောင်ကျော်တို့အား စိတ်ကြွရူးသွပ်ဆေးပြား ၄၈၄၂ ပြားကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။



ဖမ်းဆီးရမိသူများအား သိမ်းဆည်းရမိသည့် Sodium Cyanide များနှင့်အတူ တွေ့ရစဉ်။

မူဆယ်မြို့တွင် စိုးမင်းဖြိုး(ခ)စိုးကြီးမှ သိုလှောင်ထား သည့် ကောင်းမူးတုံရပ်ကွက် ဟိုနားရပ်ရှိ နေအိမ်မှ Sodium Cyanide ၆,၂၅၀ ကီလိုနှင့် မော်တောင်းကျေးရွာရှိ ဂိုဒေါင်မှ Sodium Cyanide ၁၈၀၀၀ ကီလို ကိုလည်းကောင်း စုစုပေါင်း ငွေကျပ် သိန်း ၂၉၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါး များကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေ အရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက် တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၈၇ စီး၊ သွင်းကုန် ၄၈၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၅၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိ သည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့ သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက် လျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေး ရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၈၂ သိန်း တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော တရားမဝင်အကောက်ခွန်မဲ့ တရုတ်နိုင်ငံထုတ် LED Tube W/WO Frame 2" (820 U)၊ E/L Led bulb (3W,5W,7W, & Under) (570 U)Spotlight / Downlight (12W & Under) (12 U) နှင့် Led Solar Lamp W/ Cable (920 U) အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကော့သောင်း၊ ကျိုင်းတုံနှင့် ဆီဆိုင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက် ညနေ ၄ နာရီတွင် ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာအနီး တွင် ရှိန်းကျော်ဟိန်း (ခ)ရွှေဖလား မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၃၂၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက် အရ ညနေ ၅ နာရီခွဲတွင် ကော့သောင်းမြို့ အေးရိပ်ငြိမ် ရပ်ကွက် ပျူစောထီးလမ်းနေ မောင်ငယ်ငယ်(ခ) ရည်မွန် ထွေး၏ နေအိမ်သို့ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၈၀၀ ထပ်မံ သိမ်းဆည်းရမိခဲ့ သဖြင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၆၀၈၄ သိန်းတန်ဖိုးကို လည်းကောင်း။

ထို့အတူ ဖေဖော်ဝါရီ ၆ ရက် ည ၉ နာရီခွဲတွင် မူးယစ် ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် နောင်ဖာ ကျေးရွာတံတားအနီး ကျိုင်းတုံ-မိုင်းခတ်သွားကားလမ်းတွင် ယောဘတ် မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကို လည်းကောင်း။

ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၃ နာရီခွဲတွင် မူးယစ်ဆေး ဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆီဆိုင်မြို့နယ် ဟိုတိကျေးရွာအနီး ဘန်းယဉ်-ဟိုပုံးသွားကားလမ်းတွင် စိုင်းအိုက်ဆိုင် မောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# လုပ်ငန်းစွမ်းဆောင်ရည်ကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်အတွက် အားဖြည့်ပေးကြစေလိုပါသည်

ဇွဲ

**ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်သူတွေနည်းတူ နိုင်ငံ့ဝန်ထမ်းတွေလည်း ထိခိုက်ခံစားကြရတာပေါ့။ တာဝန်အရ မဖြစ်မနေ ရုံးတက်ကြရတယ်။ အိမ်မှာ ကျန်နေရစ်တဲ့ မိသားစုဝင်တွေကို စိတ်ပူကြရတယ်။ တစ်နယ်တစ်ကျေးမှာ တာဝန်ထမ်းဆောင်တဲ့ ဝန်ထမ်းတွေဆိုရင် အိမ်ကိုမပြန်ဖြစ်တာ လပေါင်းများစွာ။ အချို့ဝန်ထမ်းတွေ သူတို့မိဘ၊ ဆွေမျိုးတွေရဲ့ နောက်ဆုံးနှုတ်ဆက်နာရေးခရီးတောင် လိုက်ပါပို့ဆောင်ခွင့်မရတာမျိုးတွေ ကြုံနေရတာ။ ဒါပေမဲ့ ဘယ်လိုပဲ အခက်ကြုံကြုံ နိုင်ငံအတွက် အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် တာဝန်ထမ်းဆောင်နေကြရတာပေါ့။**

အမှန်တကယ်လည်း နိုင်ငံ့ဝန်ထမ်းဆိုတာ ဝန်ထမ်းငယ်ကနေ အဆင့်မြင့် အရာရှိကြီးတွေအထိ ထမ်းဆောင်ရမယ့်တာဝန်တွေ၊ လိုက်နာရမယ့်စည်းကမ်းတွေ၊ စောင့်ထိန်းရမယ့်ကျင့်ဝတ်တွေ ပြဋ္ဌာန်းထားရှိပါတယ်။ အဲဒီ ဝန်ထမ်းတွေဟာ နိုင်ငံတော်အကျိုးအတွက် လိုအပ်လာရင် အလုပ်ချိန်မှာသာမက မည်သည့်အချိန်မဆို တာဝန်ထမ်းဆောင်ကြရမှာဖြစ်သလို မူလတာဝန်သာမက အခြားလိုအပ်တဲ့ တာဝန်တွေကိုလည်း နိုင်ငံတော်က ပေးအပ်လာမယ်ဆိုရင် ထမ်းဆောင်ဖို့ တာဝန်ရှိပါတယ်။ ဝန်ထမ်းဆိုင်ရာဥပဒေတွေ၊ နည်းဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်တွေကိုလည်း လိုက်နာဖို့ တာဝန်ရှိတယ်ဆိုတာ ဝန်ထမ်းကျင့်ဝတ်မှာ အတိအလင်းဖော်ပြထားပြီး နိုင်ငံ့ဝန်ထမ်းတွေ အားလုံးသိရှိကြပြီးသား ဖြစ်ပါတယ်။ သိရှိအောင် လေ့လာမှတ်သားထားကြဖို့လည်း လိုပါတယ်။

နိုင်ငံရဲ့ဖွံ့ဖြိုးမှုဟာ ဝန်ထမ်းတွေရဲ့ အောင်မြင်မှုဖြစ်သလို နိုင်ငံတော် အကျိုးစီးပွားဖြစ်ထွန်းမှုဟာလည်း ဝန်ထမ်းတွေအားလုံးရဲ့ ပါဝင်စွမ်းဆောင်မှုတွေကြောင့် ဖြစ်တယ်ဆိုတာ ဘယ်သူမှငြင်းမရပါဘူး။ ဝန်ထမ်းတွေအားလုံး ထမ်းဆောင်ရမယ့်တာဝန်ကို ငြင်းဆန်လို့ မရသလို လိုက်နာရမယ့်စည်းကမ်းတွေကိုလည်း မည်သည့်အခါမျှ ဖောက်ဖျက်လို့ မရပါဘူး။

**မိမိတို့ရဲ့မိသားစုဘဝ တည်ဆောက်နေကြ**

ဝန်ထမ်းတွေ နှစ်ပေါင်းများစွာ ဌာနအသီးသီးမှာ နေ့စဉ်ဘဝတွေကို မြှုပ်နှံပြီး တာဝန်ထမ်းဆောင်နေကြတာဟာ နိုင်ငံနဲ့ပြည်သူအတွက်ဖြစ်သလို မိမိတို့ရဲ့ မိသားစုဘဝတွေကို တည်ဆောက်နေကြခြင်းလည်း ဖြစ်ပါတယ်။

နိုင်ငံတော်ဘက်ကလည်း ဝန်ထမ်းတွေကို ဘယ်သောအခါမျှ ပစ်ပယ်ထားတာမျိုးမရှိခဲ့ဘဲ ရေမြင့်ရင်ကြာတင့်တယ်ဆိုသလို နိုင်ငံရဲ့ ဥစ္စာခနမြင့်မားလာတာနဲ့ အမျှ ဝန်ထမ်းတွေအတွက် လစာ၊ စရိတ်နဲ့ခံစားမှုတွေကို တတ်နိုင်သမျှ မြှင့်တင်ပေးခဲ့တာ မိမိတို့ ဖြတ်သန်းခဲ့တဲ့ သမိုင်းတစ်လျှောက်ကို ပြန်လည်ဆန်းစစ်ကြည့်ရင် သိရှိနိုင်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေအတွက် နိုင်ငံတော်က ထိုက်သင့်တဲ့လစာ၊ ထိုက်သင့်တဲ့ခံစားခွင့်၊ ထိုက်သင့်တဲ့ ပင်စင်နဲ့ လူမှုဖူလုံရေး ခံစားခွင့်တွေကို ခံစားရရှိကြသလို ဝေးလံခေါင်သီတဲ့ဒေသဆိုရင် အပိုဆောင်း ခံစားခွင့်မျိုးတွေကိုလည်း ရရှိကြပါတယ်။ နိုင်ငံတော်ရဲ့ အခြေအနေအရ ဝန်ထမ်းအားလုံးကို နေထိုင်ရေးစီစဉ်မပေးနိုင်ခဲ့ပေမယ့် နေထိုင်ရေးအခက်အခဲရှိတဲ့ ဝန်ထမ်းတွေအတွက် နိုင်ငံတော်က ဝန်ထမ်းအိမ်ရာ၊ တန်ဖိုးနည်းအိမ်ရာ၊ အငှားအိမ်ရာ စသည်တို့ကိုလည်း လုံးဝမပြည့်စုံသေးသည့်တိုင်အောင် အတတ်နိုင်ဆုံး စီစဉ်ဆောင်ရွက်ပေးနေတယ်ဆိုတာ အားလုံးလက်တွေ့မျက်မြင်ပဲ ဖြစ်ပါတယ်။

အလျဉ်းသင့်တုန်း နိုင်ငံ့ဝန်ထမ်းတွေ စောင့်ထိန်းရမယ့်ကျင့်ဝတ်တွေအကြောင်းကို အနည်းငယ်တင်ပြလိုပါတယ်။ ကျင့်ဝတ် ၁၅ ချက်ရှိပြီး ပထမဆုံးဖြစ်တဲ့ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေရမယ်။ ဒုတိယအချက်ကတော့ တည်ဆဲဥပဒေတွေကို လေးစားလိုက်နာရဖို့ဖြစ်ပြီး တတိယအချက်က ပြည်သူတို့ရဲ့ အကျိုးစီးပွားကို အလေးထား၍ ဆောင်ရွက်ရမယ်ဆိုပြီး ပါရှိပါတယ်။ စတုတ္ထအချက်က တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာနှင့် ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ရမည်ဆိုပြီး ပါရှိပါတယ်။ နံပါတ် ၅ အချက်က လုပ်ငန်းကျွမ်းကျင်မှု အဆင့်မြင့်မားစေဖို့နဲ့ အရည်အချင်းတွေ၊ စွမ်းဆောင်ရည်တွေ တိုးတက်စေဖို့ ကြိုးစားရမယ်ဆိုတဲ့အချက်ဖြစ်ပြီး နံပါတ် ၆ အချက်ကတော့ အထက်အဆင့် အကြီးအကဲက တာဝန်အရပေးအပ်တဲ့ အမိန့်ညွှန်ကြားချက်တွေကို လိုက်နာဆောင်ရွက်ရမယ်ဆိုပြီး ပါရှိပါတယ်။

နံပါတ် ၇ အနေနဲ့ ပြည်သူပိုင်ပစ္စည်းနဲ့ ပြည်သူ့ဘဏ္ဍာငွေ ယိုဖိတ်ဆုံးရှုံးတာ မရှိဖို့ ထိန်းသိမ်းစောင့်ရှောက်ဖို့ဖြစ်ပြီး နံပါတ် ၈ အနေနဲ့ ဝန်ထမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာရမယ့်အပြင် ဝန်ထမ်းအဖွဲ့အစည်းအလိုက် သတ်မှတ်ထားတဲ့ လုပ်ငန်းခွင် စည်းကမ်းတွေ၊ အမိန့်ညွှန်ကြားချက်တွေကိုလည်း လိုက်နာရမယ်လို့ ပါရှိပါတယ်။ အကျင့်စာရိတ္တပျက်ပြားခြင်း၊ သိက္ခာကင်းမဲ့စွာ နေထိုင်ခြင်းမလုပ်ရဘူးဆိုတဲ့ နံပါတ် ၉ မြောက် ကျင့်ဝတ်ပါရှိသလို နံပါတ် ၁၀ မြောက်ကတော့ တာဝန်အရ အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုပြီး ကိုယ်ကျိုးရှာတာ၊

**နိုင်ငံ့ဝန်ထမ်းတိုင်းဟာ နိုင်ငံသားအခွင့်အရေးဖြစ်တဲ့ ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေးကို ရရှိထားကြပြီး ဖြစ်ပါတယ်။ ဒါပေမယ့် ပါတီနိုင်ငံရေးကိုတော့ ကင်းရှင်းရမှာ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတိုင်းဟာ မည်သည့်ပါတီ နိုင်ငံရေး ကိုမျှ မပြုလုပ်ရပါဘူး။ ဒ့ါအပြင် မည်သည့်ပါတီကိုမဆို ပါတီနိုင်ငံရေး လှုပ်ရှားမှုတွေအတွက် ငွေကြေးအကူအညီပေးတာ၊ အခြားနည်းလမ်းတွေနဲ့ ထောက်ပံ့တာမျိုးတွေကိုလည်း ပြုလုပ်ခွင့်မရှိပါဘူး။ မည်သည့်ပါတီနိုင်ငံရေး အဖွဲ့အစည်းတွေမှာမှလည်း ပါဝင်ခွင့်မရှိပါဘူး။**

လာဘ်ပေးလာဘ်ယူပြုတာကိုလည်း ရှောင်ကြဉ်ရမယ်လို့ ပါရှိပါတယ်။ နံပါတ် ၁၁ ကတော့ တရားသဖြင့် ရရှိတဲ့ ဝင်ငွေမှတစ်ပါး မရိုးသားသောနည်းလမ်းနဲ့ အခြားဝင်ငွေရှာခြင်းကို ရှောင်ကြဉ်ရမယ်လို့ ဖော်ပြထားပါတယ်။

နံပါတ် ၁၂ မြောက်ကျင့်ဝတ်ကတော့ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းစောင့်ရှောက်ဖို့ ဖြစ်ပြီး နံပါတ် ၁၃ ကတော့ ဌာနဆိုင်ရာ ပစ္စည်းပစ္စယတွေကို ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းမပြုရဘူးလို့ ဖော်ပြထားပါတယ်။ နံပါတ် ၁၄ မြောက် ကျင့်ဝတ်မှာ နိုင်ငံတော်ကို အကြည်ညိုပျက်စေမယ့် စာအုပ်စာတမ်းရေးသားခြင်း သို့မဟုတ် ဖြန့်ဝေခြင်း မပြုလုပ်ရလို့ပါရှိပြီး ကျင့်ဝတ်ရဲ့ နောက်ဆုံးအချက်ကတော့ နိုင်ငံတော်၏ လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေတဲ့ လှုပ်ရှားမှုတစ်ခုခုမှာ ပါဝင်တာ ဒါမှမဟုတ် လှုံ့ဆော်တာ ဒါမှမဟုတ် အားပေးကူညီတာမျိုးကို ရှောင်ကြဉ်ရမယ်ဆိုပြီး နိုင်ငံ့ဝန်ထမ်းတွေအတွက် လိုက်နာရမယ့်ကျင့်ဝတ်မှာ အတိအလင်းဖော်ပြထားပြီး ဖြစ်ပါတယ်။

**စည်းကမ်းတွေကိုလည်း လိုက်နာကြရ**

နိုင်ငံ့ဝန်ထမ်းဖြစ်ဖို့အတွက် ရာထူးအဆင့်အလိုက် ပညာအရည်အချင်း၊ အသက်၊ ကျွမ်းကျင်မှု သတ်မှတ်ချက်တွေနဲ့ ပြည့်စုံဖို့ လိုအပ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဖြစ်လာတဲ့ အခါမှာလည်း အလုပ်ခွင်ဆိုင်ရာ စည်းကမ်းများဖြစ်တဲ့ အလုပ်ချိန်နဲ့ဆိုင်တဲ့စည်းကမ်းတွေ၊ တာဝန်ထမ်းဆောင်မှုနဲ့ဆိုင်တဲ့ စည်းကမ်းတွေနဲ့ ပြုမူဆက်ဆံမှုဆိုင်ရာ စည်းကမ်းတွေကိုလည်း လိုက်နာကြရပါတယ်။

ဝန်ထမ်းတွေဟာ အလုပ်ချိန်ဆိုင်ရာ စည်းကမ်းတွေ ဖြစ်တဲ့ လုံလောက်တဲ့ အကြောင်းမရှိဘဲ အလုပ်ခွင်မှထွက်ခွာတာ၊ ခွင့်ယူတာမျိုး မလုပ်ရသလို အလုပ်ချိန်အတွင်း ခွင့်ပြုချက်မရှိဘဲ အလုပ်ကနေ ထွက်ခွာမသွားရပါဘူး။

**တာဝန်ထမ်းဆောင်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေထဲမှာလည်း အလုပ်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရမယ်ဆိုတာဟာ ထိပ်ဆုံးကဖြစ်သလို ပြုမူဆက်ဆံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေထဲက အလုပ်ခွင်ငြိမ်းချမ်းသာယာမှုကိုဖြစ်စေ၊ ဝန်ထမ်းတွေအချင်းချင်း စည်းလုံးညီညွတ်မှုကိုဖြစ်စေ ပျက်ပြားအောင် လှုံ့ဆော်တာ၊ သွေးထိုး**တာ၊ အားပေးကူညီတာတွေ မပြုလုပ်ရဆိုတဲ့အချက်၊ ရန်းရင်းဆန်ခတ်ဖြစ်စေခြင်းကို မပြုလုပ်ရဆိုတဲ့အချက်တွေဟာလည်း ယခုလိုအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားတဲ့ကာလမှာ နိုင်ငံ့ဝန်ထမ်းတွေ သတိထားကြရမယ့် အချက်များ ဖြစ်ပါတယ်။

ဒ့ါအပြင် နိုင်ငံ့ဝန်ထမ်းတိုင်းဟာ နိုင်ငံသား အခွင့်အရေးဖြစ်တဲ့ ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေးကို ရရှိထားကြပြီး ဖြစ်ပါတယ်။ ဒါပေမယ့် ပါတီနိုင်ငံရေးကိုတော့ ကင်းရှင်းရမှာဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတိုင်းဟာ မည်သည့်ပါတီ နိုင်ငံရေးကိုမျှ မပြုလုပ်ရပါဘူး။ ဒ့ါအပြင် မည်သည့်ပါတီကိုမဆို ပါတီနိုင်ငံရေး လှုပ်ရှားမှုတွေအတွက် ငွေကြေးအကူအညီပေးတာ၊ အခြားနည်းလမ်းတွေနဲ့ ထောက်ပံ့တာမျိုးတွေကိုလည်း ပြုလုပ်ခွင့်မရှိပါဘူး။ မည်သည့်ပါတီနိုင်ငံရေး အဖွဲ့အစည်းတွေမှာမှလည်း ပါဝင်ခွင့်မရှိပါဘူး။

နိုင်ငံတော်ကနေ အခါအားလျော်စွာ သတ်မှတ်ထားတဲ့ စည်းကမ်းတွေနဲ့အညီ ဖွဲ့စည်းထားတာမဟုတ်တဲ့ အသင်းအဖွဲ့တွေ၊ အစည်းအရုံးတွေ၊ သမဂ္ဂတွေမှာလည်း ပါဝင်ပတ်သက်မှု မရှိရပါဘူး။ **စာရေးသူတို့ ဝန်ထမ်းတွေတင်မကပါဘူး မိမိတို့ဝန်ထမ်းတွေကို မှီခိုနေတဲ့ မိသားစုတွေဟာလည်း နိုင်ငံတော်အစိုးရကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆန့်ကျင်လှုပ်ရှားမှုမျိုး လုံးဝမလုပ်ဖို့အတွက် တားမြစ်ဖို့က ဝန်ထမ်းတွေရဲ့ စည်းကမ်း**ချက်ထဲမှာ ပါဝင်ပါတယ်။ ရုံးတွင်း၊ ရုံးပြင်တွေမှာလည်း ပါတီနိုင်ငံရေးနဲ့စပ်လျဉ်းပြီး စည်းရုံးတာ၊ ဟောပြောတာ၊ ဆွေးနွေးတာမျိုး လုံးဝမလုပ်ဖို့ ဝန်ထမ်းစည်းကမ်းအဖြစ် ထုတ်ပြန်ထားပြီးသား ဖြစ်ပါတယ်။

**ပြောင်းလဲဘဲ တည်ရှိနေကြမှာ**

နိုင်ငံ့ဝန်ထမ်းတွေကို နိုင်ငံရေးဆောင်ရွက်မှုတွေ မလုပ်ဖို့ ဘာကြောင့် တားမြစ်ထားသလဲဆိုတာကို စာရေးသူရဲ့အမြင်နဲ့ တင်ပြရရင် အစိုးရဆိုတာ အမြဲပြောင်းလဲနေမှာဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းတွေကတော့ ဘယ်သောအခါမှ မပြောင်းလဲဘဲ တည်ရှိနေကြမှာဖြစ်ပါတယ်။ ထို့အတူ ဝန်ထမ်းတိုင်းဟာလည်း သာမန်အားဖြင့်ဆိုရလျှင် အသက် ၆၀ ပြည့်သည်အထိ တာဝန်ထမ်းဆောင်ကြရမယ့်သူတွေ ဖြစ်ပါတယ်။

ဝန်ထမ်းအဖွဲ့အစည်းတွေနဲ့ ဝန်ထမ်းတွေက နိုင်ငံရေးယုံကြည်ချက် ကွဲပြားခြားနားမှုတွေနဲ့ ပုဂ္ဂလိက ခံစားချက်တွေကိုသာ ဖော်ထုတ်နေကြမယ်ဆိုရင် နိုင်ငံ တည်ဆောက်မှုယန္တရားမှာ အနှောင့်အယှက်ဖြစ်လာနိုင်တာမို့ ကြိုတင်ပြီး စည်းမျဉ်းစည်းကမ်း၊ ကျင့်ဝတ်တွေကို ထုတ်ပြန်ထားတာဖြစ်တယ်လို့ ယူဆပါတယ်။

စာရေးသူရဲ့ ကိုယ်ပိုင်အယူအဆကတော့ နိုင်ငံ့ဝန်ထမ်းဆိုတာ ကိုယ်တတ်စွမ်းတဲ့ အတတ်ပညာတွေကို အရင်းပြုပြီး နိုင်ငံတော်နဲ့ နိုင်ငံသားတွေအတွက် အကျိုးစီးပွားကို ဆောင်ကြဉ်းပေးမယ့်သူတွေဖြစ်တယ်လို့ ခံယူပါတယ်။ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားထိခိုက်စေမယ့် လုပ်ရပ်မျိုးတွေကို ဝန်ထမ်းကျင့်ဝတ်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ရှောင်ကြဉ်နေထိုင်ခြင်းဖြင့်သာ နိုင်ငံ့တာဝန်၊ ဌာနတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်မယ်လို့ ယုံကြည်ပါတယ်။

မိမိတို့ နိုင်ငံ့ဝန်ထမ်းတွေအားလုံးဟာ မိမိတို့ တစ်ဦးချင်းရဲ့ အရည်အချင်းနဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်ကြရင်း မိမိတို့၏တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြဖို့၊ လုပ်ငန်းခွင် စည်းမျဉ်းစည်းကမ်းများကို လေးစားစွာလိုက်နာကြဖို့နဲ့ ဝန်ထမ်းတိုင်း ကျင့်သုံးအပ်တဲ့ ကျင့်ဝတ်များကို လေးလေးနက်နက် စောင့်ထိန်းကြဖို့၊ ဝန်ထမ်းအားလုံး စည်းလုံးညီညွတ်စွာနဲ့ တိုင်းပြည်အခြေ မယိုင်လဲအောင် ဝိုင်းဝန်းကြိုးပမ်းရင်းနဲ့ နိုင်ငံသား အားလုံး မျှော်မှန်းတဲ့ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးကို နားလည်မှု၊ ယုံကြည်မှုကိုယ်စီနဲ့ လျှောက်လှမ်းနိုင်ဖို့ တစ်တပ်တစ်အား အားဖြည့်ပေးကြဖို့ တိုက်တွန်းလိုက်ပါရစေ။ ။

**မိမိတို့ နိုင်ငံ့ဝန်ထမ်းတွေအားလုံးဟာ မိမိတို့တစ်ဦးချင်းရဲ့ အရည်အချင်းနဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်ကြရင်း မိမိတို့၏တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြဖို့၊ လုပ်ငန်းခွင် စည်းမျဉ်းစည်းကမ်းများကို လေးစားစွာ လိုက်နာကြဖို့နဲ့ ဝန်ထမ်းတိုင်း ကျင့်သုံးအပ်တဲ့ ကျင့်ဝတ်များကို လေးလေးနက်နက် စောင့်ထိန်းကြဖို့၊ ဝန်ထမ်းအားလုံး စည်းလုံးညီညွတ်စွာနဲ့ တိုင်းပြည်အခြေ မယိုင်လဲအောင် ဝိုင်းဝန်းကြိုးပမ်းရင်းနဲ့ နိုင်ငံသားအားလုံး မျှော်မှန်းတဲ့ စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးကို နားလည်မှု၊ ယုံကြည်မှုကိုယ်စီနဲ့ လျှောက်လှမ်းနိုင်ဖို့ တစ်တပ်တစ်အား အားဖြည့်ပေးကြဖို့ တိုက်တွန်းလိုက်ပါရစေ။**

# ဖေဖော်ဝါရီ ၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် လေးဦး တွေ့ရှိ

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၈–၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၇–၂–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၈–၂–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲ နမူနာစုစုပေါင်း (၁,၉၈၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၄) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၆၄,၇၉၈) အား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၄၂၇) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၉၁)ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၂၇,၉၇၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၁၇၇)ဦး ရှိပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် “ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)” ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန



# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ လက်ခံကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာကုသပေးရန် အခက်အခဲများဖြစ်ပေါ်မှုများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ ယာယီကုသရေးဆေးရုံများဖွင့်လှစ်၍ တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများဖြင့် စုဖွဲ့ထားရှိကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စီမံဆောင်ရွက်ပေး**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၂၁၀၊ အတွင်းလူနာ ၆၁၆ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၄၀၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၂၀ စုစုပေါင်း ၆၀ တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာ ၁၂၀ ကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်ကုသပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် ၂၁ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၄၉ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့တွင် အနာဂတ်မျိုးဆက်သစ် ကလေးငယ် ၇၀ ကို မွေးဖွားနိုင်ခဲ့သည်။

**လွှဲပြောင်းကုသမှုခံယူနိုင်**

တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများဖြစ်ပေါ်လာပါက နီးစပ်ရာတပ်မတော်ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ်ဆေးကုသမှုခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာဆေးရုံများမှလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း သိရှိရသည်။

ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့် အဖွဲ့ဝင်များကလည်းကောင်း၊ သက်ဆိုင်ရာမြို့နယ်များရှိ နယ်မြေခံတပ်မတော်ဆေးရုံများသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက လည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၇၆၁၂၆၈၇ | ၁၇၃၅၄၉၃၁ | ၄၇၄၉၃၉ |
| ၂။ | အိန္ဒိယ | ၁၀၈၄၃၀၁၇ | ၁၀၅၃၉၄၈၉ | ၁၅၅၁၃၇ |
| ၃။ | ဘရာဇီး | ၉၅၂၄၆၄၀ | ၈၃၉၇၁၈၇ | ၂၃၁၅၆၁ |
| ၄။ | ရုရှား | ၃၉၈၃၁၉၇ | ၃၄၇၂၀၉၁ | ၇၇၀၆၈ |
| ၅။ | ဗြိတိန် | ၃၉၄၅၆၈၀ | ၁၉၁၅၆၂၉ | ၁၁၂၄၆၅ |
| ၆။ | ပြင်သစ် | ၃၃၃၇၀၄၈ | ၂၃၂၉၇၇ | ၇၈၉၆၅ |
| ၇။ | စပိန် | ၂၉၇၁၉၁၄ | စိစစ်ဆဲ | ၆၁၃၈၆ |
| ၈။ | အီတလီ | ၂၆၃၆၇၃၈ | ၂၁၁၈၄၄၁ | ၉၁၂၇၃ |
| ၉။ | တူရကီ | ၂၅၃၁၄၅၆ | ၂၄၂၀၇၀၆ | ၂၆၇၉၇ |
| ၁၀။ | ဂျာမနီ | ၂၂၉၃၀၄၂ | ၂၀၄၁၃၀၀ | ၆၂၂၁၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၁၆၆၀၇၉ | ၉၆၃၀၂၈ | ၃၁၇၆၃ |
| ၂။ | ဖိလစ်ပိုင် | ၅၃၈၉၉၅ | ၄၉၉၇၇၂ | ၁၁၂၃၁ |
| ၃။ | မလေးရှား | ၂၄၅၅၅၂ | ၁၉၂၆၇၉ | ၈၉၆ |
| ၄။ | မြန်မာ | ၁၄၁၄၂၇ | ၁၂၇၉၇၅ | ၃၁၇၇ |
| ၅။ | စင်ကာပူ | ၅၉၇၂၁ | ၅၉၄၃၃ | ၂၉ |
| ၆။ | ထိုင်း | ၂၃၅၅၇ | ၁၇၄၁၀ | ၇၉ |
| ၇။ | ဗီယက်နမ် | ၂၀၅၀ | ၁၄၇၂ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၄၇၄ | ၄၅၄ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၂ | ၁၇၅ | ၃ |
| ၁၀။ | လာအို | ၄၅ | ၄၁ | ၀ |

# သွေးလိုအပ်သည့်လူနာများအတွက် အမျိုးသားသွေးဌာနတွင် သွေးတောင်းခံနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၈**


အမျိုးသားသွေးဌာနသည် စေတနာရှင်ပြည်သူများက လှူဒါန်းသည့်သွေးများကို ပြည်သူ့ဘဏ္ဍာငွေဖြင့် လက်ခံ၊ စုဆောင်း၊ စစ်ဆေးပြင်ဆင်ထိန်းသိမ်း ဖြန့်ဝေလျက်ရှိသည်။

ယနေ့ပြုလုပ်သည့် Haemovigilance Committe အစည်းအဝေးဆုံးဖြတ်ချက်အရ သွေးနှင့် သွေးပစ္စည်းများကို သက်တမ်းမကုန်မီအသုံးပြုနိုင်ရန် မည်သည့်ဆေးရုံမဆို အရေးပေါ် ( အရေးပေါ် )သွေးလိုအပ်ပါက Haemovigilance Committe ဝင်များဖြစ်သည့် ပါမောက္ခဒေါက်တာရဲမြ၊ ပါမောက္ခဒေါက်တာထွန်းလွင်ငြိမ်း၊ တွဲဖက်ပါမောက္ခဒေါက်တာစိန်ဝင်းတို့ထံ အီးမေးလ် – hv . mm@praton mail.ch ပေးပို့အတည်ပြုချက်ရယူပြီး အမျိုးသားသွေးဌာနသို့ ဆက်သွယ်တောင်းခံနိုင်ကြောင်း သိရသည်။

ပြည်သူ့ဘဏ္ဍာငွေဖြင့်ထောက်ပံ့၍ စေတနာသွေးလှူရှင်များက လှူဒါန်းထားသည့် သွေးနှင့် သွေးပစ္စည်းများဖြစ်၍ ဆေးရုံများက အခကြေးငွေလုံးဝ(လုံးဝ) မယူရန်နှင့် အမျိုးသားသွေးဌာန ဖုန်း ၀၉–၅၀၂၈၃၀၇၊ ၀၉–၄၂၀၁၆၇၁၇၀ သို့ ဆက်သွယ်တောင်းခံနိုင်ကြောင်း အမျိုးသားသွေးဌာနမှ အသိပေးကြေညာထားသည်။

အောင်သူရ

# ကိုဗစ်–၁၉ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့



# ရည်ရွယ်ချက်သုံးပါးနှင့်အကျိုးတရားအထွေထွေ

**အောင်နိုင်(တက္ကသိုလ်)**



မြန်မာ့အသံ၏ ဆောင်ပုဒ်မှာ –
ပြန်ကြားပေးရန် မြန်မာ့အသံ၊
ပညာပေးရန် မြန်မာ့အသံ၊
ဖျော်ဖြေပေးရန် မြန်မာ့အသံ

ဟူ၍ ဖြစ်သည်။ ဤရည်မှန်းချက်သုံးရပ်ဖြင့် အဆက်မပြတ် ပြည်သူ့ဝန်ကို ထမ်းဆောင်ခဲ့ကြောင်း သိရသည်။ ဤစာရေးသူသည် မြန်မာ့အသံရပ်ဝန်းနှင့် မနီးခဲ့။ ဝန်ထမ်းများနှင့်လည်း (အဦးအစက) မသိကျွမ်းခဲ့။ မြန်မာ့အသံကို စတင်နားဆင်ရချိန်မှာ ၁၉၅၀ ပြည့်နှစ်ဝန်းကျင်ခန့်က ဖြစ်သည်။ မိမိဘဝတစ်လျှောက်လုံး ထိုအချိန်မှစပြီး ယနေ့ခေတ်အထိ မြန်မာ့အသံနှင့် ထိတွေ့နေခဲ့၊ ထိတွေ့နေဆဲ ဖြစ်သည်။ လေထဲမှ ဝဲပျံလာသည့်အသံကို နားဆင်နေခြင်းကို ဆိုလိုသည်။ နားဆင်နေခဲ့သော်လည်း အဆိုပါ ရည်ရွယ်ချက်သုံးရပ်၏ အကျိုးတရားအာနိသင်များကို ထဲထဲဝင်ဝင် ဆစ်ဆစ်ပိုင်းပိုင်း သုံးသပ်မကြည့်မိခဲ့ပါ။ ယခု မြန်မာ့အသံ၏ အသက် (၇၅) နှစ်ပြည့်သဖြင့် စိန်ရတုသဘင် ဆင်ယင်ကြသောအခါမှ မိမိဘဝ၊ မိမိအတွေ့အကြုံနှင့် ယှဉ်တွဲစူးစမ်းကြည့်ဖြစ်တော့သည်။

စူးစမ်းကြည့်သောအခါ ပြန်ကြားပေးမှုနှင့် သက်ဆိုင်သော ရလဒ်များ၊ ပညာပေးမှုနှင့် သက်ဆိုင်သော ရလဒ်များ၊ ဖျော်ဖြေပေးမှုနှင့် သက်ဆိုင်သော ရလဒ်များကို တွေ့သိလာရသည်။ များသောအားဖြင့် မြန်မာ့အသံ၏ အစီအစဉ်တစ်ခုသည် ရည်ရွယ်ရင်းရလဒ်တစ်ခု ပေါက်မြောက်သည်။ အချို့သော အစီအစဉ်တစ်ခုတည်းကပင် ရည်ရွယ်ချက် နှစ်ခု၊ သုံးခု ပေါက်မြောက်သည်ကို တွေ့ရသည်။ အဆိုပါ ရည်ရွယ်ချက်တို့သည် အသံလွှင့်ရုံမှ အသံကိုသာ လွှင့်ထုတ်သော်လည်း နားဆင်သူပရိသတ်အဖို့မှာ အစိုင်အခဲ အကောင်အထည် အကျိုးစီးပွားရလဒ်များ ဖြစ်လာပါတော့သည်။ ဤသည်မှာ အသံလွှင့်သူတို့၏ နည်းပညာနှင့် အနုပညာစွမ်းအားတို့ကြောင့်ဟု ဆိုရပါလိမ့်မည်။

**ပြန်ကြားခြင်း၏ အကျိုးများ**

မိမိအသက် ၁၀ နှစ်ပြည့်သည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ နံနက်စောစောတွင် ဆရာဘုန်းတော်ကြီး၏ ညွှန်ကြားမှုအရ အုန်းမောင်း(တုံးမောင်း) အပါအဝင် ခေါင်းလောင်း၊ ကြေးစည်များနှင့် ထိုးစည်များကို တစ်ပြိုင်တည်း တီးခတ်ကြရသည်။ ဆောင်းတွင်းကာလ နံနက်စောစောကြီးဖြစ်သဖြင့် တုန်ခိုက်အောင်ချမ်းနေသော်လည်း ကိုရင်၊ ကျောင်းသားများ ပျော်ရွှင်ကြည်နူးနေကြပါသည်။ ထိုကဲ့သို့သောအသံတို့သည် ရွာတိုင်းရှိ ဘုန်းကြီးကျောင်းတိုင်းက ပေါ်ထွက်နေကြသည်။ မြန်မာ့ရေဒီယို(Radio)မှ ဆော်ဩထားသောကြောင့် လွတ်လပ်ခြင်းအထိမ်းအမှတ်ဖြင့် ဤသို့ဆောင်ရွက်ကြခြင်းပါတည်း။

လွတ်လပ်ရေးရပြီး နောက်တစ်နှစ်ကျော်ကျော်ခန့်မှာပင် လက်နက်ကိုင်အဖွဲ့တချို့ ရောက်လာကြသည်။ ကွန်မြူနစ်တွေဟု ပြောကြသည်။ မိမိတို့ဘက်ကမ်းမှာက သခင်သန်းထွန်းအဖွဲ့ဝင်များ၊ ရေဝတီ၏ ထိုမှာဘက်ကမ်းမှာက သခင်စိုးအဖွဲ့ဝင်များဟု သိလာကြရသည်။

ဆရာဘုန်းတော်ကြီးက ကွန်မြူနစ်များကို မနှစ်သက်ပါ။ အယူမဲ့ မိစ္ဆာဒိဋ္ဌိများဟုဆိုကာ နှိမ့်ချလျက်ရှိသဖြင့် မိမိတို့ကိုရင်၊ ကျောင်းသားများလည်း အနေကျုံ့လှုကြသည်။ ထို့နောက် အစိုးရတပ်များနှင့် သောင်းကျန်းသူတို့ တိုက်ပွဲများဖြစ်လာကြသည်။ ကျေးရွာပြည်သူများမှာ ချောက်ချားကြရုံသာမက ကြောက်အားပိုနေကြရပါတော့သည်။ တိုက်ပွဲများကြားမှ မိမိတို့ရွာနှင့် ကပ်လျက်ရှိသည့် ရွာကြီး နှစ်ရွာမှာ မီးအကြီးအကျယ်လောင်ကျွမ်းသွားတော့သည်။

ထို့နောက် သိပ်မကြာလှပဟု ထင်ပါသည်။ ရေဒီယို (Radio)မှ အဆိုတော် မေလှမြိုင်၏ "အိုမောင်လေးမောင်လေး" စာသားပါသည့် ဖိတ်ခေါ်သံသီချင်း ပေါ်ထွက်လာသည်။ "မြန်မာ့လွတ်လပ်ရေးကို၊ အတူတကွယူလာကြတဲ့ အိုရဲဘော် အတွေးအခေါ်အယူအဆတွေ လွဲမှားလို့ နေကြပါသနော်" စသည့် ရှင်းပြချက်များ ပါရှိသည့်အပြင် "အိုမောင်လေး... မောင်လေး... ရှောင်မပြေးပါနဲ့ မောင်လေးရယ်၊ ရောယောင်နောက်လိုက် အမြှောက်ကြိုက် ကလေးပေမို့၊ လူမမယ်မောင်ကလေးရယ်... နောင်။ မအေးဖွယ် အစစမြင်သေးလို့ မမရင်လေးလှပါတယ်" စာသားကို မြန်မာ့အသံက ထုတ်လွှင့်ပေးသည်။ မေလှမြိုင်၏ ချိုသာသောအသံဖြင့် အစ်မဖြစ်သူက မောင်ငယ်လေး (မောင်လူမမယ်)ကို ပြောပြနေပုံကြောင့် နားဆင်ရသူတို့ မချိတင်ကဲဖြစ်ကြသည်။ အမေအိုကြီးခမျာမှာ ပြာပုံအကြား တဲအိုပျက်မှာ နေရကြောင်း ဖွဲ့ဆိုပြသည့်စာပိုဒ်ကို ကြားရသူတို့မှာ မျက်ရည်ဝဲကြသည်။

အဆိုပါသီချင်းကို ခိုးကြောင်ခိုးဝှက်ဝယ်ထားရသော၊ ခိုးကြောင်ခိုးဝှက်နားဆင်ရသော ရေဒီယိုမှ ကြားရခြင်းပါတည်း။ ထိုရေဒီယိုမှာ ကျောင်းတကာကလှူသဖြင့် မိမိတို့ရွာနား ဘုန်းတော်ကြီး၏ရေဒီယို ဖြစ်သည်။

ဤသီချင်းကိုကြားကြရသော တပ်မတော်သားတို့လည်း စိတ်ထိခိုက်ကြသည်ဟု ဆိုပါသည်။ အထူးသဖြင့် ရောင်စုံသူပုန်တို့လက်တွင်း သက်ဆင်းနေကြရသည့် လက်နက်ကိုင်အချို့တို့မှာ သူပုန်အဖွဲ့မှ ထွက်ပြေးကုန်ကြသည်။ ထို့ကြောင့် ဤသီချင်းကို မဖွင့်ရ၊ နားမထောင်ရဟု ပိတ်ပင်ကြသည်ဟု ထိုစဉ်က ကြားသိရသည်။ ထို့နောက် နှစ်အတန်ကြာသောအခါ မေလှမြိုင်၏ မြန်မာ့ကြွေးကြော်သံသီချင်း၊ တင်တင်မြ၏ ပေဖူးလွှာသီချင်းတို့လည်း မြန်မာ့အသံမှ လှိုင်လှိုင်ကြားလာရတော့သည်။ ဤသီချင်းမျိုးကို ထုတ်လွှင့်ခြင်းသည် ပြန်ကြားပေးရန် မြန်မာ့အသံ၏ အစီအစဉ်အရ ဖြစ်ပါမည်။ သို့သော် နားဆင်ရသူတို့ ကြေကွဲဝမ်းနည်းခြင်းသောက ဖြစ်ရသည်။ ကရုဏာရသကို ဖြစ်စေသဖြင့် ဖျော်ဖြေရေးအစီအစဉ်တွင် အကျုံးဝင်နေပါတော့သည်။

မြန်မာ့အသံဌာနကို ထိုစဉ်က ဘီဘီအက်စ် (Burma Broadcasting Service) ဟုလည်း တချို့က ခေါ်ကြသည်။ ထိုဌာနက ထုတ်လွှင့်သော ပြန်ကြားချက်တို့ကား များပါသည်။ ပြည်တွင်းသတင်း၊ နိုင်ငံခြားသတင်း၊ ဝန်ကြီးဌာနတို့၏ လုပ်ဆောင်ချက်သတင်းများ၊ ကုန်ဈေးနှုန်းသတင်း၊ အားကစားသတင်း၊ မိုးလေဝသ သတင်း စသဖြင့် သတင်းစုံ ပြန်ကြားပေးပါသည်။

မိမိတို့၏ဒေသမှာ ခေါင်သော ကျေးလက်ဒေသဖြစ်သဖြင့် လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်းအတော်ကြာသည်အထိ သတင်းစာမရောက်သေးပါ။ မဖတ်ရသေးပါ။ ထို့ကြောင့် ရေဒီယိုရှိသည့် ဘုန်းကြီးကျောင်း သို့မဟုတ် အိမ်တို့သို့ သွားရောက်စုဝေးနားထောင်ကြရသည်။ ရွာသားတို့မှာ လယ်ယာကိုင်းကျွန်းလုပ်သူ တောင်သူများဖြစ်သည့်အလျောက် ကုန်ဈေးနှုန်းသတင်းကို စိတ်ဝင်စားကြသည်။ တချို့က ကိုယ်တိုင်နားထောင်ကြသည်။ တချို့က နားမထောင်ကြသော်လည်း နားထောင်ခဲ့သူထံ စနည်းနာကြသည်။ မြို့ရှိပွဲရုံပိုင်ရှင်နှင့် ကုန်စည်ဒိုင်အချို့က ကုန်ဈေးကို တင်ချည်၊ ချချည်လုပ်တတ်ကြသောကြောင့် ဖြစ်သည်။

မိမိတို့ဒေသတွင် သူပုန်တို့သည် အကြာကြီး မရပ်တည်နိုင်ခဲ့။ ကိုရီးယားမြောက်ပိုင်း ဒို့ထောက်ခံသည်။ ငနုကိုတော့ အရှင်ဖမ်းမည်၊ မလွတ်စေဖို့ လူထုကညီ... ဟု ကြွေးကြော်သံတွေ ဆူညံနေရာမှ တဖြည်းဖြည်းချင်း တိမ်၍ တိမ်၍ ပြယ်သွားသည်။ သူတို့ကိုယ်တိုင်လည်း ငြိမ်၍ငြိမ်၍ ကွယ်သွားတော့သည်။ ထိုအခါ အသံဖမ်းစက်များလည်း ဝယ်နိုင်လာကြသည်။ ပြည်တော်သာ စာသင်ကျောင်းများလည်း အလျှိုအလျှို ပေါ်ထွက်လာသည်။ မိမိကိုယ်တိုင်လည်း အင်္ဂလိပ် ကျောင်းသား ခေါ် လောကဓာတ်သင်ကျောင်းသား ဖြစ်လာသည်။ မြန်မာ့အသံကို နားထောင်လာတတ်ပြီး မိမိအထူးနှစ်ခြိုက်သည့် အစီအစဉ်တို့မှာ နိုင်ငံခြားသတင်း၊ ဘောလုံးပွဲသတင်း၊ ပညာပေးရေးနှင့် ဖျော်ဖြေရေးတို့တွင် အကျုံးဝင်သည့် ဒို့ကျေးရွာဓာတ်လမ်း၊ ကျေးလက်ဓာတ်လမ်းများနှင့် သီချင်းများ ဖြစ်သည်။ ထို့နောက် ဓာတ်လမ်းပမာ နားဆင်စရာ ဖြေဖျော်မှုတို့ကိုလည်း နှစ်ခြိုက်ခဲ့သည်။ ကျေးလက်ဓာတ်လမ်းများကို နားဆင်လွန်းသောကြောင့် ကိုဖိုးအေး၊ ကိုသာဆန်း (ဦးဝင်းမြင့်)၊ မယ်ကြော့ (ဒေါ်သန်းမြ)တို့၏ အသံများကို ကျက်မိမှတ်မိနေတော့သည်။ ယနေ့ခေတ် (ဦး)ကြည်စိုးထွန်းက အဆိုပါဓာတ်လမ်းများကို မူရင်းအတိုင်း အခြေခံထားပြီး ရုပ်ရှင်အဖြစ် တင်ဆက်ပြသပေးရာ ထိုအသံရှင်များကို မှတ်မိနေသေးသည်။ ဦးသန်းမြင့်၊ ဦးဇော်ဝင်း၊ ကောလိပ်ဂျင်နေဝင်း၊ ဝင်းဦး စသူတို့၏ အသံများကိုလည်း ချက်ချင်းပြောနိုင်ကြသည်အထိ ဖြစ်နေသည်။

တောင်သူလယ်သမားတို့ စိတ်ဝင်စားသော သတင်းတစ်ခုမှာ သိပ္ပံနည်းကျ စိုက်ပျိုးရသည့် နည်းစနစ်များကို ပြန်ကြားပေးခြင်း ဖြစ်သည်။ မွေးမြူရေး မထွန်းကားသေးသော တောင်သူများအဖို့ ခေတ်သစ်မွေးမြူရေး အသိပေးသတင်းတို့သည် အင်မတန်တန်ဖိုး ရှိကြသည်။

တစ်နှစ်တစ်ကြိမ် စောင့်မျှော်အားပေးခဲ့ကြသည့် သတင်းမှာ တိုင်းနှင့် ပြည်နယ် ဘောလုံးပွဲသတင်း ဖြစ်သည်။ အမျိုးသားများ အထူးအားပေးခဲ့ကြသည်။ မြန်မာ့အသံမှ တိုက်ရိုက်ထုတ်လွှင့်ပေးသဖြင့် ရေဒီယိုရှိရာ အိမ်မှာ စုဝေးအော်ဟစ်အားပေးကြသဖြင့် ခေါင်းရွက်လက်ဆွဲမုန့်သည်လေးများပင် ဈေးကွက်ရခဲ့၊ လှခဲ့ကြသည်။ မြင်းပြိုင်ပွဲလာလျှင်မူ ရေဒီယိုကို ပိတ်ပစ်ကြတော့သည်။

မိမိကား ဘောလုံးပွဲကို အထူးနှစ်သက်သည်။ အသက်ကလည်း ၁၆ နှစ်သားလောက် ရှိလာပြီ။ တိုင်းနှင့် ပြည်နယ်ပွဲများကို ရေဒီယိုဖွင့်ရာအိမ် (သို့မဟုတ်) ဆိုင်သို့ အရှက်အကြောက်မရှိ တိုးဝင်နားထောင်မြဲ ဖြစ်သည်။ ဗဟာဒူးခင်မောင်ထွန်း၊ ဆပ်သီး၊ ရှမ်းမိုးကြီး၊ အေးမောင်လေးအမည်များကို အလွတ်ရနေသည်။ အသံလွှင့်ကြေညာချက်ထဲမှ "ဘတစ်ပြန်၊ ကျားတစ်ပြန်ပါပဲ" ဆိုသည့် အသံကြီးကို အားပါးတရနားထောင်ရသည်။ ဘောလုံးသတင်းသည်ကား ပြန်ကြားပေးရန် ရည်ရွယ်ချက်အပြင် ဖျော်ဖြေပေးရန် ရည်ရွယ်ချက်အထိ ပေါက်မြောက်နေတော့သည်။

မိမိတို့တက္ကသိုလ်ရောက်သောအခါ မာဒေးကားဖလားပွဲက ဆွဲဆောင်အားများစွာ တိုးလာသည်။ မြန်မာဘောလုံးအသင်းက ဗိုလ်ဖြစ်၊ ဘုရင်ဖြစ်လာသောကြောင့် ဖြစ်ပါ၏။ ပတ်ချုံဟီးဖလားပြိုင်ပွဲကိုလည်း မြန်မာတို့အသည်းစွဲကြရသည်။ တောင်ကိုရီးယားအသင်းနှင့် မြန်မာအသင်းတို့ကလည်း ဘတစ်ပြန် ကျားတစ်ပြန် ဖြစ်နေတော့သည်။ စာရေးသူတို့ တက္ကသိုလ်ဆရာဖြစ်လာသဖြင့် လူပျိုဆောင်နေကြသူ မိမိတို့သည် ဘောလုံးသတင်း မကြေညာဖြစ်လျှင် မြန်မာ့အသံသို့ဖုန်းဆက်မေးကြသည်အထိ စွဲလမ်းခဲ့ကြသည်။ အာရှဖလား ဗိုလ်လုပွဲအဖြစ် တီဟီရန်မှာ မြန်မာနှင့် အီရန်တို့ ကန်ကြသည့်ပွဲ၏ သတင်းကိုမရသောအခါ အင်န်အေဘီ (NAB) ကိုလှမ်းမေးကြရာ မြန်မာပြည်ပေါ် ဖြတ်သန်းပျံနေသည့်လေယာဉ်ထံမှ သတင်းကို အင်န်အေဘီမှတစ်ဆင့် ရရှိခဲ့ကြသည်။

❖ **တောင်သူလယ်သမားတို့ စိတ်ဝင်စားသော သတင်းတစ်ခုမှာ သိပ္ပံနည်းကျ စိုက်ပျိုးရသည့် နည်းစနစ်များကို ပြန်ကြားပေးခြင်း ဖြစ်သည်။ မွေးမြူရေး မထွန်းကားသေးသော တောင်သူများအဖို့ ခေတ်သစ်မွေးမြူရေး အသိပေးသတင်းတို့သည် အင်မတန်တန်ဖိုး ရှိကြ။**

❖ **တစ်နှစ်တစ်ကြိမ် စောင့်မျှော်အားပေးခဲ့ကြသည့် သတင်းမှာ တိုင်းနှင့် ပြည်နယ် ဘောလုံးပွဲသတင်း ဖြစ်သည်။ အမျိုးသားများ အထူးအားပေးခဲ့ကြ။**

စာမျက်နှာ ၁၈ သို့ ■

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော် မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)တွင် တပ်မတော်သားများနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ သန့်ရှင်းရေးဆောင်ရွက်မှုကို ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦးတို့သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ သန့်ရှင်းရေး ဆောင်ရွက်နေမှုအား သွားရောက် ကြည့်ရှုအားပေးသည်။



ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်က တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ) တွင် ထိန်းသိမ်းထားရှိသည့် တိရစ္ဆာန်များ ကျွေးမွေးရန်အတွက် အလှူငွေပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ) ဝင်းအတွင်း မန္တလေးတပ်နယ်မှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ မီးသတ်တပ် ဖွဲ့ဝင်များ၏ သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ ထုတ်ပြန်ချက်အရသိရသည်။

**သတင်းစဉ်**




# (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**ဟားခါး ဖေဖော်ဝါရီ ၈**

(၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာကျင်းပ နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ဟားခါးမြို့ ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးတိုးဝင်းက (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာကျင်းပ နိုင်ရေးအတွက် အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား ကျင်းပရေး ဆပ်ကော်မတီအသီးသီးက (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ရမည့် လုပ်ငန်း အစီအမံများကို ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့် ကောင်စီအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကြကာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■

■ စာမျက်နှာ ၁၇ မှ

၁၉၅၀ ပြည့်နှစ်ဝန်းကျင်လောက်ကဟု ထင်သည်။ နှစ်ကျပ်တန်ထီလက်မှတ် ပေါက်ကြသော သိန်းဆုကြီးနှင့် အပိုဆု ပေါက်ဂဏန်းများကို ရေဒီယိုမှ ကြေညာပေးသည်။ ထီပေါက်စဉ်ကိုကား မရသည်က များသဖြင့် ထီသတင်းကြေညာလျှင် လူသုံး၊ လေးဦးတို့က လိုက်ရေးမှတ်ကြသည်။ သတင်းပြီးလျှင် ထိုသူတို့ရေးထားသည့် ကိန်းများ တိုက်ဆိုင်ကြည့်ခြင်းဖြင့် ထီပေါက်စဉ်ကို ရကြသည်။

မှတ်မိနေသေးသော သတင်းတစ်ခုရှိသည်။ ၁၉၆၀ ပြည့်နှစ်ကျော်ကာလက ဖြစ်မည်။ မြန်မာသုံး ငွေစက္ကူများကို ပယ်ဖျက်လိုက်ကြောင်းနှင့် ငွေပမာဏတစ်ရပ်ကို ပြန်ပေးကြောင်းသတင်းသည် မြန်မာ့အသံမှတစ်ဆင့် သိရသည်။ ဘုန်းတော်ကြီးကျောင်း ရေဒီယိုမှ ကြားမိသူက ရွာထဲသို့ပြေးလျက် ပြောပြလိုက်ရာ ငွေကြေးကိုင်နိုင်သူတို့သည် မြို့သို့ အပြေးသွားကာ လဲလှယ်ခွင့်ရကြသည်။ သူတို့ကား ရေဒီယိုကို ကျေးဇူးတင်ကြသဖြင့် ဆရာတော်ဘုရားအား ရေဒီယိုဖိုး လှူဒါန်းလာကြခြင်း ဖြစ်သည်။ ယခုတိုင် သတိရနေသည့်ဖြစ်ရပ်တစ်ခုပါ။

တစ်ချိန်က မက်ထရစ်စာမေးပွဲခေါ် ဆယ်တန်းစာမေးပွဲအောင်စာရင်းကို မြန်မာ့အသံမှ နှစ်စဉ်ထုတ်လွှင့်ပေးသည်။ ထိုနေ့တွင် စာဖြေကျောင်းသားရော ဆွေမျိုးမိဘများပါ ရေဒီယိုဖွင့်ရာအိမ်သို့ လာရောက်စုဝေးကြသည်။ တချို့ လက်ပွေ့မုန့်သည်လေးများက သရေစာရောင်းတတ်သည်။ အောင်စာရင်းကို နားစွင့်နေခိုက် ထိုဈေးသည်က ဈေးခေါ်နေသဖြင့် ပြစ်တင်ကြသည်။ နောက်ပြောင်တတ်သူတစ်ဦး မတ်တတ်ရပ်လိုက်ကာ "မြေပဲဆားလှော် ငန်ငန်တူးတူးရမယ်။ ရေခဲချောင်း ပူပူနွေးနွေးရမယ်။ ဘယာကြော်ကြီး အကွင်းလိုက်ရမယ်" ဟု အော်လိုက်ရာ ပွဲကျသွားလေတော့သည်။

၁၉၅၆ ခုနှစ်ဝန်းကျင်က ကြည်ညိုနှစ်လိုဖွယ်အသံလွှင့်ချက်ကို နာယူခဲ့ကြသည်။ "ဘယ်သို့ခေါ်သလဲငါ့ရှင်"။.... "ဤသို့ ဤသို့ ခေါ်ပါသည်ဘုရား" စသည်ဖြင့် မေးဆိုဖြေကြားကြသည့် မဟာစည်ဆရာတော်ကြီးနှင့် တိပိဋကတ်ဆရာတော် အရှင်ဝိစိတ္တသာရဆရာတော်တို့၏ သင်္ဂါယနာတင် မေးဖြေတရားတို့ ဖြစ်ပါသည်။

### ပညာပေးခြင်းအကျိုးများ

စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်ပညာပေးကဏ္ဍတို့သည်ကား အင်မတန်များပါသည်။ မောင်ဆုရှင်ကဲ့သို့ ခေတ်သစ်သိပ္ပံတွေ့ရှိချက်များကို အများနားလည်စေရန် ခပ်လွယ်လွယ် ထုတ်လွှင့်မှုတို့သည် များစွာ အကျိုးပြုခဲ့သည်။ အခြေခံကျောင်းပညာရေးနှင့် ပတ်သက်၍လည်း ဒေါ်အေးအေးမြင့်ကဲ့သို့ ပြဋ္ဌာန်းများနှင့် ရင်းနှီးကျွမ်းဝင်စေရန် ရှင်းလင်းပို့ချမှုတို့သည် ထိရောက်မှုရှိသည်ပင်။ ၁၉၇၆ ခုနှစ်လောက်မှ စတင်တည်ထောင်သည့် တက္ကသိုလ်စာပေးစာယူစနစ်၊ အဝေးသင်ပညာရေးစနစ်သည်ကား တက္ကသိုလ်မတက်ရောက်နိုင်သူများအဖို့ အားထားရာဖြစ်ခဲ့သည်။ အဆိုပါစနစ်တွင် ပို့ချသူပညာရှင်တို့ အရေးပါကြသည်ထက် ဖြန့်ကြက်ပို့ချရေးမှာမူ အသံလွှင့်ဌာနအပေါ် အကြွင်းမဲ့တည်မှီနေပါတော့သည်။ မိမိကိုယ်တိုင် ပါဝင်ပို့ချခဲ့ရသဖြင့် မြန်မာ့အသံ၏ ပဓာနကျမှုကို ပီပြင်စွာ သိမြင်ခဲ့သည်။

### ဖျော်ဖြေပေးခြင်းအကျိုးများ

ဖျော်ဖြေရေးနှင့်ပတ်သက်လျှင် ဒေသအသီးသီးမှာပင် မိမိတို့အတိုင်းအတာအလျောက် ဆို၊ က၊ တီးအဖွဲ့များရှိတတ်ကြသည်။ မြန်မာ့ဇာတ်သဘင်အဖွဲ့ကြီးများ၊ အငြိမ့်သဘင်များ၊ ဧည့်ခံဆိုင်းဝိုင်းများရှိကြသည်။ ကိုယ့်အရပ်နှင့် ကိုယ့်ဇာတ်အဖြစ်ဖြင့်လည်း ဖျော်ဖြေကြ၊ ပျော်ရွှင်ကြသည်။ မြို့များတွင်မူ ရုပ်ရှင်များက နေရာယူလာကြသည်။

တစ်ပြည်လုံးကို လွှမ်းခြုံလျက် ပုံမှန်တင်ဆက် ဖျော်ဖြေပေးနိုင်သည့် အံ့ကျင်းသည်ကား မြန်မာ့အသံတစ်ခုတည်းသာ ဖြစ်ခဲ့သည်။ အဆက်မပြတ်လည်း ထုတ်လွှင့်တင်ဆက်ခဲ့သည်။ မြန်မာ့ဇာတ်သဘင်အဖွဲ့ကြီးများ၊ ကာလပေါ်တီးဝိုင်းအဖွဲ့များ၊ သောတရှင်တို့ တောင်းဆိုသည့် သီချင်းများ၊ ကာလပေါ်တေးများ၊ သီချင်းကြီးအဖွဲ့များ၊ ဟာဒယရွှင်ဆေးအခန်း၊ ဇာတ်ပြောဖျော်ဖြေမှုများ၊ ဇာတ်လမ်းပမာနားဆင်စရာများစသည်တို့ဖြင့် ပင်ပန်းနွမ်းနယ်နေကြသည့် လယ်သမားများ၊ အလုပ်သမားများနှင့် ဝန်ထမ်းများကို အပန်းဖြေပေးမြဲပါတည်း။ ဖျော်ဖြေပေးရင်းကပင် အသိအလိမ္မာ ပညာများကိုလည်း ကျွဲကူးရေပါ ဖြည့်စွက်ပေးနိုင်ခဲ့ပါသည်။

မြန်မာ့အသံက ထုတ်လွှင့်ခဲ့သည့် သီချင်းတို့အထဲမှ မှတ်မှတ်ရရဖြစ်နေသော သီချင်းတို့ ရှိသည်။ အထက်တွင် ဖော်ပြခဲ့သည့် မြန်မာ့ဖိတ်ခေါ်သံ၊ ပေဖူးလွှာ၊ မြန်မာ့ကြွေးကြော်သံ၊ တောင်တန်းပြာနှင့် ကျောပိုးအိတ်စသည့် သမိုင်းဝင်သီချင်းများအပြင် ကျေးလက်သဘာဝအလှ၊ အလွမ်းအဆွေးသီချင်းတို့သည်လည်း အများကြိုက်သီချင်းများ ဖြစ်ခဲ့ကြသည်။ ဖိုးသာအောင်ရေ အစချီသီချင်း၊ မေလှမြိုင်၏ ရပ်ရွာလူထုပူမှုတွေလည်းကွာ၊ ကျေးဇူးတရားတွေ ပွားပေတာ(စိမ်းလဲ့ကန်သာ စိမ်းလဲ့ကန်သာ) သီချင်းတို့ကို ယနေ့တိုင် သတိတရရ ဖြစ်နေပါသည်။

ဖိုးသာအောင်သီချင်းကို စွဲနေရခြင်းမှာ သီချင်းက ကောင်းလွန်းလှ၍ဟုတော့ မဆိုလိုပါ။ ထိုသီချင်းကို တေးသရုပ်ဖော်အဖြစ် ကျေးရွာသားတို့ ဘုရားပွဲတွင် တင်ဆက်ပြသခဲ့သောကြောင့် ဖြစ်ပါသည်။ မေလှမြိုင်၏ သီချင်းကို စွဲနေခြင်းကလည်း အကြောင်းရှိသည်။

ရောဝတီမြစ်ကမ်းတစ်လျှောက် ကျွန်ုပ်တို့ဒေသတွင် ပြိုင်ပွဲဝင်လောင်းလှေကြီးများ ရှိခဲ့ကြသည်။ ဘုန်းတော်ကြီးကျောင်းများမှာ ထားကြသည်။ မိုးရာသီမြစ်ရေလျှံသော ဝါတွင်းကာလမှာ အလှလှော်ခတ်ကြသည်။ ဘုရားပွဲများတွင် ဘုရားပင့်ရင်း အလှပြကြသည်။ တစ်ခါတစ်ရံ ကြေးစားပြိုင်ပွဲများပင် လုပ်ခဲ့ဖူးကြသည်။ ဗိုလ်ချုပ်၊ မာဃ၊ မှန်ကျား၊ ဒီပိုး၊ နတ်သိုင်း၊ ခေါင်ညွှန့်စိန် လှေတော်ကြီးများသည် ထင်ရှားခဲ့သည်။ အလှလှော်ခတ်ရာတွင် သီဆိုရန် ကိုယ်ပိုင်သီချင်းများလည်း အသီးသီး ရှိကြသည်။

ရတနာစိန်လှေတော်သားတို့မှာလည်း ကိုယ်ပိုင်သီချင်းရှိသည်။ သို့သော် ဘုရားပွဲတစ်ပွဲတွင် မေလှမြိုင်၏ "စိမ်းလဲ့ကန်သာ" သီချင်းကို သီဆိုလှော်ခတ်ပြကြရာ ပရိသတ်က တစ်ခဲနက် အားပေးချီးမွမ်းကြသည့်အပြင် ထပ်မံပွဲတောင်းကြပြန်သည်။ နောက်နှစ်များတွင်လည်း သူတို့ သီဆိုအသုံးတော်ခံသဖြင့် နာမည်ရခဲ့သည်။ ဤသို့အားဖြင့် မြန်မာ့အသံက သီချင်းများကို ကိုယ်ပိုင်သီချင်းကဲ့သို့ နေရာပြောင်းသုံးခဲ့ကြသည်တို့ ရှိခဲ့ပေလိမ့်မည်။

ဤဖော်ပြခဲ့သည်တို့ကား မြန်မာ့အသံမှတစ်ဆင့် မိမိတစ်ဦးတည်း တွေ့ကြုံခံစားခဲ့ရသည့် အကျိုးတရားတို့ ဖြစ်ပါသည်။ အခြားပုဂ္ဂိုလ်တို့သည်လည်း ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြုံတွေ့ပျော်မွေ့ရသည်တို့ အသီးသီး ရှိကြပေလိမ့်မည်။ ယနေ့ခေတ်မှာတော့ မြန်မာ့အသံအပြင် မြန်မာ့ရုပ်သံ (MRTV)ပါ ပူးတွဲဖြည့်ဆည်း ပံ့ပိုးနေပြီဖြစ်သောကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ဆတက်ထမ်းပိုးတိုးတက်စေမည်ဟု ယုံကြည်အားတက်နေမိပါသည်။ ။

# နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ကုန်စည်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရိုးသားကြပါစို့

နိုင်ဦး (DOCA)

မြန်မာနိုင်ငံ၏ သဘာဝတည်နေရာ အနေအထားအရ ဝယ်လိုအား အဆမတန်များပြား၍ ပို့ကုန်အခွင့်အလမ်းကြီးမားသည့် ဈေးကွက်နိုင်ငံကြီး နှစ်ခုအကြားတွင် တည်ရှိနေသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေးကြီးတစ်ခုအဖြစ် ရှုမြင်နိုင်ပါသည်။ သို့သော် ပကတိအခြေအနေများမှာမူ ထင်မြင်ယူဆချက်နှင့် ပြောင်းပြန်ဖြစ်နေသည်။ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်မှုမရှိသော၊ မိမိကိုယ်ကျိုးစီးပွား တိုးတက်ရေးကိုသာ ဆောင်ရွက်သော ကုန်စည်၊ ဝန်ဆောင်မှုများ၊ တင်သွင်း၊ တင်ပို့၊ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသူများကြောင့် မြန်မာနိုင်ငံအတွင်း ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော၊ ဘေးအန္တရာယ်ကင်းရှင်းမှု မရှိသော၊ နိုင်ငံတကာသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော လူသုံး၊ အိမ်သုံးပစ္စည်းများ အဆမတန် ဝင်ရောက်လျက်ရှိနေပါသည်။ ထိုပစ္စည်းများကို ဝယ်ယူသုံးစွဲသော စားသုံးသူများမှာ နစ်နာဆုံးရှုံးမှုများစွာ ကြုံတွေ့ရလျက်ရှိပါသည်။

သို့သော် မြန်မာနိုင်ငံမှ တင်ပို့သောပစ္စည်းများနှင့် ပတ်သက်၍မူ ၎င်းတို့နိုင်ငံများက သတ်မှတ်ထားသော စံနှုန်းသတ်မှတ်ချက်များစွာအတိုင်း လိုက်နာတင်ပို့ကြရသည်။ အမှန်မှာ မိမိနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များသည်လည်း လူသုံးအိမ်သုံးပစ္စည်းများ တင်သွင်းရာတွင် မိမိနိုင်ငံက သတ်မှတ်ထားသော စံနှုန်းသတ်မှတ်ချက်များနှင့်ကိုက်ညီသောပစ္စည်းများကိုသာ တင်သွင်းသင့်သည်။ သို့မှသာ စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများမှာ မျှတမှုရှိမည်ဖြစ်ပါသည်။ လတ်တလော အမြတ်ရရှိရေးထက်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်စေသည့် စီးပွားရေးစနစ်ကို ဖော်ဆောင်သင့်သည်။ စီးပွားရေးအင်အားကြီးမားသော ကုန်သွယ်ဖက်နိုင်ငံများနှင့် ပခုံးချင်းယှဉ်နိုင်ရန်မှာ တစ်ပြေးညီဖြစ်၍ မျှတသော ကုန်သွယ်ရေးစနစ်ပေါ် အခြေခံနေသည်ကို မမေ့သင့်ပေ။

**စီးပွားရေးမူဝါဒ (၁၂) ရပ်**

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ခိုင်မာ၍ ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ခေတ်မီသည့် စီးပွားရေးမူဝါဒများရှိရန် လိုအပ်သည်။ လက်ရှိအစိုးရသည် နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်၍ သားစဉ်မြေးဆက် အကျိုးခံစားရရှိစေမည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂) ရပ်ကို ၂၉-၇-၂၀၁၆ ရက်နေ့တွင် ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဥရောပနိုင်ငံများတွင် စီးပွားရေးဒဿန၊ မူဝါဒများနှင့်ပတ်သက်၍ အင်္ဂလိပ်ဘောဂဗေဒပညာရှင်တစ်ဦးဖြစ်သည့် အဒမ်စမစ် (Adam Smith) ရေးသား၍ ၁၇၇၆ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် "တိုင်းနိုင်ငံကြီးများ၏ ဓနအင်အားကျမ်းကြီး"မှ လေစစ်ဖဲယား (Lassiez Faire) ဒဿနသည် လွန်စွာခေတ်စား၍ လိုက်နာဆောင်ရွက်ခဲ့ကြသည်။ ဥရောပနိုင်ငံအများစု၏ စီးပွားရေးမူဝါဒများအဖြစ် လက်ကိုင်အသုံးပြုခဲ့ကြသည်။ လေစစ်ဖဲယားဆိုသည်မှာ လွတ်လပ်စွာကုန်သွယ်ရေးမူဝါဒများဖြစ်သည်ဟု ဆိုကြသည်။ တိုက်ရိုက်အဓိပ္ပာယ်ကမူ "သူ့ဟာသူ လွတ်လွတ်လပ်လပ် လုပ်ပါစေ" ဆိုသည့်သဘော ဖြစ်သည်။ ထိုဒဿနအရ စီးပွားရေးရာကိစ္စများတွင် အစိုးရက ပါဝင်ပတ်သက်နေသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်၊ သတ်မှတ်ချက်၊ အခွင့်ထူးပေးမှု၊ အကောက်အခွန်ကိစ္စများ၊ ထောက်ပံ့ကြေးပေးမှုများမှ ကင်းလွတ်သောပုဂ္ဂလိကအဖွဲ့များကြား လွတ်လပ်ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်သည့် စီးပွားရေးစနစ်တစ်ခု ဖြစ်သည်။ ထိုစနစ်တွင် အစိုးရက ဆောင်ရွက်ပေးရမည့် လုပ်ငန်း သုံးမျိုးသာ ရှိသည်။ တရားဥပဒေစိုးမိုးရေး၊ လျှပ်စစ်၊ လမ်းတံတား၊ အဆောက်အအုံများ၊ ပညာရေးနှင့် ကျန်းမာရေးတို့ကိုသာ ထူထောင်ပေးရန်လိုအပ်သည်ဟု ဆိုသည်။

တစ်နည်းအားဖြင့် စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာကိစ္စများတွင် လုပ်ငန်းရှင်များက ဈေးကွက်စီးပွားရေးအရ လွတ်လွတ်လပ်လပ် လုပ်ကိုင်ခွင့်ပေးထားရမည်။ အစိုးရမှ ဝင်မစွက်ဖက်ရန်လိုသည်ဟု ဆိုသည်။ သို့မှသာ ကုန်စည်ထုတ်လုပ်၊ ဖြန့်ချိရောင်းချသူ၊ စားသုံးသူ၊ အစိုးရများအတွက် အကောင်းဆုံးအကျိုးစီးပွားကို ဖြစ်စေနိုင်မည်ဟု အနှစ်သာရအဖြစ် ယူဆနိုင်မည် ဖြစ်သည်။ ယင်းစီးပွားရေးစနစ်သည် လူတို့၏ သဘောသဘာဝကို အခြေခံ၍ ယူဆထားချက်ဖြစ်၍ ထိုခေတ်ထိုအခါက လူတို့၏ သဘောထားများနှင့် တိုက်ဆိုင်နေ၍ ဖြစ်ကောင်းဖြစ်ပေမည်။

လူသားများသည် ပင်ကိုသဘာဝအားဖြင့် အတ္တသမားများဖြစ်သည်။ လောဘရမ္မက်များလည်း ရှိသည်။ ထိုအတ္တ၊ လောဘ၊ ရမ္မက်များ၏ သွေးဆောင်မှုကြောင့် နေ့စဉ်လှုပ်ရှားရုန်းကန်နေကြသည်။ ထိုအတ္တ၊ လောဘ၊ ရမ္မက်များကို ထိန်းချုပ်ရန်ကြိုးစားခြင်းထက် လွတ်လွတ်လပ်လပ် လုပ်ဆောင်စေခြင်းက လူ့အဖွဲ့အစည်းအတွက် အကောင်းဆုံးအကျိုးစီးပွားနှင့် ကိုယ်ရည်ကိုယ်သွေးများကို အစိုးရက ရယူနိုင်မည်ဖြစ်သည်။

**လုပ်ငန်းရှင်များ**

စားသုံးသူများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆုံးအဖြတ်ပေးမည့်သူများဖြစ်ကြောင်း နားလည်ကြသည်။ ထို့ကြောင့်ပင် လူသုံးအိမ်သုံး၊ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နေသော လုပ်ငန်းရှင်များသည် သူတို့၏အတ္တ၊ လောဘများအရ မိမိပြိုင်ဘက်အသီးသီးထက် ချိုသာသောဈေးနှုန်း၊ ကောင်းမွန်သည့် အရည်အသွေး၊ စံနှုန်းကိုက်ညီစွာထုတ်လုပ်၍ ရောင်းချဆောင်ရွက်ပါမှ ပိုမိုရောင်းချဆောင်ရွက်နိုင်ကာ ပြိုင်ဘက်များကို အနိုင်ရရှိမည်ဖြစ်သည်ကို လုပ်ငန်းရှင်များ နားလည်ကြသည်။

တစ်ဆင့်တက်၍ မိမိပြိုင်ဘက်ကို အနိုင်ယူနိုင်ရန် ကြိုးစားရာ၌ မျက်ကန်းအတ္တ၊ လောဘများနှင့် မဖြစ်နိုင်ပေ၊ ပြိုင်ဘက်များနှင့် ဈေးနှုန်း၊ အရည်အသွေး အဘက်ဘက်မှ သိသိသာသာ သာလွန်၍ အများအပြားထုတ်လုပ်ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်အဆင့်တိုင်းတွင် သတိပြုရမည့်အချက်များစွာကိုလည်း သတိပြုရမည်ဖြစ်သည်။ ထုတ်လုပ်မှု၊ ဆောင်ရွက်မှုစရိတ် သက်သာရန်လိုသည်။ အလေအလွင့် နည်းနိုင်သမျှနည်းရန် လိုသည်။ အလွယ်ကူဆုံးနည်းမှာ ခေတ်မီစက်ကိရိယာများ သုံးစွဲရမည်။ ထိုအခါ ကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းအများအပြားကို အချိန်တိုအတွင်း အမြောက်အမြား ထုတ်လုပ်လာနိုင်မည်။ လုပ်အားခသက်သာသွားမည်၊ အများအပြားရောင်းချသွားမည်။ အမြတ်အစွန်းများစွာ ရရှိလာနိုင်မည်၊ လုပ်ငန်းများတိုးချဲ့လာနိုင်မည် ဖြစ်သည်။

စားသုံးသူများကလည်း လုပ်ငန်းရှင်အများအပြားက ဆောင်ရွက်ပေးနေသော ကုန်စည်များ၊ ဝန်ဆောင်မှုအများအပြားအနက် ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိသော၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော၊ အရည်အသွေးမြင့်မားသော၊ စီးပွားရေးကျင့်ဝတ်နှင့်အညီဆောင်ရွက်သော၊ ဈေးနှုန်းချိုသာသော ကုန်စည်၊ ဝန်ဆောင်မှုများကို ရယူသုံးစွဲနိုင်မည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။ စားသုံးမှုအဆင့်အတန်းများ တိုးတက်လာမည်။ ကျန်းမာသက်ရှည်စွာဖြင့် လူ့သက်တမ်းစေ့နေနိုင်မည် ဖြစ်သည်။ တစ်နည်းအားဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်လာမည်။ နည်းပညာ၊ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်များ ခိုင်မာလာမည်ဖြစ်သည်။

**အသုံးစရိတ်များ ပိုမိုတိုးချဲ့သုံးစွဲ**

ထိုသို့ လွတ်လပ်စွာဆောင်ရွက်ခြင်းကြောင့် အစိုးရအတွက် အကျိုးများစွာ ဖြစ်ထွန်းနိုင်မည်ဖြစ်သည်။ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်လာမည်၊ အလုပ်အကိုင်အမျိုးအစားပေါင်းစုံ တိုးတက်လာမည်။ အခွန်အခများ ပိုမိုရရှိလာမည်။ နိုင်ငံတော်၏ ဘဏ္ဍာငွေများ တိုးတက်ရရှိလာမည်ဖြစ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးစရိတ်များ ပိုမိုတိုးချဲ့သုံးစွဲလာနိုင်မည်၊ လမ်းတံတားများ ကောင်းလာမည်၊ ပညာရေးအဆင့် မြင့်လာမည်၊ ကျန်းမာရေးပိုမိုကောင်းမွန်လာမည်ဖြစ်သည်။

ဤတွင် လုပ်ငန်းရှင်များ၏ အတ္တ၊ လောဘကြောင့်ဖြစ်ပေါ်လာသော အချိန်တိုအတွင်း အမြတ်အစွန်းကြီးမားစွာ ရရှိလိုမှု၊ ကြီးပွားချမ်းသာလိုမှု၊ ပြိုင်ဘက်များကို အလဲထိုး အနိုင်ရယူလိုမှုများကြောင့် လွတ်လပ်စွာကုန်သွယ်လုပ်ကိုင်မှုများသည် လူ့အဖွဲ့အစည်းကို ကမောက်ကမများ ဖြစ်သွားလေမလားဟု စီးပွားရေးပညာရှင်များက စိုးရိမ်စိတ် ပွားများကြသည်။ စိုးရိမ်စရာမရှိပေ၊ လူတစ်ဦးချင်းစီသည် လုပ်ငန်းရှင်ရော စားသုံးသူများပါ အတ္တလောဘသမားများ ဖြစ်သည်။ သဘာဝမကျသောနည်းလမ်းကိုအသုံးပြု၍ ကုန်စည်ဝန်ဆောင်မှုပြုသူများကို စားသုံးသူက ဖယ်ကြဉ်သွား၍ အခြားလုပ်ငန်းမှ ထုတ်လုပ်ဆောင်ရွက်သော ကုန်စည်ဝန်ဆောင်မှုကို ရယူသုံးစွဲဆောင်ရွက်ကြမည် ဖြစ်သည်။

**အရည်အသွေး၊ စံနှုန်းသတ်မှတ်ချက်များ**

ထိုအခါ လုပ်ငန်းရှင်များသည် မိမိလုပ်ကိုင်ဆောင်ရွက်သော ကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် စားသုံးသူအလိုကျ အရည်အသွေး၊ စံနှုန်းသတ်မှတ်ချက်များ ပြည့်မီရေး၊ ထုတ်လုပ်ဆောင်ရွက်မှု နည်းပညာလုပ်ငန်းစဉ်များ တိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်၍ စားသုံးသူများအကြိုက် ဆောင်ရွက်ကြမည်သာ ဖြစ်သည်။

သို့သော် တာဝန်ရှိသူများ၏ ခွဲခြားဆက်ဆံမှု၊ ဘက်လိုက်မှု၊ မျက်နှာသာပေးမှုများဖြင့် ကြားဝင်ဆောင်ရွက်ပါကမူ သာသူသာ၊ နာသူနာ ဖြစ်နိုင်သည်၊ လုပ်ငန်းရှင်များ၏ စွမ်းဆောင်ရည်များ ကျဆင်းလာမည်ဖြစ်သည်၊ စားသုံးသူများ၏ အခွင့်အရေးများကို လျစ်လျူရှုရာရောက်မည်၊ သယံဇာတများကို တလွဲခွဲဝေသုံးစွဲမှုများ ပေါ်ပေါက်လာမည်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားပြုရာရောက်မည်ဖြစ်ကြောင်း လေစစ်ဖဲယားစနစ်၏ ဒဿနအကျဉ်းတွင် ဖော်ပြထားပါသည်။

မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများကို ရရှိဆောင်ရွက်နေသည်။ တင်ပို့၊ တင်သွင်းသော ကုန်စည်များ၊ ဆောင်ရွက်လျက်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ မျှတသောစီးပွားရေးစနစ်ကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အဆုံးအဖြတ်ပြုမည့် ကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ကြသည့် လုပ်ငန်းရှင်များသည် ရိုးသားစွာဖြင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိရေး၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရေးတို့အတွက် စေတနာထားကာ ကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းများကို ထုတ်လုပ်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ စားသုံးသူများကလည်း ယင်းတို့၏ စားဝတ်နေရေးနှင့်ပတ်သက်၍ နေ့စဉ်ရယူသုံးစွဲနေရသည့် ကုန်စည်၊ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိ/မရှိ၊ ဘေးန္တရာယ်ကင်းရှင်းမှု ရှိ/မရှိ၊ သတင်းအချက်အလက်များပါ/မပါ သေချာစွာ ကြည့်ရှုမေးမြန်းဝယ်ယူသုံးစွဲကြရန် လိုအပ်နေပါပြီ။ လုပ်ငန်းရှင်များကလည်း မိမိလုပ်ကိုင်သော ကုန်စည်ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ အရည်အသွေး၊ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်ဆောင်ရွက်၍ ပြည်တွင်းဈေးကွက်သာမက နိုင်ငံတကာဈေးကွက်အထိ ယှဉ်ပြိုင်ထိုးဖောက်၍ ပြိုင်ဘက်များအား အနိုင်ယူနိုင်ရေး ရိုးသားစွာဖြင့် ဆောင်ရွက်လုပ်ကိုင်ကြရန် အချိန်တန်ပြီဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ ။

**မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများကို ရရှိဆောင်ရွက်နေသည်။ တင်ပို့၊ တင်သွင်းသော ကုန်စည်များ၊ ဆောင်ရွက်လျက်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ မျှတသောစီးပွားရေးစနစ်ကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အဆုံးအဖြတ်ပြုမည့် ကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ကြသည့် လုပ်ငန်းရှင်များသည် ရိုးသားစွာဖြင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိရေး၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရေးတို့အတွက် စေတနာထားကာ ကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းများကို ထုတ်လုပ်ဆောင်ရွက်ရန် လိုအပ်လျက်ရှိ။**

---

## ကန့်ဘလူမြို့နယ်၌ စားပင်သီးနှံများစိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေရရှိကာ မိသားစုစီးပွားရေး အဆင်ပြေ

**ကန့်ဘလူ ဖေဖော်ဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရှိ ကျေးလက်နေပြည်သူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး မိသားစုအပိုဝင်ငွေရရှိရေးအတွက် ရာသီအလိုက်သီးနှံစားပင်များကိုလည်း ပိုမိုစိုက်ပျိုးလာကြသည်။ ယင်းသို့စိုက်ပျိုးကြရာတွင် ယမန်နှစ် အောက်တိုဘာလက စိုက်ပျိုးခဲ့သော သာမိ-၁၁ ငရုတ်များမှာအောင်မြင်ဖြစ်ထွန်းပြီး ယခုအခါ တစ်ပိဿာ ကျပ် ၁၂၀၀ ဖြင့် စတင်ရောင်းချရပြီဖြစ်ကြောင်း ညောင်ပင်(ရွာမ)ကျေးရွာနေ တောင်သူ ဦးသောင်းငွေထံမှ သိရသည်။

သာမိ-၁၁ ငရုတ်မျိုးစေ့ကို တစ်ထုပ်လျှင်ငွေကျပ် တစ်သောင်းပေးရပြီး ပျိုးအိတ်ဖြင့် ဦးစွာပျိုးကာ ၂၅ ရက်သားခန့်တွင် မြေပြင်ပေါင်များ၌ ရွှေ့ပြောင်းစိုက်ပျိုးခြင်းဖြစ်သည်။ မြေအောက်ရေကို စနစ်တကျအသုံးပြုပြီး ငါးရက်တစ်ကြိမ် ရေလောင်းပေးရသည်။ မြေဩဇာအနေဖြင့် သဘာဝမြေဩဇာများဖြစ်သည့် နွားချေး၊ ကြက်ချေးများကိုသာ အသုံးပြုပြီး အပင်ပြုစုမှုကောင်းမွန်ပါက လေးလသားမှတစ်နှစ်ခွဲအထိ ခူးဆွတ်ရောင်းချနိုင်ကြောင်း သိရသည်။

ထို့ပြင် အခြားစားပင်သီးနှံများဖြစ်သည့် ခရမ်းချဉ်သီး၊ ဖူးစားမုန်ညင်း၊ ပဲနီထောပတ်၊ ပဲတောင့်ရှည်(ပဲလက်ညှိုးသီး)ပင်များလည်း စိုက်ပျိုးပြီး ဆက်လက်၍ ဖ၉၂ ငရုတ်မျိုးကိုလည်း ထပ်မံစိုက်ပျိုးမည်ဖြစ်ကြောင်း တောင်သူ ဦးသောင်းငွေက ပြောကြားသည်။ ယခုအခါ တောင်သူအများစုသည် စားပင်သီးနှံများစိုက်ပျိုးရာတွင် သီးနှံတစ်မျိုးတည်းစိုက်ပျိုးခြင်းအစား ဈေးကွက်အခြေအနေပေါ်မူတည်၍ သီးနှံများကိုပြောင်းလဲစိုက်ပျိုးလာကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုး မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းတိုက်များသို့ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးကာလတွင် ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများတွင် ဆွမ်းကိစ္စများ အဆင်ပြေစေရန်အတွက် တိုင်းစစ်ဌာနချုပ်များအလိုက် လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုးသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် ရေးတပ်နယ်မှ တာဝန်ရှိသူများနှင့်အတူ မွန်ပြည်နယ် ရေးမြို့ ပုဖွရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပုဖွရမ္မ အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုးနှင့်အဖွဲ့ဝင်များသည် ရေးမြို့ ထန်းခြောက်ပင် ကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုဖွရမ္မအား ဖူးမြော်ပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်စိုးနှင့်အဖွဲ့ဝင်များက ရေဖြူမြို့နယ် ကလိန်အောင်မြို့ အောင်သီရိဘုရားကုန်းကျောင်းသို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောသလ္လာနှင့် သီလရှင်ဆရာကြီး ဒေါ်ဓမ္မထေရ်ရီထံ ဆွမ်းဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်


## တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များ၌ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ အရ အမိန့်ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များ၌ ယနေ့တွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ အရ အမိန့်ထုတ်ပြန်ခဲ့သည်။

ထိုသို့ထုတ်ပြန်ရာတွင် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နှင့် ကမာရွတ်မြို့နယ်များအတွင်း၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မြင်းခြံမြို့နယ်နှင့် အမရပူရမြို့နယ်များအတွင်း၌ လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေးမြို့နယ်နှင့် ပခုက္ကူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ရွှေဘိုမြို့နယ်၊ မုံရွာမြို့နယ်နှင့် ကလေးမြို့နယ်များအတွင်း၌ လည်းကောင်း၊ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ ဗန်းမော်မြို့နယ်၊ မိုးကောင်းမြို့နယ်၊ ရွှေကူမြို့နယ်၊ မိုးညှင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်များအတွင်း၌ လည်းကောင်း၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်အတွင်း လည်းကောင်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ ရေးမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်များအတွင်း၌ လည်းကောင်း၊ ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နယ်၊ တောင်ကြီးမြို့နယ်၊ တာချီလိတ်မြို့နယ်၊ နောင်ချိုမြို့နယ်၊ လားရှိုးမြို့နယ်၊ ကလောမြို့နယ်၊ သီပေါမြို့နယ်၊ မူဆယ်မြို့နယ်နှင့် ကျောက်မဲမြို့နယ်တို့အတွင်း၌လည်းကောင်း စုဝေးခြင်း၊ ဟောပြောခြင်း၊ ယာဉ်တစ်မျိုးမျိုးကို အသုံးပြု၍ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ စီတန်းလှည့်လည်ခြင်း၊ လှုံ့ဆော်ဆန္ဒပြခြင်း၊ ဖျက်ဆီးခြင်း၊ ရန်နိုးရင်းဆန်ခတ် ပြုမူခြင်းများကို မပြုလုပ်ရန် တားမြစ်လိုက်ပြီး လူ ၅ ဦး သို့မဟုတ် ၅ ဦးထက်ပိုသောသူများသည် ယင်းမြို့နယ်များအတွင်း အများပြည်သူနှင့်ဆိုင်သောနေရာများတွင် စုဝေးခြင်း မပြုရန်နှင့် ည ၈ နာရီအချိန်မှ နံနက် ၄ နာရီအချိန်အတွင်း ညမထွက်ရအမိန့်ကို ထုတ်ပြန်လိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်




## မြို့နယ်အဆင့်မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် စံပြမြစိမ်းရောင်ကျေးရွာဆု ချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



**ရေနံချောင်း ဖေဖော်ဝါရီ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ခုနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မြစိမ်းရောင်ကျေးရွာစီမံကိန်း မြို့နယ်အဆင့် သုံးသပ်ဆွေးနွေးပွဲနှင့် စံပြမြစိမ်းရောင်ကျေးရွာဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက်က အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရေနံချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းသုံးသပ်ဆွေးနွေးရခြင်းရည်ရွယ်ချက်နှင့် မြစိမ်းရောင်ကျေးရွာစံပြဆုချီးမြှင့်ရခြင်းအကြောင်းများကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် တက်ရောက်လာကြသော မြစိမ်းရောင်ကျေးရွာကော်မတီအဖွဲ့ဝင်များက အုပ်စု လေးစုဖွဲ့၍ စီမံကိန်းကျေးရွာရွေးချယ်ခြင်းနှင့် ရန်ပုံငွေထုတ်ချေးခြင်းဆိုင်ရာများ၊ စီမံကိန်းရန်ပုံငွေများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးနှင့် သက်တမ်းတိုးဆောင်ရွက်သည့်ကိစ္စရပ်များ၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာများ၊ လုပ်ငန်းအားနည်းချက်အားသာချက်များကို အုပ်စုလိုက်သုံးသပ်ဆွေးနွေးတင်ပြခဲ့မှုအပေါ် မြို့နယ်ဦးစီးမှူး ဦးဇော်လင်းနိုင်က ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာတာဝန်ရှိသူများက စေတုတ္တရာမြို့နယ်အတွင်း ၂၀၁၅-၂၀၁၆ ခုနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မြစိမ်းရောင်ကျေးရွာ ၃၂ ရွာရှိသည့်အနက် စံပြမြစိမ်းရောင်ကျေးရွာဆုအား ပထမအဖြစ် အုတ်ရှစ်ကုန်းကျေးရွာအားလည်းကောင်း၊ ဒုတိယအဖြစ် ကံကြီးကျေးရွာအားလည်းကောင်း၊ တတိယအဖြစ် ရုံးဆိပ်မြောက်ကျေးရွာအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်များ ချီးမြှင့်ခဲ့ပြီး ကျန်ကျေးရွာများအား ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပေးအပ်ခဲ့ကြောင်း ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းနိုင်က ပြောပြသည်။

မကွေးဝင်းမောင်

## ကျောက်ဆည်မြို့နယ်တွင် တောင်သူတချို့ မီးဖိုချောင်သုံး သီးပင်၊ စားပင်များ စိုက်ပျိုးရောင်းချမှုများရှိလာ



**ကျောက်ဆည် ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်သူများသည် ဆည်မြောင်းချောင်းကန်များ ပေါ်များသဖြင့် ဆန်စပါးကို အဓိကထားစိုက်ပျိုးကြသော်လည်း ဆည်ရေသောက်မရရှိသည့် ယာမြေများနှင့် ကျွန်းမြေများတွင် ယခင်က ပဲ၊ ပြောင်း၊ ငရုတ် စသည့် စိုက်မြေများတွင် နေ့စဉ်နီးပါး ဝင်ငွေရရှိသည့် မီးဖိုချောင်သုံး သီးပင်၊ စားပင်များပြောင်းလဲစိုက်ပျိုးလာကြကြောင်း သိရသည်။

မီးဖိုချောင်သုံး သီးပင်၊ စားပင်များ ပြောင်းလဲစိုက်ပျိုးခြင်းများနှင့်ပတ်သက်၍ ယခင်က "ကျွန်တော် ငရုတ်သီး စိုက်တယ်။ ငရုတ်သီးစိုက်တော့ အပင်ပျိုးထောင်တာတို့ ပြောင်းရွှေ့စိုက်ပျိုးတာ၊ ရေတင်၊ ပေါင်းပေါက်၊ ဆေးဖျန်း၊ ခူးဆွတ်တာတွေ လုပ်တဲ့အခါ အလုပ်သမားတွေခေါ်ရတာ အဆင်မပြေမှုတွေရှိတယ်။ ရောင်းတဲ့အခါမှာလည်း ဈေးကောင်းရရင်တော့ အဆင်ပြေတာပေါ့။ အခုနောက်ပိုင်းမှာ ဈေးကွက်ကလည်း သေချာမှုမရှိတော့ လုပ်ရပြီး အကျိုးအမြတ်မရှိဘူး။ တချို့နှစ်တွေဆို အရှုံးပေါ်တယ်။ စတင်စိုက်ပျိုးချိန်မှစတင်ပြီး ရိတ်သိမ်းချိန်အထိ ရှစ်လလောက် လုပ်ရတာဆိုတော့ အချိန်ကာလကလည်း ကြာတယ်။ အဲဒါကြောင့် အခုဆိုရင် ငရုတ်မစိုက်တော့ဘဲ နေ့စဉ် ခူးဆွတ်ရောင်းရတဲ့ ဆလတ်၊ မုန်ညင်း၊ ပူစီနံ၊ ပင်စိမ်း၊ ခဝဲ၊ ဘူး၊ ချဉ်ပေါင်တို့ကို မျှပြီးစိုက်ပျိုးရောင်းချတာ အဆင်ပြေတယ်"ဟု ရန်ပုံနှစ်ကျေးရွာမှ တောင်သူ ဦးမြင့်မောင်က ပြောပြသည်။

မီးဖိုချောင်သုံး ကုန်စိမ်းသီးနှံစိုက်ပျိုးရာတွင်လည်း နေ့စဉ်ရောင်းချရမှုရှိစေရေးအတွက် သီးနှံမျိုးစုံကို တစ်ပိုင်တစ်နိုင် နည်းနည်းစီ စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစု စားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

# ရွှေတိဂုံစေတီတော်မြတ်ကြီး ဖူးမြော်ကြည်ညိုနိုင်ရေး ရဟန်းရှင်လူ ဘုရားဖူးပြည်သူများသို့ ပန်ကြားလွှာ

COVID-19 ကမ္ဘာ့ကပ်ရောဂါကြီး ဖြစ်ပွားနေသည့်အတွက် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၉-၄-၂၀၂၀ ရက်နေ့မှစ၍ ဘုရားဖူးမြော်ခွင့် ၁၀ လကျော်ကြာ ယာယီရပ်ဆိုင်းခဲ့ရာမှ ယခုအချိန်အခါတွင် COVID-19 ရောဂါကာကွယ်၊ တားဆီးရေး၊ ကုသရေးလုပ်ငန်းစဉ်များကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုအား အတိုင်းအတာတစ်ရပ်အထိ ထိန်းချုပ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်အရ ဘုရား၊ ပုထိုး၊ စေတီများအား အချိန်၊ လူဦးရေကန့်သတ်ချက်များဖြင့် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ၈-၂-၂၀၂၁ ရက်နေ့မှစ၍ ပြန်လည်ဖူးမြော်ခွင့် ပြုပေးသွားမည်ဖြစ်ပြီး လူစုလူဝေးဖြင့် အလှူအတန်းပြုလုပ်ခြင်းများအား ခွင့်မပြုသေးပါကြောင်း ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ပန်ကြားအပ်ပါသည်-

## ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည့်အစီအစဉ်

(၁) ၈-၂-၂၀၂၁ ရက်နေ့နှင့် ၉-၂-၂၀၂၁ ရက်နေ့များတွင် ရဟန်းသံဃာ၊ သီလရှင်များ ဖူးမြော်နိုင်ရေး ဦးစားပေး ခွင့်ပြုသွားပါမည်၊

(၂) ၁၀-၂-၂၀၂၁ ရက်နေ့တွင် အသက်အရွယ်ကြီးရင့်သူများ၊ မသန်စွမ်းပြည်သူများ ဖူးမြော်နိုင်ရေး ဦးစားပေး ခွင့်ပြုသွားပါမည်၊

(၃) ၁၁-၂-၂၀၂၁ ရက်နေ့မှစ၍ ရဟန်း၊ ရှင်များနှင့် ပြည်သူများ ဖူးမြော်နိုင်ရေး ခွင့်ပြုသွားပါမည်၊

(၄) ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ရာတွင် နေ့စဉ် နံနက် ၀၆ ၀၀ အချိန်မှ ၀၇ ၀၀ အချိန်အထိလည်းကောင်း၊ နံနက် ၀၈ ၀၀ အချိန်မှ ၀၉ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက် ၁၀ ၀၀ အချိန်မှ မွန်းလွဲပိုင်း ၁၁ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက်ပိုင်း ၃ ကြိမ်၊ မွန်းလွဲပိုင်း ၁၃ ၀၀ အချိန်မှ ၁၄ ၀၀ အချိန်အထိလည်းကောင်း၊ မွန်းလွဲပိုင်း ၁၅ ၀၀ အချိန်မှ ၁၆ ၀၀ အချိန်အထိလည်းကောင်း၊ ညနေ ၁၇ ၀၀ အချိန်မှ ၁၈ ၀၀ အချိန်ထိလည်းကောင်း၊ မွန်းလွဲပိုင်း ၃ ကြိမ် ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တစ်ကြိမ်လျှင် ၅၀၀ ဦးနှုန်းဖြင့် တစ်ရက်လျှင် ၆ ကြိမ် စုစုပေါင်း ၃၀၀၀ ဦး ဖူးမြော်ကြည်ညိုနိုင်မည်ဖြစ်ပါသည်၊

(၅) တစ်ကြိမ်လျှင် အရှေ့ဘက်စောင်းတန်းမှ ၂၀၀ ဦး၊ အနောက်ဘက်စောင်းတန်းမှ ၁၅၀ ဦး၊ တောင်ဘက်စောင်းတန်းမှ ၅၀ ဦးနှင့် မြောက်ဘက်စောင်းတန်းမှ ၁၀၀ ဦး၊ တစ်ကြိမ်လျှင် စုစုပေါင်း ၅၀၀ ဦး ဖူးမြော်နိုင်မည်ဖြစ်ပါသည်၊

(၆) သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအပ ဓာတ်လှေကားဖြင့် တက်ရောက်ခြင်း ခွင့်မပြုသေးပါ၊

(၇) ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်ချိန်အဖြစ် ဘုရားဖူးရန် တစ်ကြိမ်လျှင် ၁ နာရီ ခွင့်ပြုမည်ဖြစ်ပါသည်၊

(၈) ဘုရားဖူးပြည်သူများသည် အသင့်ပြုလုပ်ထားသော Form များတွင် ကိုယ်ရေးအကျဉ်း (အမည်၊ အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာ) အား ဖြည့်စွက်ပေးရမည်ဖြစ်ပါသည်၊ ပိုမိုမြန်ဆန်စေရေးအတွက် ၎င်းကိုယ်ရေးအကျဉ်းကို မိမိအစီအစဉ်ဖြင့် ကြိုတင်ရေးသားယူလာနိုင်ပါသည်၊

(၉) ဘုရားဖူးပြည်သူများသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား တက်ရောက်လာသည့် မုခ်ဦးများမှသာ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

## ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်အချက်များ

(၁) ဖျားခြင်း (ကိုယ်အပူချိန် ၁၀၀.၄°F / ၃၈°C ထက်ကျော်လွန်ခြင်း)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း စသည့် COVID-19 သံသယလက္ခဏာတစ်ခုခုရှိနေလျှင် ဘုရားဖူးလာရောက်ခြင်း လုံးဝမပြုရပါ၊

(၂) ဘုရားဖူးပြည်သူများအနေဖြင့် ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ တပ်ဆင်လာရမည်၊ အသက်(၆၀)အထက် အသက်အရွယ်ကြီးရင့်သူများ၊ ဆီးချို၊ သွေးတိုး စသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် မျက်နှာအကာ(Face Shield)များကိုပါ တွဲဖက်၍ တပ်ဆင်လာရပါမည်၊

(၃) ဘုရားဖူးပြည်သူများ၏ ကိုယ်ရေးအချက်အလက်နှင့် ဖုန်းနံပါတ်များကို သတ်မှတ် Form များနှင့် မှတ်တမ်းစာအုပ်များတွင် မှတ်တမ်းတင်ထားရှိခြင်းလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ရမည်၊

(၄) ဘုရားဖူးပြည်သူများအနေဖြင့် COVID-19 ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ သတိပေးချက်များနှင့် နှိုးဆော်ချက်များကို တိကျစွာ လိုက်နာရမည်၊

(၅) ဘုရားသို့ စတင်ဝင်ရောက်ခြင်းမပြုမီ၊ ဘုရားရှိခိုးပြီးသည့်အခါတိုင်း (လက်ကို ကြမ်းပြင်(သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးသည့်အခါ) နှင့် ဘုရားဖူးပြီး၍ ဘုရားမှ ထွက်သည့်အခါတွင် စောင်းတန်းအဝင်ဝ၊ ဘုရားရင်ပြင်နှင့် ထွက်ပေါက်များရှိ လက်ဆေးဘေစင်များတွင် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို အနည်းဆုံး စက္ကန့်(၂၀)ကြာအောင် စနစ်တကျဆေးကြောခြင်း(သို့မဟုတ်) အယ်ကိုဟောလ် အနည်းဆုံး (၆၀%) ပါဝင်သော ရေမလိုလက်သန့်စင်ဆေးရည်(Hand Sanitizer) အသုံးပြုခြင်းတို့ကို ဆောင်ရွက်ပါ၊

(၆) ဘုရားရှိခိုးပြီးတိုင်း (လက်ကိုကြမ်းပြင်(သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးတိုင်း) လက်ကို စနစ်တကျချက်ချင်း ပြန်လည်ဆေးကြောနိုင်ရန် အယ်ကိုဟောလ် အနည်းဆုံး (၆၀%)ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်(Hand Sanitizer) ဗူးသေးများ ယူဆောင်လာ၍ အသုံးပြုရမည်၊

(၇) စောင်းတန်းဝင်ပေါက်များ၌ တာဝန်ရှိသူများက Non-contact thermometer (သို့မဟုတ်) Thermal Scanner များဖြင့် အပူချိန်တိုင်းတာခြင်းကို ခံယူရမည်၊

(၈) ဘုရားဖူးပြည်သူများအနေဖြင့် စောင်းတန်းဝင်/ ထွက်ပေါက်များနှင့် ရင်ပြင်ပေါ်တို့တွင် တစ်ဦးနှင့်တစ်ဦး (၆) ပေအကွာ တက်ရောက်/ ဖူးမြော်နိုင်ရေး သတ်မှတ်ထားသည့်အတိုင်း စနစ်တကျ တိကျစွာလိုက်နာရမည်၊

(၉) ဘုရား၊ ပုထိုး၊ စေတီများ၏ ပရိဝုဏ်အတွင်းရှိ ဇရပ်၊ တန်ဆောင်းများ၌ အချိန်ကြာမြင့်စွာ ပူဇော်ခြင်း၊ ခေတ္တနားနေခြင်း၊ ဝိုင်းဖွဲ့စားသောက်ခြင်း၊ စတုဒီသာကျွေးမွေးလှူဒါန်းခြင်းတို့ကို လုံးဝရှောင်ကြဉ်ရမည်၊

(၁၀) ဘုရားဖူးပြည်သူများအနေဖြင့် အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း(Mask)နှင့် တစ်ခါသုံးတစ်ရှူးစက္ကူများကို အဖုံးပါသော အမှိုက်ပုံးများအတွင်းသို့ စနစ်တကျ စွန့်ပစ်ရမည်၊

(၁၁) ဘုရားပုထိုးစေတီများသို့ ကုသိုလ်ယူသွားရောက်ခဲ့ပြီးနောက် (၇) ရက်အတွင်း ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် ရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ ဆေးကုသမှုခံယူရပါမည်။

## တိုင်းဒေသကြီး / ပြည်နယ်ရှိ ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်နိုင်မည့်အစီအစဉ်

(၁) ၈-၂-၂၀၂၁ ရက်နေ့မှစ၍ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဘုရား၊ ပုထိုး၊ စေတီများကို ဖူးမြော်ကြည်ညိုခွင့်ပြုသွားမည်ဖြစ်ပါသည်၊

(၂) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် COVID-19 ထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖူးမြော်ကြည်ညိုရမည်ဖြစ်ပါသည်၊

(၃) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ရဟန်းရှင်လူပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသည့် ဆောင်ရွက်ရမည့်အချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(၄) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ဘုရားပုထိုးစေတီ ဂေါပကအဖွဲ့ဝင်များအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ၃၃ ချက်အား ဂေါပကအဖွဲ့များက တာဝန်ယူဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရှိရမည်ဖြစ်သည်၊

(၅) သက်ဆိုင်ရာ ဘုရားပုထိုးစေတီဂေါပကအဖွဲ့များအနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်နှင့်ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်သည်။

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

# ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့လွန် သင်တန်း စုစုပေါင်း(၁၃၇)မျိုး၊ သင်တန်းသားဦးရေ ၂၀၀၀ ကျော်ဖြင့် ဖွင့်လှစ်နိုင်ရေး လျှောက်လွှာများ ခေါ်ယူသွားမည်

(၂၀၂၁) ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်ခေါ်ယူရေးကိစ္စရပ်များနှင့်ပတ်သက်၍ (၁-၇-၂၀၂၀) ရက်နေ့တွင် ပြုလုပ်သော ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့အစည်းအဝေး(၁/၂၀၂၀)နှင့် (၄-၂-၂၀၂၁)ရက်နေ့တွင် ကျင်းပသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၂၁)တို့၏ သဘောတူညီချက်အရ ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့လွန်သင်တန်း စုစုပေါင်း(၁၃၇)မျိုး၊ သင်တန်းသားဦးရေ(၂၀၈၂)ဦးခန့်ဖြင့် ဖွင့်လှစ်နိုင်ရေးကို (၂၀၂၁)ခုနှစ်၊ ဖေဖော်ဝါရီလ၊ ဒုတိယပတ်မှစ၍ သက်ဆိုင်ရာတက္ကသိုလ်အလိုက် လျှောက်လွှာများ ခေါ်ယူမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

| စဉ် | တက္ကသိုလ် | ဒီပလိုမာ | မဟာသိပ္ပံ | ပါရဂူ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ဆေးတက္ကသိုလ်များ | ၇ | ၃၁ | ၄၇ | ၈၅ |
| ၂။ | သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ | ၂ | ၁၀ | ၉ | ၂၁ |
| ၃။ | သူနာပြုတက္ကသိုလ်များ | ၁ | ၉ | ၁ | ၁၁ |
| ၄။ | ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်များ | ၁ | ၃ | ၃ | ၇ |
| ၅။ | ဆေးဝါးတက္ကသိုလ်များ | - | ၄ | ၄ | ၈ |
| ၆။ | ပြည်သူ့ကျန်းမာရေးတက္ကသိုလ် | ၁ | ၂ | ၁ | ၄ |
| ၇။ | အခြေခံကျန်းမာရေးတက္ကသိုလ် | - | ၁ | - | ၁ |
| | စုစုပေါင်း | ၁၂ | ၆၀ | ၆၅ | ၁၃၇ |

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ပြည်သူများ စိတ်အေးချမ်းသာစွာလာရောက်ဖူးမြော်ကြည်ညို



**နေပြည်တော် ဖေဖော်ဝါရီ ၈**

နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီပုထိုးများကို ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို တရားဘာဝနာပွားများနိုင်ရေးနှင့် ဘုရားစေတီပုထိုးများ၏ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး အတွက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီများကို ဖူးမြော်ခွင့်ပြုခဲ့သည်။

ထိုသို့ အများပြည်သူဖူးမြော်နိုင်ရေး ခွင့်ပြုပေးခဲ့ရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ လာရောက်ဖူးမြော်ကြည်ညိုကြသူ ဘုရားဖူးလာသံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ပြည်သူများ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လာရောက်ဖူးမြော် ကုသိုလ်ယူလျက်ရှိကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်၊ မဟာပဌာန်းရွတ်ဖတ်ပူဇော်

**နေပြည်တော် ဖေဖော်ဝါရီ ၈**



နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီပုထိုးများကို ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ခွင့်ပြုပေးသွားမည်ဖြစ်ရာ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို တရားဘာဝနာပွားများနိုင်ရေးနှင့် ဘုရားစေတီပုထိုးများ၏ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်**

ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ဝိုင်းမော်မြို့၊ မိုးညှင်းမြို့၊ မိုးကောင်းမြို့၊ ဗန်းမော်မြို့၊ မြို့သစ်မြို့၊ ပူတာအိုမြို့နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ မိုင်းဆတ်မြို့နှင့် မိုင်းတုံမြို့၊ မွန်ပြည်နယ် ပေါင်မြို့နယ်နှင့် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၊ အင်းစိန်မြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ လှည်းကူးမြို့နယ်၊ သန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ သမိုင်းဝင် တန်ခိုးကြီးဘုရား၊ စေတီပုထိုးများ၌ ဘုရားရင်ပြင်တော်များ၊ ကျောင်းဆောင် အဆောက်အအုံများ၊ ဝင်လမ်း၊ ထွက်လမ်းနေရာများနှင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**ရွတ်ဖတ်ပူဇော်**

ထို့ပြင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့ရှိ နယ်မြေခံ တပ်မတော်သားများနှင့် မိသားစုဝင်များက သက်ဆိုင်ရာ ဘုရားစေတီပုထိုးများ၌ အန္တရာယ်ကင်း၊ ပရိတ်၊ ပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်းများ ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ စေတီတော်များ၌ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး စေတီတော်ဂေါပကအဖွဲ့များထံသို့ အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# ဖာပွန်မြို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းသုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**ဖာပွန် ဖေဖော်ဝါရီ ၈**



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်းမြောင်းဝန်ကြီးဌာန ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အားနည်းချက်၊ အားသာချက်များအား ဖော်ထုတ်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောဇင်ဖုန်ကိုက မြစိမ်းရောင်စီမံကိန်းလုပ်ငန်း လည်ပတ်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာအကြီးအကဲများနှင့် အတူ စီမံကိန်းကျေးရွာ ရွေးချယ်ခြင်း၊ ရန်ပုံငွေထုတ်ချေးခြင်းနှင့် ပတ်သက်သည့် စီမံကိန်းကျေးရွာများ စံနှုန်းများနှင့်အညီ ရွေးချယ်ရေး နည်းလမ်းများ၊ ချေးငွေထုတ်ချေးရာတွင် လုပ်ငန်းရာသီခွင်နှင့် ကိုက်ညီမှုရှိစေရေး၊ E-Payment၊ Digital Financing စနစ်ဖြင့် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ စီမံကိန်း အကောင်အထည်ဖော်ရေး လက်စွဲစာစောင်အပေါ် ပြင်ဆင်သည့် အချက်များ၊ စီမံကိန်းရေရှည်တည်တံ့စေရေးအတွက် ဆောင်ရွက်သင့်သည့် နည်းလမ်းများ၊ စီမံကိန်း ရန်ပုံငွေများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးနှင့် သက်တမ်းတိုး ဆောင်ရွက်သည့် ကိစ္စရပ်များနှင့်ပတ်သက်သည့် ချေးငွေများ ပုံမှန်ပြန်လည်ရရှိရေးအတွက် ချမှတ်သင့်သည့် စည်းကမ်းများ၊ ဆောင်ရွက်သင့်သည့် နည်းလမ်းများ၊ ကြွေးကျန်ဖြစ်ပေါ်နေသည့် စီမံကိန်း ကျေးရွာများတွင် ရန်ပုံငွေဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်မည့်အစီအစဉ်များ၊ ရန်ပုံငွေအရင်းဆပ်ကာလ သက်တမ်းတိုးဆောင်ရွက်သည့် ကိစ္စရပ်များ၊ စီမံကိန်းရန်ပုံငွေ ပြန်လည်အပ်နှံသည့် ကျေးရွာများတွင် မတည်ရန်ပုံငွေကျပ်သန်း ၃၀ အား အပ်နှံပြီးဖြစ်သော်လည်း ကြွေးကျန်ရှိသည့် ကျေးရွာများအား ပြန်လည်ရရှိနိုင်ရေး ဆောင်ရွက်မည့် အစီအမံအသေးစိတ်ကို အကြံပြု သုံးသပ်ဆွေးနွေးခဲ့ကြပြီး အဆိုပါ အကြံပြုသုံးသပ်ချက်များအား အတည်ပြုခဲ့ကြကြောင်း သိရသည်။

အဆိုပါ မြို့နယ်အဆင့်မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ ၃၄ ယူနစ်ဖြင့် ဖာပွန်မြို့နယ်အတွင်း ကျေးရွာ ၄၇ ရွာရှိ ကျေးလက်နေပြည်သူများက စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ရေလုပ်ငန်းနှင့် ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စောအောင်မျိုးလွင်(ပြန်/ဆက်)**




မိမိက ဖြန့်ဖြူးသူ မဖြစ်ပါစေနှင့်၊ နှာချေ၊ ချောင်းဆိုးတိုင်း တစ်ရှူး(သို့မဟုတ်) တံတောင်ဆစ်ကွေးဖြင့် ပါးစပ်နှင့်နှာခေါင်းကို လုံခြုံအောင်ဖုံးအုပ်ပါ။ အခြားအလူနေသူများနှင့် (၆)ပေအကွာတွင်သာ နေထိုင် ပြောဆိုပါ။
ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အားအင်ကုန်ခန်းခြင်းနှင့် အသက်ရှူရ ခက်ခဲခြင်းများရှိနေပါက အနီးဆုံး ဆေးရုံဆေးခန်းသို့ သွားရောက်ပြသပါ။

# ပဲခူးမြစ်ကူးတံတား(မြို့ဦးကင်း) တည်ဆောက်ပြီးစီးမှုနှင့် ကျုံးကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင် သွားရောက်ကြည့်ရှုစစ်ဆေး

**ပဲခူး ဖေဖော်ဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီးကောင်စီဝင်များနှင့်အတူ ပဲခူးမြစ်ကူးတံတား (မြို့ဦးကင်း) တည်ဆောက်ပြီးစီးမှုနှင့် မဂ္ဂတစ်လမ်းပေါ်ရှိ ကျုံးကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပဲခူးမြစ်ကူးတံတား (မြို့ဦးကင်း) ရှင်းလင်းဆောင်၌ တည်ဆောက်ရေးအဖွဲ့(၃) တံတားအထူးအဖွဲ့(၉)မှ တံတားတည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာ ဒေါ်စုမွန်ကျော်က မြို့ဦးကင်းတံတား တည်ဆောက်ခဲ့မှုအခြေအနေ၊ ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)ဦးတိုးတိုးက မြို့ဦးကင်းတံတားနှင့်ချိတ်ဆက်မည့် မဂ္ဂတစ်လမ်းပေါ်ရှိ ကျုံးကူးတံတား တည်ဆောက်နေမှုအခြေအနေ၊ ပဲခူးမြို့အရှေ့ဘက်မြို့ ရှောင်လမ်းဖောက်လုပ်နေမှုအခြေအနေနှင့် မြေယာလျော်ကြေးပေးချေနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တံတားတည်ဆောက်ပြီးစီးသွားသော်လည်း ရေရှည်တည်တံ့နိုင်ရေးအတွက် ထိန်းသိမ်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားရန်၊ တည်ဆောက်ဆဲ မဂ္ဂတစ်လမ်းပေါ်ရှိ ကျုံးကူးတံတားအား စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန်နှင့် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်မည့်တည်ဆောက်ရေးလုပ်ငန်းများကို တင်ဒါစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များသည် ပဲခူးမြစ်ကူးတံတား(မြို့ဦးကင်း) တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် မဂ္ဂတစ်လမ်းပေါ်ရှိ ကျုံးကူးတံတား တည်ဆောက်နေမှုလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ပဲခူးမြစ်ကူးတံတား(မြို့ဦးကင်း)သည် ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ရာ မဂ္ဂတစ်လမ်းပေါ်ရှိ ကျုံးကူးတံတားသည် အရှည်ပေ ၂၁၀၊ အကျယ် ၂၄ ပေရှိ ဘိုးပိုင်အုတ်မြစ် သံကူကွန်ကရစ်တံတားအဖြစ် ၂၀၂၀ပြည့်နှစ် မတ် ၃၀ ရက်က စတင်တည်ဆောက်နေခြင်းဖြစ်ကာ ယခုအခါ ၃၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

**တင်စိုး(ပဲခူး)**

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ကျေးရွာချင်းဆက်ချောင်းကူးတံတား တည်ဆောက်



**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ကြပ်စဉ်ချောင်းကျေးရွာအုပ်စု ကွင်းချောင်းကျေးရွာ ချောင်းမကြီးအား ကွန်ကရစ်ချောင်းကူးတံတားအဖြစ် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်ချောင်းကူးတံတားကြီးအား လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးအတွက်ရည်ရွယ်၍ ကျေးရွာချင်းဆက်လမ်းများဖောက်လုပ်ပြီးနောက် ရာဇူဒိုင်၊ ကညင်ချောင်း၊ ဖိုးခမီဒေါင့် ကျေးရွာအုပ်စုများအပါအဝင် ကျေးရွာအုပ်စုပေါင်း ခုနစ်အုပ်စုနှင့် ကျေးရွာပေါင်း ၅၃ ရွာမှ ဒေသခံပြည်သူပေါင်း ၂၀၀၀၀ ကျော်ခန့် မော်လမြိုင်ကျွန်းမြို့သို့ သွားလာမှု မြန်ဆန်လွယ်ကူစေရန်အတွက် ကြပ်စဉ်ချောင်းကျေးရွာအုပ်စုနှင့် တယ်ချောင်းကျေးရွာအုပ်စုကြားရှိ ကွင်းချောင်းကျေးရွာချောင်းမကြီးအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလျား ပေ ၁၄၀၊ အကျယ် ပေ ၂၀ ရှိ ကွန်ကရစ်ချောင်းကူး တံတားကြီးအား ငွေကျပ် သိန်း ပေါင်း ၄၃၂၀ အကုန်အကျခံ တည်ဆောက်ပေးလျက်ရှိကြောင်း၊ တံတားကြီးပြီးစီးသွားပါကကျေးရွာများရှိ ရဟန်းသံဃာတော်များ၊ ကျေးလက်နေ ပြည်သူများနှင့် ကျောင်းသားကျောင်းသူများအနေဖြင့် မော်လမြိုင်ကျွန်းမြို့သို့ အချိန်တိုအတွင်းသွားလာနိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းရဲမာန်**
**ဓာတ်ပုံ-ထွန်းထွန်းနိုင်**

# ရိုးရာဝတ်စုံများ မိုင်းဖြတ်၌ ပေးအပ်လှူဒါန်း

**မိုင်းဖြတ် ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြတိုက်ငယ်အတွက် တိုင်းရင်းသားရိုးရာဝတ်စုံများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါ ဦးစီးဌာန၌ ကျင်းပသည်။

တိုင်းရင်းသားရိုးရာဝတ်စုံများ ပေးအပ်လှူဒါန်းသည့် ဦးသက်လွင်က အမှာစကားပြောကြားပြီး အာခါအမျိုးသားဝတ်အင်္ကျီတစ်ထည်၊ လားဟူ အမျိုးသားဝတ်အင်္ကျီ နှစ်ထည်အား ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဦးရှောလမွန်နှင့် စာကြည့်တိုက်လက်ထောက်(၃) ဒေါ်နန်းကောင်ခမ်းတို့က လက်ခံရယူသည်။

မိုင်းဖြတ်မြို့နယ်တွင် ပြတိုက်ငယ်ကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဖွင့်လှစ်ထားရှိပြီး တိုင်းရင်းသားရိုးရာအသုံးအဆောင်များ၊ ရိုးရာဝတ်စုံများ၊ တိုင်းရင်းသားစာပေများကို မှတ်တမ်းပြုစုထားရာ မိဘပြည်သူများအနေဖြင့် လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သန်းထွန်းအေး**
**(ပြန်/ဆက်)**

# စဉ့်ကူးမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**စဉ့်ကူး ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၇ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၌ ပြုလုပ်သည်။



ထို့နောက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးဘေးလုံခြုံရေးတို့အတွက် ဌာနအဆောက်အအုံ၏ ပတ်ဝန်းကျင်၌ တောမီး၊ အခြားလောင်ကျွမ်းသော မီးများ မကူးစက်နိုင်စေရန် မီးတားလမ်းများ ပြုလုပ်ထားခြင်း၊ မီးသတ်ဆေးဘူးများ၊ သဲပုံးများ၊ ရေရရှိနိုင်မှု အစီအမံများ ကြိုတင်ဆောင်ရွက်ထားရှိမှုနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေး စီမံချက်များ ရေးဆွဲထားရှိပြီး စီမံချက်ပါအတိုင်း ဇာတ်တိုက်လေ့ကျင့်မှုများကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးချမ်းမြေ့ကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် ရုံးဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မင်းမြင့်မိုရ်**



# နမ့်စန်မြို့နယ်၌ ပညာရေး(GEC) ငွေစုငွေချေးသမဝါယမအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကျင်းပ

**နမ့်စန်(တ) ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်၌ မြို့နယ်ပညာရေး ငွေစုငွေချေး သမဝါယမအသင်းလီမိတက်(GEC)၏ ၂၀၁၉ ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) မီနီဘတ်ဂျက်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲက နမ့်စန်အခြေခံပညာအထက်တန်းကျောင်း သရဖီခန်းမ၌ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ မြို့နယ်ပညာရေး ငွေစုငွေချေးအသင်း ဥက္ကဋ္ဌ ဦးသန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ထွန်းက သမဝါယမဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အသင်းမှတာဝန်ရှိသူများက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားရှင်းလင်းခဲ့ကြပြီး သဘာပတိကတစ်ဆင့် အတည်ပြုချက်ရယူခဲ့သည်။

ထို့နောက် အသင်းအမှုဆောင်ဟောင်းများ နုတ်ထွက်ကြောင်းကြေညာခဲ့ပြီး အသင်းသားများ၏ အဆိုပြုထောက်ခံချက်အရ ပညာရေး(GEC) ငွေစုငွေချေးသမဝါယမအသင်း၏ အမှုဆောင်သစ် ကိုးဦးကို ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

**သူရအောင် (ပြန်/ဆက်)**



## ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသ ပြန်လည်ဖွင့်လှစ်ခွင့်ပြု ဂေါပကအဖွဲ့ထားရှိသည့် ဘုရား ၁၉ ဆူအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်

**ညောင်ဦး ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ကိုဗစ်-၁၉ ရောဂါကြောင့် ပိတ်ထားခဲ့ရာမှ ယနေ့ နံနက်ပိုင်းမှစတင်ကာ ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသ ပြန်လည်ဖွင့်လှစ်ခြင်းနှင့်အတူ ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဂေါပကအဖွဲ့ရှိသည့် ဘုရား ၁၉ ဆူအား ဆရာတော်၊ သံဃာတော်ရှင်သူမြတ်များက ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ ပရိတ်တရားတော် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများနှင့် သံဃာတော်များအားလှူဖွယ်ဝတ္ထု အစုစုတို့ကို တာဝန်ရှိသူတို့က ဆရာတော်၊ သံဃာတော်များအား ဆက်ကပ်လှူဒါန်း ရေစက်သွန်းချ အမျှအတန်းပေးဝေခဲ့ကြကြောင်း သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတွင် ဂေါပကအဖွဲ့ရှိသည့် ရွှေစည်းခုံဘုရား၊ လောကနန္ဒာဘုရား၊ တုရင်တောင်ဘုရား၊ ထီးလိုမင်းလိုဘုရား၊ အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ ငှက်ပစ်တောင်ဘုရား၊ ကျောက်ဂူဥမင်ဘုရား၊ ဗူးဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ ရွှေဆံတော်ဘုရား၊ အလိုတော်ပြည့်၊ မဟာဗောဓိဘုရား၊ မြစေတီဘုရား၊ မနုဟာဘုရား၊ ဓမ္မရံကြီးဘုရား၊ စူဠာမဏိဘုရား၊ ဓမ္မရာဇကဘုရား၊ ပြဿကြီးဘုရားတို့တွင် ဂေါပကအဖွဲ့များရှိသည့် ဘုရားများဖြစ်ကြောင်းနှင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသအား ပြန်လည်ဖွင့်လှစ်ပြီဖြစ်ကြောင်း သိရသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတွင် စေတီ၊ ပုထိုး၊ ဘုရား၊ သာသနိက အဆောက်အအုံ ၃၈၀၀ကျော်ရှိကြောင်းလည်းသိရကာ သမိုင်းဝင်အထင်ကရဘုရားကြီး ၁၉ ဆူတွင် ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ညွှန်ကြားချက်များနှင့်အညီ အပူချိန်အလိုအလျောက်တိုင်းတာသည့် CCTV ကင်မရာနှင့် မော်နီတာ တပ်ဆင်မှတ်တမ်းထားရှိစစ်ဆေးခြင်း၊ လက်သန့်ဆေးရည်နှင့်အရက်ပြန်ဆွတ်ပေးခြင်း၊ လက်ဆေးဘေစင်တွင် လက်ဆေးစေခြင်း၊ ဘုရားတစ်ဆူချင်းအကျယ်အဝန်းအလိုက် သတ်မှတ်လူဦးရေအတိုင်းဝင်စေပြီး သတ်မှတ်ဝင်ပေါက်မှ သတ်မှတ်ထွက်ပေါက်သို့ ထွက်စေမည်ဖြစ်ကာ ဘုရားဖူးများ လာရောက်သည့် ဒေသ၊ နေရပ်လိပ်စာ၊ ကားနံပါတ်၊ ဖုန်းနံပါတ်များ မှတ်တမ်းထားရှိမည်ဖြစ်ကြောင်း သိရသည်။

**ကိုထိန်၊KPD**

## ဆွမ်းဦးပုညရှင်နှင့် ကောင်းမှုတော်စေတီတော်မြတ်ကြီးတို့အား ဖူးမြော်ကြည်ညိုခွင့်ပြု

**စစ်ကိုင်း ဖေဖော်ဝါရီ ၈**

စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးဗုဒ္ဓါဘိသေက အနေကဇာတင်နှင့် ဖူးမြော်ကြည်ညိုခွင့် ပြန်လည်စတင်ဖွင့်လှစ်ခြင်းကို ယနေ့ နံနက် ၅ နာရီခွဲက စေတီတော်ကြီး၏ မြောက်ဘက်မုခ်၌ ကျင်းပခဲ့ပြီး နံနက် ၆ နာရီတွင် စစ်ကိုင်းမြို့တွင်းနှင့်တောင်ပေါ်ရှိ စေတီပုထိုးများအား ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရဟန်းရှင်လူ ပြည်သူများ ဘုရားဖူးမြော်ကြည်ညိုခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတောင်ပေါ်ရှိ ဆွမ်းဦးပုညရှင် စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် နံနက် ၆ နာရီမှ ၁၀ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၆ နာရီအထိတစ်ကြိမ် အချိန်ပိုင်းများဖြင့် ဖွင့်လှစ်ပေးထားကာ တစ်ကြိမ်လျှင် လူဦးရေ ၅၀နှင့် ဖူးမြော်ချိန် မိနစ် ၃၀ ခွင့်ပြုထားကြောင်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းထံမှ သိရသည်။

အလားတူ စစ်ကိုင်းမြို့ ရာဇမဏိစူဠာ ကောင်းမှုတော်စေတီတော်မြတ်ကိုလည်း ယနေ့ နံနက် ၈ နာရီမှ ၁၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ တစ်ကြိမ် ရဟန်းရှင်လူပြည်သူများ ဖူးမြော်နိုင်ပြီဖြစ်ကြောင်း စေတီတော်ဂေါပကအဖွဲ့ထံမှ သိရသည်။

**ဇော်မြင့်နိုင်**
**(ပြန်/ဆက်)**



## ဝန်းသိုမြို့နယ် အောင်းပင်ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**ဝန်းသို ဖေဖော်ဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်၏ နယ်နိမိတ်အဆုံး အောင်းပင်ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှုလုပ်ငန်းအခြေအနေကို ယမန်နေ့က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် အင်ဂျင်နီယာ ဒေါ်ဇာဇာထွန်း၊ ဒေါ်အိမွန်ဟိန်းတို့က ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သတ်မှတ်ထားသော မြေသိပ်သည်းမှု ရရှိစေရေး၊ တစ်ဖာလုံတစ်တိုင်နှုန်း ဖာလုံတိုင်များစိုက်ထားပေးရန်၊ ရေပြွန်ထည့်ရမည့်နေရာ၊ ရေသွင်းမြောင်းများရှိသည့်နေရာများနှင့် အခြားလုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများက ကုမ္ပဏီမှတာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီများနှင့် ညှိနှိုင်းပေါင်းစပ်မှာကြားသည်။

အောင်းပင်ကျေးရွာ ကုန်ထုတ်လမ်းကို တိုင်းဒေသကြီးရန်ပုံငွေကျပ် ၈၉ ဒသမ ၉ သန်းဖြင့် တင်ဒါအောင်မြင်သော ရွှေသိန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လမ်းအရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ မြေသား နှစ်ပေနှင့် ဂျင်းမြေခင်းခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကုန်ထုတ်လမ်းပြီးစီးပါက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်များကို ကုန်ကျစရိတ်အနည်းဆုံးဖြင့် ဈေးကွက်သို့ လျင်မြန်စွာတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

## ကျေးရွာပေါင်း ၁၄၃၇ ရွာ၌ E-coli Bacteria ပါဝင်မှုစစ်ဆေးရာတွင် သတ်မှတ်ရာခိုင်နှုန်းထက်ကျော်လွန်သည့် ကျေးရွာ ၂၄၁ ရွာရှိ

**မုံရွာ ဖေဖော်ဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ခရိုင် ၁၀ ခုနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းမှ မြို့နယ်များရှိ ကျေးရွာပေါင်း ၁၄၃၇ ရွာ၌ စစ်ဆေးစဉ် ကျေးရွာ ၂၄၀ ကျော်တွင် ၎င်းတို့ အသုံးပြုလျက်ရှိသော ရေအရင်းအမြစ်များ၌ E-coli Bacteriaများ သတ်မှတ်ရာခိုင်နှုန်းထက်ကျော်လွန်နေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စစ်ဆေးမှုမှတ်တမ်းများအရ သိရသည်။

"မြို့နယ် ငါးခုမှာတော့ မစစ်နိုင်သေးဘူး၊ အခုလောလောဆယ် ၁၄၃၇ ရွာကိုစစ်ဆေးခဲ့တာဖြစ်တယ်၊ ကျန်တဲ့ကျေးရွာတွေကိုလည်း အခုဆက်ပြီးတော့စစ်ဆေးနေတယ်၊ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလကစပြီးတော့ စစ်ဆေးနေတာဖြစ်တယ်၊ အခုဘဏ္ဍာနှစ်အကုန်တော့ တစ်တိုင်းလုံးစစ်ဆေးလို့ပြီးမှာဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးအောင်က ပြောသည်။

E-coli Bacteria များသည် မိလ္လာကျင်းများနှင့် အသုံးပြုသည့် အဝီစိရေတွင်းများနှင့်နီးကပ်ခြင်း၊ အညစ်အကြေးများပါလာနိုင်သည့် မြစ်၊ ချောင်း၊ အင်းအိုင်များ၏ ရေအရင်းအမြစ်များတွင် တွေ့ရှိရနိုင်ကြောင်း၊ ၎င်းရေအရင်းအမြစ်များကို သုံးစွဲခြင်းကြောင့် E-coli Bacteria များ လူသို့ကူးစက်နိုင်ပြီး လက္ခဏာများအနေဖြင့် ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်း၊ ဝမ်းများတွင် သွေးပါခြင်း၊ ဗိုက်အောင့်၊ ဗိုက်နာခြင်း၊ ဆီးလမ်းကြောင်းသို့ ရောက်ရှိပါက ဆီးမထိန်းနိုင်ခြင်း၊ ဆီးသွားရခက်ခဲခြင်း၊ နာကျင်ခြင်းတို့ကိုခံစားရနိုင်ပြီး ပြင်းထန်ပါက အသက်အန္တရာယ်ထိခိုက်နိုင်သည်အထိ ဖြစ်နိုင်ကြောင်း ပညာရှင်များက မှတ်ချက်ပြုထားသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## နွေရာသီဈေးကွက်အတွက် နန်းနီးအိုးတုတ် (ဖောင်းအိုးတုတ်)များ လုပ်ဆောင်

**စဉ့်ကိုင် ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် နန်းနီးရွာတွင် နွေရာသီဈေးကွက်အတွက် အိုးတုတ်ကြီး(ဖောင်းအိုးတုတ်ကြီး)များကို အားထားလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

နန်းနီးအိုးတုတ်ကို မန္တလေးမြို့နှင့်အနီးတစ်ဝိုက်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိရာ တစ်နှစ်ပတ်လုံး ပုံမှန်အလုပ်ဖြစ်ပြီး နွေရာသီတွင် ရောင်းအားပိုမို ကောင်းမွန်သည်။ အများစုမှာနန်းနီးရွာအထိ အိုးတုတ်များကို ဖောက်သည်ယူပြီး ဆိုင်ကယ်များကို အသုံးပြုကာ မိုဘိုင်းစနစ်ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

နန်းနီးအိုးတုတ်လုပ်ငန်းသည် မြန်မာ့လက်မှုလုပ်ငန်းဖြစ်ပြီး အခြား အိုးလုပ်ငန်းများတွင်အသုံးပြုသည့် လက်ဖြင့်လှည့်ရသောစက်ဖြစ်ပြီး ပြင်မသုံးသောမြန်မာ့ရိုးရာလက်မှုလုပ်ငန်းစစ်စစ်ပင် ဖြစ်သည်။

လူတစ်ယောက်လျှင် နေ့စဉ် အိုးတုတ်ကြီး ၁၀ လုံးပြီးသည်။ ယခုအခါ နွေရာသီဈေးကွက်အတွက် နန်းနီးအိုး တုတ်ကြီး(ဖောင်းအိုး)များကို အားထားလုပ်ကိုင်လျက်ရှိရာ အိုးတုတ်တစ်လုံးလျှင် ဖောက်သည်ဈေးငွေကျပ် ၁၅၀၀ ဖြင့် ရောင်းချပြီး တစ်ဆင့်ပြန်ရောင်းသူများမှာ ငွေကျပ် ၂၀၀၀ ကျော်မှ ၂၅၀၀ အထိ ရောင်းချလျက်ရှိကြောင်း သိရသည်။

**နွေနဒီ**
**(မြစ်ငယ်)**



ဘုရား၊ ရဟန်း၊ တန်ဆောင်း ဒါယကာကြီး

## ဦးအောင်သန်း(ရေဦး)

**B.Sc(Engg; B.A, B.L, DEP**

**Grad I Struct E (Lond), AMRSH (Lond)**

**အင်ဂျင်နီယာမှူးကြီး(ငြိမ်း)**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

### အသက် (၈၇)နှစ်

ရေဦးမြို့နေ (ဦးမောင်ကြီး-ဒေါ်သိန်းခင်)တို့၏ သား၊ (ဒေါ်တင်ကြည်)၊ (ဒေါ်အုန်းကြည်)၊ [ဗိုလ်မှူးမြင့်လွင်(ငြိမ်း)-ဒေါ်စိန်ကြည်]တို့၏ မောင်၊ [ဦးဇော်မြင့် (အား/ကာ)]-ဒေါ်သန်းသန်းနွယ်တို့၏ အစ်ကို၊ ဦးတင့်ဆန်း (အင်/ချုပ်၊ ပဆင-ငြိမ်း)-ဒေါ်ဥမ္မာလွင်၊ ဦးတင်မိုးညို-ဒေါ်စန္ဒာလွင် (ရွှေစင်ဦး၊ရွှေပြည့်စုံဈေး)၊ ဦးခင်မောင်ဌေး(ဒု-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်)-ဒေါ်စန္ဒီလွင်၊ ဒေါ်ခင်မာလွင်၊ ဒေါ်လင်းလင်းမြင့်၊ [ဦးနိုင်လင်းထွန်း(ခ)ဖိုးသား]တို့၏ ချစ်လှစွာသော ဦးလေး၊ ဒေါက်တာယုဝါတင်၊ ကိုစစ်နိုင်ထွန်း-ဒေါက်တာခင်ပြည့်စုံလှိုင် (UK)၊ ကိုဉာဏ်ဖြိုးလင်း (N-Limitech)-မေသူစံ၊ ကိုပြည့်ဖြိုးတင်-မစိုးရတနာနိုင်၊ ကိုထွဋ်မြတ်လင်းတို့၏ အဘိုး၊ မောင်ဖြိုးသုခကျော်၊ မမေဖြိုးရတနာတို့၏ ဘိုးဘိုးကြီး၊ ပုဇွန်တောင်မြို့နယ်၊ ဦးဝိစ္စာလမ်း၊ တိုက်(၁)၊ သုံးလွှာနှင့် ဗဟန်းမြို့နယ်၊ မိုးမခလမ်း၊ အမှတ် (449/P)နေ ဦးအောင်သန်းသည် ၇-၂-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၄:၃၀ နာရီတွင် အာယုဆေးရုံကြီး၌ ကွယ်လွန် သွားပါသဖြင့် ၉-၂-၂၀၂၂(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

နိုင်ငံ သာယာ ဝပြောဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့

## ဒေါ်ခင်သန်း

### အသက် (၉၅) နှစ်

တောင်ကြီးမြို့နေ (ဦးလောလူ-ဒေါ်နန်းလူ)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ အမှတ်(၂၂)၊ ကမ္ဘောဇရိပ်သာနေ [ဗိုလ်မှူးကြီးသိန်းမောင်(ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ ဦးဆန်နီဝင်း-ဒေါ်Betty ဝင်း(Perth)၊ Dr.ခင်လဲ့ယု-Dr.ဦးတင်မောင်ထွေး၊ Dr.သန်းသန်းနွယ်-Archie Oo Myint (UK)၊ Dr.သီတာသိန်းမောင် - Dr.ဦးဇော်ဝင်း၊ ဦးမျိုးဝင်းတို့၏ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီး ဒေါ်ခင်သန်းသည် ၆-၂-၂၀၂၂ (စနေနေ့) နံနက် ၁၁:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄:၁၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ တန်ဆောင်း ဒါယကာကြီး

ဦးအောင်သန်း(ရေဦး)

B.Sc(Engg),B.A, B.L, DEP

Grad I Struct E (Lond), AMRSH (Lond)

အင်ဂျင်နီယာမှူးကြီး(ငြိမ်း)

ဆောက်လုပ်ရေးဝန်ကြီးဌာန

အသက်(၈၇)နှစ်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းခင်

(သုံးခွမြို့)

### အသက် (၉၇)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် (၁၀)၊ ရိပ်သာ(၁) လမ်း၊ ဝေဇယန္တာဥယျာဉ်နေ (ဦးစိန်-ဒေါ်လှစိန်)တို့၏ သမီး၊ [ဦးလှမြင့် (နိုင်ငံခြားရေးဝန်ကြီးဌာန)]၏ ချစ်လှစွာသောဇနီး၊ Mr. Joel. A. Parcon-ဒေါ်နိုင်နိုင်လင်းတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မစုဇင်လင်း၏ ချစ်လှစွာသော အဘွားသည် ၇-၂-၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၁၁:၁၅ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် သေဆုံးသူ၏ ဆန္ဒအရ ယင်းနေ့တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးသိန်းဇော်

**ဒုညွှန်ကြားရေးမှူး(ငြိမ်း)**

**ရုပ်ရှင်လုပ်ငန်းကော်ပိုရေးရှင်း**

### အသက်(၉၀)

ပြည်မြို့နေ (ဦးရွှေရန်-ဒေါ်ရင်)တို့၏ သား၊ ရန်ကုန်မြို့၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်နေ ဒေါ်စမ်းစမ်းသွင် (အထက-၁၊ ဗဟန်း၊ အထက-၂၊ လသာ၊ အထပြဆရာမ-ငြိမ်း)၏ ခင်ပွန်း၊ ဦးသိန်းထိုက်ဦး-ဒေါ်စိုးလဲ့မူ၊ (ဒေါ်ခင်စန္ဒာ)၊ ဦးစရှိမုန်-ဒေါ်ယဉ်မိုးဖြူတို့၏ ဖခင်၊ မောင်ညီမင်းသန့်၊ သီဟအောင်ဆက်တို့၏ အဘိုး၊ ဦးသိန်းဇော်သည် ၈-၂-၂၀၂၂(တနင်္လာနေ့) နံနက် ၇:၂၀နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဗိုလ်မှူးအောင်ချစ်(ငြိမ်း)

**ကြည်း/၉၈၄၁ (OTS-29)**

**ပုဂံ/ညောင်ဦး ကောင်စီဥက္ကဋ္ဌ၊ ဒု-လ/ထ စစ်ထောက်ချုပ်၊**

**ဒု-ညွှန်ကြားရေးမှူး(နယ်စပ်/စည်ပင်) (ငြိမ်း)**

### အသက် (၈၃)နှစ်

ရန်ကုန်မြို့နေ (ရုံပိုင်ချုပ် ဦးဘဒင်-ဒေါ်ရွှေညွန့်)တို့၏ သား၊ ဒေါ်ခင်နွဲ့(ခ)ဆရာလေး ဒေါ်ခေမာဝတီ၏ ဒါယကာကြီး၊ ဗိုလ်ကြီးနိုင်ထွဋ်ဝင်း-ဒေါ်ခွန်ပွင့်ဖြူ (B.A, Myanmar) (လျှပ်စစ်)၊ ဒေါ်ချစ်မြတ်နိုး (B.A, History)၊ ဦးရဲထွန်းနိုင် (Assistant Training Manager, UMG)-ဒေါ်အင်းကြင်းကျော်၊ ဦးမျိုးသီဟ (B.A, Law)၊ ဒေါ်အေးမြတ်မြင့်မိုရ် (B.A-Eng;)၊ ဦးကျော်မိုးထက် (B.B.M, IT-Dip)၊ ဦးစစ်သွေးအောင်-ဒေါ်ခင်ဆုပန် (GS Restaurant)၊ မောင်အေးချမ်းမိုး (စာပန်းအိမ်)၊ မထက်ထက်စံ (KG)တို့၏ချစ်လှစွာသော ချစ်ဘိုးဘိုးကြီးသည် ၆-၂-၂၀၂၂ (စနေနေ့) ည ၁၀:၁၈ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ အေးမြသီတာလမ်းနှင့် မြနန်းဇေယျာလမ်းထောင့်၊ အမှတ် (553-A) နေအိမ်၌ လူကြီးရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ၁၀-၂-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ကျွဲကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၂၂ (သောကြာနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအေးဆွေ

**ကြီးကြပ်ရေးမှူး၊ က.စ.လ(ငြိမ်း)**

### အသက် (၇၃)နှစ်

ရန်ကုန်မြို့နေ (ဦးစောလွင်-ဒေါ်လှရီ)တို့၏ သား၊ (ဦးမောင်မောင်-ဒေါ်သန်းရီ)တို့၏ သားသမက်၊ [ဦးပညာသာမိ(ခ)ဦးမြင့်ဆွေ]-ဒေါ်ခင်မကြီးတို့၏ ညီ၊ ဦးသိန်းကြွယ်-ဒေါ်ခင်စန်းကြည်၊ ဟိတကာရီကျောင်း ဆရာတော် ဦးကုမာရ၊ ဦးသန်းဆွေ-ဒေါ်လှလှဝင်း၊ ဦးတင့်ဆွေ-ဒေါ်သိန်းသိန်းဆွေ၊ ဦးအောင်ချိုမင်း-ဒေါ်ခင်အေးမူတို့၏ အစ်ကို၊ အမှတ်(၃၆၆)၊ ပုလဲသွယ်လမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်အေးအေးမြင့် (ဌာနစုဦးစီး-ငြိမ်း၊ ဗဟိုသမဝါယမ)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဖြိုးအိသဇင် (Myanmar Kaung Thukhak Co., Ltd.) (Myanmar Awba Group)၏ ဖခင်သည် ၈-၂-၂၀၂၂ (တနင်္လာနေ့) နံနက် ၁ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၀-၂-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ထွန်းကြည်

### အသက် (၇၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ နီလာလမ်း၊ အမှတ် (၃၁)နေ (ဦးဘခွေး-ဒေါ်နီ)တို့၏ သမီးကြီး၊ ဦးစိုးမြင့် (လယ်ယာ-၂၊ စက်မှု၊ ခစရသန်လျင်)၊ ဒေါ်ဂင်စိန်၊ ဦးသန်းထွန်း၊ ဦးလှသန်း၊ ဦးစိန်ဝင်း-မစန်းလွင်၊ ဦးကြည်စန်း၊ ဦးယဉ်ထွေးတို့၏ အစ်မကြီး၊ ဒေါ်စန္ဒာထွန်း (ရန်ကုန်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန၊ ရေနှင့်သန့်ရှင်းမှု)၊ ကိုခင်မောင်ထွန်း၊ ကိုကျော်စွာထွန်း-မအေးမီထွန်း၊ မအေးပရယ်ထွန်းတို့၏ မွေးသမိခင်၊ မအိမ့်သဥ္ဇာမျိုး၊ မောင်ထွဋ်မြတ်အောင်တို့၏ အဘွား၊ [ဦးတင်ထွန်း (BAC စက်ပြင်-ငြိမ်း)]၏ ချစ်လှစွာသောဇနီးသည် ၇-၂-၂၀၂၂ ရက် ည ၉ နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၂-၂၀၂၂ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်မြင့်သန်း (Director)

**EON ENGINEERING AND TRADING GENERAL CO., LTD**

### အသက် (၇၁)နှစ်

ကျွန်တော်/ကျွန်မတို့၏ EON ENGINEERING AND TRADING GENERAL CO., LTD မှ ဒါရိုက်တာ ဦးကျော်မြင့်သန်းသည် ၆-၂-၂၀၂၂ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**EON ENGINEERING AND TRADING GENERAL CO., LTD**

**Managing Director နှင့်ရုံးအဖွဲ့များ**

## ဝမ်းနည်းကြေကွဲခြင်း

**ရာသက်ပန်အသင်းဝင်**

## ဒေါ်ခင်ဆွေဝင်း(ရမည်းသင်း)

### အသက် (၇၁)နှစ်

ရမည်းသင်းမြို့နေ [ဆရာကြီး ဦးထူး(မော်ကွန်းဝင်တ-ဆင့်)-ဆရာမကြီး ဒေါ်အေးရင်]တို့၏ သမီးထွေး၊ ရန်ကုန်မြို့နေ ဤအသင်း၏ ဥက္ကဋ္ဌ၊ ရဲမှူးချုပ်တင်ဝင်း(ငြိမ်း)၊ ဒု-ဥက္ကဋ္ဌ(၂) ဦးခေတ်မောင်တို့၏ ညီမငယ်၊ [ဦးအောင်ထွေးလွင် (ပညာရေးမှူး-ငြိမ်း)]၏ ဇနီး ရာသက်ပန်အသင်းဝင် ဒေါ်ခင်ဆွေဝင်းသည် ၆-၂-၂၀၂၂ ရက် နံနက် ၁၁ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ပျော်ဘွယ်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

**ရမည်းသင်းမြို့နယ်အသင်း(ရန်ကုန်)**

ဘုရား၊ သိမ်၊ ကျောင်း အလှူဒါယိကာမကြီး

ရဟန်းမယ်တော်

## ဒေါ်ခင်ဝင်းမြင့် (ခ) ဒေါ်ခင်ခင်ဝင်း

### အသက် (၆၉)နှစ်

ကျောက်ပန်းတောင်းမြို့နေ ဈေးဂေါင်းကြီး (ဦးပွကြီး-ဒေါ်ရင်)တို့၏ တစ်ဦးတည်းသောသမီး၊ အငြိမ်းစားကျောင်းဆရာကြီး ဦးမြင့်ဦး၏ဇနီး၊ ဦးအောင်မိုး-ဒေါ်မေသွယ်ဦး၊ ဦးမိုးနိုင်ပြည်စိုး-ဒေါ်မေမီဦး၊ ဦးအောင်အောင်ငြိမ်းချမ်းဦး-ဒေါ်နွယ်နီကျော်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မခန့်ဟေသာ(ဂူးဂူး)၊ မအိမ့်မှူးပန် (ဦးဦး)၊ မသွန်းနေပြည်စိုး (သွန်းသွန်း)၊ မဖူးမေသံသာ(ဖူးဖူး)တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၇-၂-၂၀၂၂ (တနင်္ဂနွေနေ့) ည ၁၀:၁၈ နာရီတွင် ကွယ်လွန် အနိစ္စရောက်သွားပါ၍ ၈-၂-၂၀၂၂ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဒေါ်နန်းအေးခင် (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန) အသက်(၆၄)နှစ်သည် ၄-၂-၂၀၂၂ ရက်နေ့တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းကောင်းရာ သုဂတိရောက်ပါစေ။

**သူငယ်ချင်းများ**

**အားကစားနည်းပြ ဒီပလိုမာသင်တန်း (၂/၁၉၉၃)**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# "ပြည်သူသို့ မေတ္တာရပ်ခံချက်"

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆ မတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီ လူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့ အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီ ပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထု ဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

**၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုး အကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။**

# ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရား စေတီ ပုထိုးများ ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်



**ညောင်ဦး ဖေဖော်ဝါရီ ၈**

ပြည်တွင်း၊ ပြည်ပဘုရားဖူး ခရီးသွားဧည့်သည်များ အားထားဖူးမြော်ရာ နေရာတစ်ခုဖြစ်သည့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦးရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင် တန်ခိုးကြီးဘုရားများနှင့် စေတီပုထိုးများကို ယခင်က ကိုဗစ် - ၁၉ ရောဂါကြောင့် ယာယီပိတ်ထားခဲ့ရာမှ ယနေ့နံနက်ပိုင်းမှစပြီး ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

**ကြိုတင်ပြင်ဆင်ထားပြီးဖြစ်**

"ယခုလိုဘုရားတွေကို ဖူးမြော်ခွင့်ပေးလိုက်တဲ့အတွက် ကျွန်တော်တို့ဒေသမှာရှိတဲ့ ဟိုတယ်၊ မိုတယ်လုပ်ငန်းရှင်တွေ၊ စားသောက်ဆိုင်လုပ်ငန်းရှင်တွေ၊ ဒေသထွက်အမှတ်တရပစ္စည်းအရောင်းဆိုင်တွေနဲ့ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းတွေအတွက် စီးပွားရေးအခွင့်အလမ်းတွေ လုပ်ကိုင်ခွင့်ရရှိလို့ ဝမ်းသာပါတယ်။ တစ်ဖက်ကလည်း ဘုရားဖူးပြည်သူတွေအနေနဲ့ သတ်မှတ်ထားတဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းချက်တွေနဲ့အညီ ဖူးမြော်ကြဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဘုရားတွေတိုင်းမှာတော့ ဂေါပကအဖွဲ့တွေကလည်း သက်ဆိုင်ရာဌာနတွေရဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းကမ်းချက်တွေနဲ့အညီ ဖူးမြော်နိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်ထားပြီးဖြစ်ပါတယ်" ဟု ပုဂံ ညောင်ဦးမြို့မှ ဒေသခံပြည်သူ ဦးဝင်းမင်းထွန်းက ပြောသည်။

**ယာယီပိတ်ထားခဲ့**

ယခင်က ပုဂံ ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားစေတီပုထိုးများအား ကိုဗစ်-၁၉ ရောဂါကြောင့် လူစုလူဝေးမဖြစ်စေရေးအတွက် ဘုရားဖူးမြော်ခွင့်ကို ယာယီပိတ်ထားခဲ့ပြီး ယခုအခါ ပြည်တွင်း၊ ပြည်ပ ဘုရားဖူး ခရီးသွားဧည့်သည်များ ပြန်လည်ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ယနေ့ နံနက်ပိုင်းကစတင်၍ ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## ကြေးမုံ ယနေ့ ဖတ်စရာ


**ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်**

စာမျက်နှာ » ၁၀

**ဟီရိုရှီးမားငြိမ်းချမ်းရေးအထိမ်းအမှတ်ပြတိုက် ပြန်လည်ဖွင့်လှစ်**

စာမျက်နှာ » ၁၁

**အိန္ဒိယနိုင်ငံ၌ ရေခဲတောင်ပြိုကျမှုကြောင့် သေဆုံးသူ ၁၄ ဦးအထိ ရှိလာပြီး ၂၀၀ ကျော် ပျောက်ဆုံးနေ**

စာမျက်နှာ » ၁၂

**တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များ၌ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ အရ အမိန့်ထုတ်ပြန်**

စာမျက်နှာ » ၂၀


# မော်လိုက်ခရိုင် ပြည်သူ့အားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်



**မော်လိုက် ဖေဖော်ဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် ပြည်သူ့အားကစားကွင်းအား အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေဖြင့် အားကစားကွင်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဖေဖော်ဝါရီလ ပထမပတ်မှစတင်၍ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်ထံမှ သိရသည်။

မော်လိုက်မြို့နယ် ပြည်သူ့အားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပြီး ဘောလုံးကွင်းမြေပြင်ခြင်းလုပ်ငန်း၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့ ●**